www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

■ စာမူခွင့်ပြုချက်အမှတ်

၅၀၀၀၀၃၀၁၀၉

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၅၅၈၀၅၀၉

■ မျက်နှာဖုံးဒီဇိုင်း

စောမင်းအဝ

■ စာမျက်နှာဖွဲ့စည်းမှု

မြစ်ခွဲစုစင်းကွန်ပျူတာ

■ ထုတ်ဝေသူ

ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)

၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ ပုံနှိပ်သူ

ဒေါ်မြမြကြွေ(၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊
အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်။

ပုံနှိပ်ခြင်း – ပထမအကြိမ်
ထုတ်ဝေခြင်း – ဩဂုတ်လ၊ ၂၀၀၉
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၃၀၀

၈၉၅.၈၃

ညီနောင်

ညီညီကလေးညာ / ညီနောင်။ ရန်ကုန် ၊
ယုံကြည်ချက်စာပေ၊ ဩဂုတ်၊ ၂၀၀၉။
၁၇၀ စာ၊ ၁၃ x ၂၀ စင်တီ။
(၁) ညီညီကလေး ညာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

'ဟော့ကောင် … မင်း … မင်း'

မြို့နယ်တရားသူကြီး ဦးခင်မောင်က စည်သူကိုမြင်သည်နှင့် အင်္ကျီပြိုင်ပိုင်ပေါ်က ကျလာသော ဂြိုဟ်သားတစ်ယောက် သူ့ရုံးခန်း ဝင်လာတာမြင်ရသလို မျက်လုံးကြီးတွေပြူးကာ အထစ်ထစ် ငေါ့ဖြင့် စကားပြောဖို့ ကြိုးစား၏။ သို့သော် မည်သည့်စကား ထွက်မလာဘဲ 'ဟော့ကောင် … မင်း … မင်း …'ဆိုတာနှင့်ပဲ ဆောင် ၏။

စည်သူကတော့ ခပ်ပြုံးပြုံးမျက်နှာပေးနှင့်ပင် ဆက်လှမ်း ၏။ သူ့နံဘေးမှာ အတူယှဉ်တွဲ၍ ပါလာတာက အချောစား၊ အလှစား အပုံစား 'ရှယ်'တောင်မှ ရိုးရိုးဖဟုတ်သော'ဗွတ်ရှယ်'ထဲကလို့ ဆို နိုင်သည့် မိန်းမချောလေးတစ်ယောက်ဖြစ်သည်။ ထိုကောင်မလေးကို ဦးခင်မောင် မမြင်ဖူးချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခေါင်းငုံ့ခဲ့သော မျက်နှာစိမ်းကောင်မလေးနှင့် ဟွဲဝင်သည့်ကိုမြင်၍ ဦးခင်မောင် မျက်လုံးပြူးကာ အံ့အားသင့်သွားခြင်း ဖြစ်သည်။

စည်သူနှင့် ထိုကောင်မလေးတို့သည် ဆက်လှမ်းလျှောက်လာကာ ဦးခင်မောင်၏ စားပွဲရှေ့မှ ကုလားထိုင်များတွင် ဝင်ထိုင်ကြသည်။

'အန်ကယ်… ကျွန်တော်နဲ့ သူနဲ့ လက်ထပ်ကြမလို့'

'ဟော…'

'အဲဒီကိစ္စအတွက် ဆောင်ရွက်ပေးပါ'

'အံမာကွာ…'

'လိုအပ်တဲ့ စာချုပ်စာတမ်းတွေ အပြီးအစီး ဆောင်ရွက်ပြီး အခု တစ်ပါတည်း ယူလာခဲ့တယ်'

'ဟောဗျာ…'

'ကျွန်တော်တို့နှစ်ယောက်က နှစ်ဦးသဘောတူ လက်ထပ်ကြမှာဆိုတော့ အန်ကယ်အနေနဲ့ ဝတ္တရားရှိတဲ့အတိုင်း သူ့ကို မေးနိုင်မြန်း နိုင်ပါတယ်'

'ဟုတ်ရဲ့လားကွာ'

ဦးခင်မောင် ချေးစို့ချင်သလိုလို ဖြစ်လာသည်။

တစ်ဆက်တည်းပင် စည်သူနှင့်ကောင်မလေးတို့၏ မျက်နှာ တစ်လှည့်စီ ကြည့်ရှုအကဲခတ်လိုက်သေးသည်။ ပုံစံတွေက ခပ်တည်တည်တွေပင်။ ကောင်မလေးကလည်း ကျေနပ် သဘောကျပုံရသည့် မျက်နှာထားမျိုးဖြစ်သည်။

ဦးခင်မောင်က စည်သူ ကမ်းပေးလာသည့် လက်ထပ်စာချုပ် များကို ငုံ့ဖတ်ကြည့်လိုက်သည်။ လိုအပ်သည့် အချက်အလက်အားလုံး ပြီးပြည့်စုံ၏။ ကွန်ပျူတာစာစီထားသည့် စာကြောင်းတွေက နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



သဘောတူ ကျေနပ်စွာ လက်ထပ်ကြကြောင်း ဖော်ပြထားသည်။

အောက်ခြေမှာ လက်ထပ်သူနှစ်ယောက် လက်မှတ်ကိုယ်စီ ထိုးကြရုံပင် ရှိတော့သည်။

သူကိုယ်တိုင်ကမူ လက်ထပ်ခြင်းကိစ္စအတွက် ဆောင်ရွက် ပေးသည့် တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့ကြောင်း လက်မှတ်ထိုး လိုက်ရုံပင်။ စာချုပ်တွေ လက်ထဲရောက်နေပြီ ဖြစ်ပေမည့် ဦးခင်မောင် ယုံကြည်နိုင်သေး။

စိတ်ထဲမှာ ဇဝေဇဝါနှင့် အီလည်လည်ကြီး ဖြစ်နေသည်။ ဘယ့်နှယ်တုန်းဟ။ ဘာတွေ ဖြစ်ကုန်ပြီလဲ၊ ဒီကောင်မလေးက စည်သူ့ ကောင်မလေးမှ မဟုတ်တာဘဲ။ ဆိုရလျှင် တစ်ခါမှတောင် မမြင်ဖူးခဲ့။ အခု သူ့ဆီ ရောက်လာကြကာ လက်ထပ်ကြပါတော့မည်ဟု ပြောလာ သော့မှ စတင်မြင်ဖူးရခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဦးခင်မောင်မှာ မအီမလည်ဖြစ်နေမိရခြင်းပင်။

'ဟုတ်··· မဟုတ်··· သိချင်ရင် အန်ကယ်ကိုယ်တိုင် မေး ကြည့်လေ'

စည်သူက ခပ်တည်တည်ပင် ပြော၏။

'ဒါဖြင့်··· အသိသက်သေတွေကရောကွာ···'

'အန်ကယ့်ရုံးက လူကြီးတချို့ကို ခေါ်ထည့်ပေးရင် အဆင် ပြေသွားမှာပါ အန်ကယ်ရာ'

အောင်မယ် လာလာချေသေး။

သူ့ရုံးက လူတချို့ကိုပါ လုပ်အားပေး အကူခေါ်ရဦးမည် တဲ့···။

အရပ်ကူပါ လူဝိုင်းပါဆိုသည့် အချိုးမျိုး ဖြစ်သည်။ ဦးခင် မောင်၏ စိတ်ထဲတွင်တော့ အနည်းငယ် ရှုစိရှုစိဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေဦးဟာ… စည်သူရ၊' မင်းက ဒီကောင်မလေးကို လက်ထပ်တော့မှာဆိုတော့ နဂိုလက်ရှိရည်းစားကို ဘယ်ချောင်ကြားထိုးထားခဲ့မှာတုန်း…'ဟု ကောက်မေးလိုက်ချင်နေ၏။

သို့ပေမည့် လတ်တလောမှာ စည်သူနှင့် အတူပါလာသော ကောင်မလေး၏မျက်နှာက ရှိနေသဖြင့် ပြောချင် မေးချင်စိတ်ကို မနည်းထိန်းချုပ်ထားနေရသည်။

ဟုတ်တယ်။ ဒီကောင်မလေးသိသွားလို့ ပြဿနာတွေ ထတက်ကုန်ရင် ငါလည်း ရှင်းတတ်မှာ မဟုတ်ဘူးဟု သူ့ကိုယ်သူ သတိပေးနေမိ၏။

ဦးခင်မောင်က အကြောင်းသိနေသည်။ စည်သူသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်သော်လည်း လူရှုပ်လူပွေတစ်ယောက်တော့ မဟုတ်။ ကောင်မလေးတွေနှင့် ပွေသည် ရှုပ်သည်ဟုလည်း မကြားဖူးခဲ့။ မကြားဖူးခဲ့ပေမယ့် အခုမြင်နေရတာကြီးကျတော့လည်း မဟုတ်သေးဟု ထင်သည်။

'အဟမ်း… အင်း… အဲ… ဝတ္တရားရှိတဲ့အတိုင်းတော့ မေးရဦးမှာပေါ့လေ၊ ဒီက မိန်းကလေးကိုပဲ မေးရမှာပဲ၊ မှန်းစမ်း… မိန်းကလေးနာမည်က…'

ဦးခင်မောင် စာချုပ်ပေါ်ကို ပြန်ငုံ့ကြည့်ပြီး မိန်းကလေး၏ နာမည်ကို ရှာကြည့်မည် ကြံဆဲမှာပင် ကောင်မလေးထံမှ ဖြေကြားသံ ထွက်လာသည်။

'နဒီမေပါ အန်ကယ်…၊ မနဒီမေပါ'

ဟုတ်၏။ လက်ထပ်စာချုပ်ထဲမှာလည်း 'နဒီမေ'ဟု ထင်ရှား ရိုက်ထား၏။ နာမည်နောက်မှာ ရရှိထားသော ဘွဲ့ကို ကွင်းစကွင်းပိတ် ဖြင့်ပင် ဖော်ပြထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲ… အဲ… ဟုတ်ပါပြီ၊ ဒီတော့ အန်ကယ် မေးဦးမယ်'

'မေးပါရှင်…'

'မနဒီမေအနေနဲ့ မောင်စည်သူနဲ့ လက်ထပ်ဖို့ကိစ္စကို သဘောတူရဲ့လား'

ကောင်မလေးက ပြုံးပြုံးလေး ခေါင်းညိတ်ပြ၏။

မွေးသက္ကရာဇ်အရ အသက်ပြည့်ပြီးဖြစ်၍ အသက်အပိုင်းအခြားကိစ္စအတွက်တော့ ပြဿနာမရှိ ထည့်မေးစရာမလို။

'ဒီနေရာမှာ သူနဲ့ လက်ထပ်ဖို့ မောင်စည်သူက ဖြားယောင်းသွေးဆောင်မှုများ ရှိခဲ့သလား'

'မရှိပါဘူးရှင်'

'ဒါဆိုရင် အတင်းအကျပ် ခြိမ်းခြောက်တာမျိုးရော ရှိခဲ့သလား'

'မရှိပါဘူးရှင်'

'ဒါဖြင့် မနဒီမေရဲ့သဘောတူညီမှုနဲ့ လက်ထပ်ခွင့်ပြုခဲ့တယ်ပေါ့'

အတော်လျှာရှည်ရန်ကောဟု သဘောပိုက်လေသလား မပြောတတ်။ နဒီမေဆိုသော သူငယ်မက ပွဲသိမ်းစဂ-ားကို ခပ်ပြုံးပြုံးပင် ပြောလိုက်လေသည်။

'ဟုတ်ကဲ့… ကျွန်မကို လာခိုးဖို့ ကျွန်မကိုယ်တိုင်က တောင်းဆိုပြီး သူ့ကို ချိန်းဆိုခဲ့တာပါ…

ကျွန်မဆုံးဖြတ်ချက်နဲ့ ကျွန်မ ကိုစည်သူနောက်ကို ခိုးရာလိုက်ခဲ့တာပါ၊ ပြီးမှ ကျွန်မတို့နှစ်ဦးသဘောတူ ညှိနှိုင်းတိုင်ပင်ပြီးလက်ထပ်ကြဖို့ ဦးတို့ရုံးမှာ တရားဝင်လာဆောင်ရွက်ကြတာပါရှင်'

ကိုင်း… ပြီးပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင် ဘာမှ ဆက်ပြောရန်မလိုအပ်တော့။ ကာယကံရှင် မိန်းကလေးကိုယ်တိုင်က ဖွင့်ဟဝန်ခံပြီးပြီ ဆိုမှတော့ သူ့ဘက်က ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလိုက်ရုံသာ ရှိပေတော့သည်။

'မောင်ထူးရေ… ကိုမြဟာန်တို့ လေးယောက်အဖွဲ့ကို ငါ့ဆီ လွှတ်လိုက်စမ်းဟေ့၊ လက်ထပ်စာချုပ်ကလေးတစ်ခုမှာ သက်သေ လက်မှတ်ထိုးပေးဖို့လို့…'

ရုံးလုလင်ကလေးကို လှမ်းအော်ပြောလိုက်ပြီးနောက် ဦးခင် မောင် သက်ပြင်းပူကြီးကို ခိုးချလိုက်သည်။ ထို့နောက် တစ်ခွန်းမေး၏

'ဒါနဲ့ မောင်စည်သူ… ဒီကိစ္စကို မင်းမိဘတွေရော သိပြီး ကြပြီလား'

'သိသွားကြမှာပါ အန်ကယ်၊ ကျွန်တော်က ဒီက လက်ထပ် ပြီးရင် သူ့ကို အိမ်ကိုပဲခေါ်သွားရမှာကိုး'

ဒီလိုဆိုတော့ အခုလက်ထပ်ကြချိန်ထိတော့ အိမ်က မိဘတွေ မသိကြသေးပါဘူးဆိုသော အဓိပ္ပာယ်ကို ရ၏။ ဦးခင်မောင်က သူ့ရှေ့ စားပွဲပေါ်ရှိ လက်ထပ်စာချုပ်တွေကို စိတ်မပါ‌ကြသာစွာ ငုံ့ကြည့်လိုက် သည်။ တကယ်တော့ ဒါတွေသည် လက်ထပ်စာချုပ်တွေ မဟုတ်၊ ရောမယမ်းအိုးကြီးတွေဟု မြင်နေသည်။ သူတို့ လက်မှတ်ထိုးကြ ပြီးသည်နှင့် ထိုယမ်းအိုးကြီးတွေက မီးထပေါက်ဖို့ သေချာသလောက် ရှိသည်။

စည်သူ၏မိဘတွေ သိသွားကြပြီဆိုလျှင် ကြားက ဆောင် ရွက်ပေးလိုက်သော သူ့ကို အပြစ်များတင်ကြလေမလား မပြောတတ်။

ထိုအချိန်မှာပင် အသိသက်သေအဖြစ် ကူညီလက်မှတ်ထိုး ပေးကြမည့် ရုံးအဖွဲ့မှ ကိုမြဟာန်တို့အုပ်စု ဝင်လာသည်။ ဝင်လာက တည်းက တောင်းဆိုသံနှင့်အတူ ဝင်လာကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လက်ထပ်စာချုပ် သက်သေလက်မှတ် ထိုးရမှာဆို၊ မင်္ဂလာပဲ ဟော့… တို့အဖွဲ့ကတော့ လက်ဖက်ရည်နဲ့ မုန့်လောက်ဆိုရင် ကျေနပ်ပြီ'

'အာ… တိုက်ရ၊ ကျွေးရမှာပေါ့ ခင်ဗျာ၊ ဒါက သတို့သား ဘဝနဲ့ပဲ၊ ရတယ်၊ လက်ဖက်ရည် အဝသောက်၊ မုန့် အဝစား'

စည်သူက ရင်းနှီးစွာအော်ပြောလိုက်တော့ ဦးမြဟန်က အသံကို မှတ်မိသွားကာ မျက်လုံးပြူးသွား၏။

'ဟင်… သတို့သားက မောင်စည်သူလား… ဟော… ဟော့ကောင်… မင်း… မင်း…'

စည်သူကို မျက်နှာငုံ့ကြည့်ရင်း ဦးမြဟန်ကလည်း ဦးခင်မောင်ကဲ့သို့ အထစ် အထစ်ဖြင့် လုပ်လာပြန်၏။ ပြီးနောက် ဦးခင်မောင်ကို တစ်ချက်လှမ်းကြည့်သည်။

'ကျွန်တော်တို့က သူတို့အတွက် သက်သေလက်မှတ်ထိုးပေးရမှာလား'

ဆုတ်ဆိုင်းဆိုင်းလေသံဖြင့် မေးသည်။

ဦးခင်မောင်က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်၏။

'အေး… သူခိုးသောဖော်ညှိတာလေကွာ၊ ငါတစ်ယောက်တည်း လက်မှတ်ထိုးတာနဲ့စာရင် မင်းတို့ပါ ပူးတွဲပါတော့ နည်းနည်းသာသေးတာပေါ့'

'ဟိုက်…'

ဦးမြဟန်တို့တစ်ဖွဲ့လုံး သူတို့နဖူး သူတို့လက်ဝါးနှင့် ရိုက်လိုက်ကြသည်ကို မြင်ရတော့ စည်သူက ပြုံး၏။

'ကဲ… ကဲ… ကြာတယ်… ကြာတယ်၊ ကျွန်တော်တို့မှာ ဆက်ရမယ့် အလုပ်တွေကရှိသေးတယ်၊ ကျေနပ်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



မေးပြီးရင် လုပ်စရာရှိတာ ဆက်လုပ်ပေးကြပေတော့’

‘မှန်လှပါ… အရှင့်သား ဘုန်းတော်ကြောင့် အခုပဲ ပြီးရပါစေမယ် ကိုယ်တော်’

ဦးခင်မောင်က အငေါ်တူးသည့် လေသံဖြင့်ပြော၏။

ပြီးနောက် စည်သူနှင့် နဒီမေတို့ကို စာချုပ်တွေပေါ်မှာ လက်မှတ်ကိုယ်စီထိုးခိုင်းလိုက်သည်။ စည်သူတို့ကလည်း ခပ်တည်တည်ပင် လက်မှတ်ထိုးလိုက်ကြ၏။

ပြီးသည်နှင့် သက်သေလက်မှတ်ထိုးကြမည့် ဦးမြဟန်တို့အဖွဲ့ဆီ စာချုပ်တွေ ကမ်းလိုက်သည်။ ဦးမြဟန်တို့အဖွဲ့ လက်မှတ်ထိုးကြပြန်သည်။

နောက်ဆုံးလက်မှတ်ထိုးသူက ဦးခင်မောင်ကိုယ်တိုင်ပင်ဖြစ်သည်။ တရားသူကြီး လက်မှတ်ထိုးပြီးသည်နှင့် ရုံးတံဆိပ်ကို ဒုံးခနဲ ဒုံးခနဲထုလိုက်သည်။

‘ကဲ… ခုအချိန်ကစပြီး ပြဿနာတက်ကြပေတော့၊ အဲလေ မောင်စည်သူနဲ့ နဒီမေတို့ဟာ တရားဝင် အကြင်လင်မယားဖြစ်သွားကြပါပြီ’

‘ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ် တရားသူကြီးမင်းခင်ဗျား’

‘ဒါဖြင့်လည်း ကိုယ့်အရှုပ်ထုပ်ကြီးကို မပြီး ပြန်ကြပေတော့၊ အဲ… အဲ… မောင်စည်သူတို့ ပြန်နိုင်ကြပါပြီကွာ’

ပြောပြီးသည်နှင့် ဦးခင်မောင်က နဖူးထက်မှ ချွေးစို့နေသည်တို့ကို လက်ကိုင်ပဝါဖြင့် သုတ်၏။ စည်သူက လက်ထပ်စာချုပ်တွေကို ကောင်မလေးလက်သို့ ထိုးပေးလိုက်သည်။ ကောင်မလေးက စာချုပ်နှစ်စောင်ကို စလင်းဘတ်ထဲ သေသေချာချာခေါက်ထည့်၏။

နှစ်ယောက်သား ကုလားထိုင်များမှ ထအရုပ်တွင် စည်သူက

www.burmeseclassic.com



ခါးကြားမှာ ထိုးထားသည့် ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်၏။ ခင်ဆွဲဖွင့်ကာ တစ်ထောင်တန်တစ်ထပ်ကို ဆွဲနုတ်ယူလိုက်ရင်း ပြော၏။

'ကဲ… သက်သေလက်မှတ်ထိုးပေးတဲ့ ဦးမြဟန်တို့အဖွဲ့အတွက် သတို့သား သတို့သမီးတို့က လက်ဖက်ရည်နဲ့ မုန့်အစားသောက်ကြဖို့ မင်္ဂလာဒါနပြုတာပါ ခင်ဗျာ'

တစ်ထောင်တန်တစ်ထပ်ကို စားပွဲပေါ် ချပေးလိုက်ရင်း ပြောလိုက်တော့ ဦးမြဟန်က လက်ဝါးကာပြ၏။ စားပွဲပေါ်မှ တစ်ထောင်တန်အထပ်ကို အဆိပ်ရှိ သတ္တဝါတစ်ကောင်အလား ငုံ့ကြည့်၏။ သူ့အကြည့်က ရွံကြောက်ကြီးဆိုသော အကြည့်မျိုးဖြစ်သည်။ ပြီးနောက် ခေါ်သွားဖြဲ ပြော၏။

'နေ… နေပါစေ မောင်စည်သူ၊ ငါတို့ ဆားနဲ့ပဲ စားပါရစေတော့ကွာ၊ ပြန်… ပြန်ယူပါ၊ မ… မလိုပါဘူး၊ ဟီး… ဟီး…'

'ဒါဖြင့် တရားသူကြီးမင်းအတွက် ဒါနပြု…'

စည်သူ စကားပင်မဆုံးလိုက်…

ဦးခင်မောင်က ပျာပျာသလဲ ဖြတ်၍ အမြန်ဖြေသည်။

'သောက်… သောက်ပြီးပါပြီ မောင်စည်သူ၊ ပြန်ထည့်သွားပါကွယ်၊ ကျေးဇူးတင်ပါတယ်'

'မဟုတ်သေးပါဘူး… အန်ကယ်ရယ်၊ အခုသောက်ပြီးပြီဆိုရင်လည်း နေ့ခင်းပိုင်းကျမှ ထွက်သောက်ကြ စားကြတာပေါ့၊ ထားခဲ့ပါရစေ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ'

'ကွ… ကွ… အဲ… အဲလေ… ကောင်းပါပြီ မောင်စည်သူ'

စည်သူက နဒီမေ့ကို တစ်ချက်လှည့်ကြည့်ပြီး ခေါင်းတစ်ချက် ဆတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'သွားကြစို့'ဆိုသည့် သဘော။

နဒီမေက ပြုံးပြုံးကလေး ခေါင်းညိတ်၏။

စည်သူက တရားသူကြီး ဦးခင်မောင်အပါအဝင် ရုံးတစ်ဖွဲ့လုံးကို နှုတ်ဆက်သလို အားလုံးမျက်နှာတွေကို ဝေ့ကြည့်လိုက်လေသည်။

ပြီးနောက် နဒီမေနှင့်အတူ ရုံးခန်းထဲမှ ပြန်ထွက်ခွာသွားတော့၏။ ရုံးအဖွဲ့သည် ဂူးခနဲ လေပူကြီးများ မှုတ်ထုတ်ကြရင်း ကျန်ရစ်၏။

'အင်း… ဒီကိစ္စကို ဘိုးတော် သိသွားရင်တော့ ကျွန်တော်တို့အဖွဲ့ကို လာပူတော့မယ် ထင်တယ် ဆရာ'

ဦးမြဟန်၏ အသံက စိုးရိမ်တကြီးအသံ။

'မတတ်နိုင်ဘူးဟေ့… ငါတို့ကို ဂြိုဟ်ဝင်ချင်လို့ ဖုတ်သွင်းရထားလာဆိုက်တာ အောက်မေ့ကြပေတော့၊ ဒီကောင် ဘာတွေလျှောက်လုပ်လာတယ်မသိဘူး'

ဦးခင်မောင်၏ 'လာမယ့်ဘေး၊ ပြေးတွေ့ကြတာပေါ့'ဟု တပ်ထောင်ကာ လူစုသည့်အသံ…

တစ်နည်းအားဖြင့် သူခိုးသေဖော်ညှိသံ။

ထိုစကားသံတွေကို စည်သူရော နဒီမေပါ ကြားလိုက်ကြရ၏။ ရုံးရှေ့ရောက်တော့ အသင့်ရပ်ထားသော ကားကလေးပေါ်သို့ တက်လိုက်ကြသည်။ နဒီမေက ပြော၏။

'ကိုစည်သူက ရုံးအဖွဲ့နဲ့ တော်တော်ခင်တယ်နော်'

'အင်း… ခင်တယ် မနဒီ'

'ဒါပေမဲ့… သူတို့ကို ကြည့်ရတာ တစ်ခုခုကို ထိတ်လန့်နေကြသလိုကြီး ဖြစ်နေသလားလို့'

'ဘာမှ မစိုးရိမ်ပါနဲ့ မနဒီ၊ အရေးကြီးတာက လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဘချုပ်မှာ တရားဝင် လက်မှတ်ထိုးဖြစ်ကြဖို့ပဲဥစ္စာ၊ အခု အဲဒီကိစ္စပြီး သွားပြီလေ၊ ဟို… ရုံးအဖွဲ့ကလူတွေက ဘိုးတော်က လာပွက်မှာကို စိုးရိမ်နေကြတာပါ'

'ဘိုးတော် ဆိုတာက…'

'ဘိုးတော် ဆိုတာက… ကျွန်တော့်အဖေကိုပြောတာ၊ ရုံးအဖွဲ့က အားလုံး အဖေ့တပည့်တွေကြီးပဲ၊ အဖေက အငြိမ်းစားမယူခင် တစ်လျှောက်လုံး ဒီမှာပဲ တရားသူကြီး အကြီးအမှူးလုပ်ခဲ့တာလေ၊ ဒါကြောင့် ရုံးအဖွဲ့နဲ့ ကျွန်တော်နဲ့က မနိုင်ရင်တောင် ခင်မင်နေကြတာ ပေါ့'

'ဪ… ဒါကြောင့်ကိုး'

'ဟုတ်တယ်… အနေအထားအရ ဒီရုံးက ကျွန်တော်အတွက် 'အိမ်ကွင်း' ပဲ၊ ဘောလုံးစကားနဲ့ပြောရရင် အိမ်ကွင်းမှာကန်ရတော့ အားရှိတာပေါ့၊ ဒါကြောင့်… ဒီရုံးကိုပဲ ရွေးချယ်လိုက်ရတာ၊ ဘာမှ စိတ်မပူပါနဲ့၊ ခုအချိန်ကစပြီး အားလုံးအဆင်ပြေသွားပြီလို့သာ သဘော ထားလိုက်ပေတော့'

နဒီမေ၏ အပြုံးကို မြင်ရသည်။ သူမအပြုံးက 'ခုမှပဲ စိတ် အေးသွားရတယ်' ဆိုသော အဓိပ္ပာယ်ထွက်၏။

'ကဲ… သွားကြစို့ မနဒီ'

'ဘယ်ကိုလဲ…'

'ကျွန်တော့်အိမ်ကိုပေါ့…'

စကားအဆုံးမှာပင် စည်သူက ကားစက်ကို နှိုးလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ဆင်ဝင်အောက်သို့ ကားကို ထိုးရပ်လိုက်သည်။

ပြီးမှ စည်သူက သူ့ဘက်မှ တံခါးကိုဖွင့်ကာ ဆင်းလာသည်။

နဒီမေကလည်း သူမဘက်မှတံခါးကို ဖွင့်ဆင်းလာသည်။

'ကဲ… လာ၊ မနဒီ…'

နဒီမေက ကားဘေးတွင်ရပ်ရင်း သူမဝင်ရောက်ရမည့် တိုက်ပုကလေး၏ အတွင်းဘက်ဆီသို့ လှမ်းကြည့်နေသဖြင့် စည်သူက ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

'ကဲ… လာ… မနဒီ'

နဒီမေက ကားဘေးတွင် ရပ်ရင်း သူမ ဝင်ရောက်ရမည့် တိုက်ပုကလေး၏ အတွင်းဘက်ဆီသို့ လှမ်းကြည့်နေသဖြင့် စည်သူက ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကလေးက ရှေ့ဘက်တွင် ပုပုပြားပြားတစ်ထပ်ဖြစ်သော်လည်း နောက်ပိုင်းမှာကျတော့ နှစ်ထပ်ဖြစ်သည်။ ခေတ်မီပုံစံဖြင့် တည်ဆောက်ထားသည်။

စည်သူက ရှေ့ကဝင်လိုက်တော့ နဒီမေက နောက်က ကပ်လိုက်လာသည်။

ဧည့်ခန်းဖြစ်ဟန်တူသော ရှေ့ဘက်ခန်းဘက်မှာတော့ လူသူ တင်းရှင်းနေသည်။ ဧည့်ခန်းကျယ်၏ အဆုံးစွန်တွင် အပေါ်ထပ်သို့ တက်ရန်လှေကားကို တွေ့ရသည်။ တောက်ပြောင်လှပသော လှေကား ၏နံဘေးတွင် ဇတီးလက်ကိုင်တန်းကို လှပခေတ်မီစွာ တပ်ဆင်ထား သည်။

'လာ… မနဒီ…၊ အပေါ်ထပ်ကိုပဲ တစ်ခါတည်း သွားကြရ အောင်'

သူတို့နှစ်ယောက် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ စည်သူက တံခါးပိတ်ထားသော အခန်းတစ်ခုရှေ့တွင် ရပ်လိုက်ပြီး ကျွန်းသား ဒန်းကွက်ဖော် တံခါးရွက်ကို ခေါက်လိုက်သည်။

'မေထားရေ… မေထား၊ တံခါးလာဖွင့်စမ်းဟေ့…'

'လာပြီ… လာပြီ… ကိုကြီး'

အတွင်းမှ ပြန်ပြောလိုက်သော စကားသံနှင့်အတူ တံခါးရွက် ပွင့်သွားသည်။

'ကိုကြီး… ဘယ်သွားနေ… ဟင်…'

တံခါးပွင့်ပွင့်ချင်း အခန်းထဲမှ ကောင်မလေးတစ်ယောက်၏ တစ်ဝက်တပြက်စကားသံ ထွက်လာ၏။ တစ်ဝက်တပြက်နှင့် စကား သံ ရပ်သွားသည်က အခြားကြောင့်မဟုတ်၊ စည်သူ့နောက်မှာကပ် လျက်ပါလာသည့် နဒီမေကို မြင်လိုက်ရ၍ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကတော့ စည်သူနှင့် ခပ်ဆင်ဆင်တူသည်။ မောင်နှမပါဟု ထုတ်ပြောစရာမလိုသည့် ရုပ်ရည်ဖြစ်သည်။ စည်သူ၏ ညီမငယ်သာဖြစ်ကြောင်း နဒီမေ ချက်ချင်းသိလိုက်သည်။

'လာ… မနဒီ'

စည်သူက နဒီမေ့ကို လှည့်ပြောလိုက်ရင်း အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ မေထားဆိုသည့် ကောင်မလေးကလည်း တံခါးရွက်ကို ပြန်စေ့လိုက်ပြီး အခန်းထဲသို့ ပြန်လိုက်ဝင်လာသည်။

အခန်းကတော့ အပျိုခန်း ပီသသည်။ တစ်ယောက်အိပ်ခုတင် နှစ်လုံးရှိသည်။ တစ်လုံးက အလွတ်။ မည်သည့်အိပ်ရာမှ ခင်းမထား။ ထိုလွတ်နေသည့် ခုတင်ပေါ်တွင် စာအုပ်စာတန်းတွေသာ တင်ထား၏။ အိပ်ရာခင်းထားသည့် ခုတင်နံဘေးကပ်လျက်တွင် မှန်တင်ခုံ ရှိသည်။ နှစ်ပေခန့် အလျားရှည်သော ကြည့်မှန်၊ ရှေ့ဘက်ပြင်ညီစားပွဲပေါ်တွင် ခေတ်ပေါ်အလှပြင်ပစ္စည်းတွေ၊ ရေမွှေးပုလင်းတွေ စုံလင်အောင် တင်ထားသည်။ အိပ်ခန်းထောင့်တွင် ကြီးမားသော အဝတ်ဗီရိုကြီး ရှိသည်။

စည်သူက မှန်တင်ခုံရှေ့ဘက်ရှိ ဆိုဖာထိုင်ခုံဝိုင်းကလေးကို ဆွဲယူလိုက်ကာ…

'ကဲ… မနဒီ၊ အဲဒီမှာထိုင်'

နဒီမေ ဝင်ထိုင်သည်။

'ငါ အောက်ထပ်မှာ တစ်ယောက်မှ မတွေ့ခဲ့ဘူး၊ ဖေကြီးတို့ မေကြီးတို့ ဘယ်သွားကြသလဲ မေထား'

'ဘုရားသွားမယ် ပြောကြတာပဲ ကိုကြီး'

'အေး… အဲဒါကောင်းတယ်၊ ဒါမှ ပြောစရာရှိတာတွေ အေးအေးဆေးဆေး ပြောနိုင်မှာ'

www.burmeseclassic.com

www.burmeseclassic.com



စည်သူက ကျေနပ်စွာပြောသည်။

'ဒါနဲ့… ကိုကြီး…သူ… သူက…'

ခင်ထားက သူမ၏ အိပ်ရာခုတင်ပေါ်၌ ဝင်ထိုင်လိုက်ရင်း နဒီမေကို မျက်လုံးပြူးကလေးနှင့် ကြည့်ကာ မေး၏။

'အေး… ငါ ပြောပြမယ်လေ၊ နင်က ငါနဲ့အတူလိုက်လုပ်ရင်း နားထောင်၊ လောလောဆယ် ဒီဘက်ခုတင်ပေါ်က စာအုပ်စာတန်းတွေကို ပိုဘေးက ဗီရိုနားက နေရာလွတ်ကို ရွှေ့ပုံစမ်း'

စည်သူက ပြောပြောဆိုဆိုနှင့် ခုတင်ပေါ်က စာအုပ်တွေကို ဘီရိုနံဘေးသို့ အထပ်လိုက် အထပ်လိုက် နေရာရွှေ့သည်။ ထို့ကြောင့် မေထားလည်း နိုင်သလောက် မကာရွှေ့လိုက်သည်။

နဒီမေက သွက်သည်။ စည်သူတို့မောင်နှမ စာအုပ်တွေရွှေ့တာမြင်သည်နှင့် သူမလည်း ထိုင်ရာမှထကာ လိုက်ကူရွှေ့သည်။ စည်သူက စာအုပ်တွေ ရွှေ့နေရင်းကပြောသည်။

'သူ့နာမည်က မနဒီမေတဲ့ ဟ…'

'အင်း…'

'အဲဒါ… သူက ဒီမှာ နင်နဲ့ အတူတူနေရလိမ့်မယ်၊ အခု ငါတို့ စာအုပ်တွေ ရွှေ့နေတဲ့ ခုတင်ပေါ်မှာပဲ နေရာချထားပေးရလိမ့်မယ်'

'ရတယ်လေ၊ အခင်း၊ စောင်၊ မွေ့ယာ၊ ခေါင်းအုံး၊ခြင်ထောင်၊ အိပ်ရာတစ်စုံစာ အသစ်ဂ[illegible] ပြင်ဆင်ရုံပေါ့'

'ဒါတင်မကသေး[illegible] လောလောဆယ်မှာ နင့်အဝတ်အစားထဲက နှစ်စုံသုံးစုံထုတ်ပေး[illegible]ဦး၊ သူမှာ အပိုဝတ်စုံပါလာဘူး၊ အဝတ်တစ်ထည် ကိုယ်[illegible]…

'အင်းလေ… ဒါလည်း ရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား တက်ညီလက်ညီဖြင့် ရှင်းလင်းပြင်ဆင်လိုက်ကြရာ ဆယ်မိနစ်လောက် အတွင်းမှာပင် နဒီမေအတွက် အိပ်စရာနေရာ ပြင်ဆင်ပြီး ဖြစ်သွား၏။

ဒီတော့မှ အမောဖြေရင်း ထိုင်လိုက်ကြသည်။

နဒီမေက သူမအတွက် ပြင်ဆင်လိုက်သော ခုတင်မှာ ဝင်ထိုင်သည်။ မေထားက မူလခုတင် အိပ်ရာဘက်မှာ ဝင်ထိုင်သည်။ ကြားက မှန်တင်ခုံရှေ့က ဆိုဖာခုံဝိုင်းကလေးမှာ စည်သူကဝင်ထိုင်သည်။ အဲဒီတော့မှ မေထားက စကားစသည်။

'ဒါနဲ့… နေပါဦး ကိုကြီးရဲ့… ဒီ… မနဒီမေက'

စည်သူက ပြုံး၍ နဒီမေ၏ စလင်းဘတ်ကို ပုတ်ပြလိုက်သည်။ နဒီမေက လျှဉ်ပါသည်။

ချက်ချင်းပင် စလင်းဘတ်အိတ်၏ဇစ်ကို ဆွဲဖွင့်ကာ အတွင်းမှ လက်ထပ်စာချုပ် အခေါက်ကလေးတွေကို ဆွဲထုတ်ပြီး မေထားလက်သို့ ကမ်းပေးလိုက်သည်။

မေထားက ဘုမသိ ဘမသိဖြင့် ဆွဲယူကာ စာချုပ်အခေါက်ကလေးတွေကို ဖြန့်လိုက်သည်။

'ဟောတော့…'

'နှစ်ဦးသဘောတူ လက်ထပ်စာချုပ်' ဟူသော စာတန်းကလေးကို မြင်လိုက်သည်နှင့် မေထားနှုတ်ဖျားမှ အာမေဍိတ်သံတစ်သံ ခုန်ချသွားသည်။ သူမ အလောတကြီး ဆက်ဖတ်သည်။

'ဟင်… ဒါ…ဒါဆို'

'အေး… ဒီကနေ့ပဲ… သူ့ကို… ငါ ခိုးလာခဲ့တာ၊ သူက ငါ့နောက်ကို ခိုးရာလိုက်လာခဲ့တာ'

'ဗုဒ္ဓေါ…'



www.burmeseclassic.com

www.burmeseclassic.com



မေထား မျက်လုံးပြူးသွားသည်။ စည်သူက ပြုံးနေသည်။

'ဒါ…. ဒါဖြင့် ကိုကြီးတို့က…'

'အေး… အဲဒါကို ငါ… ရှင်းပြမယ်'

စည်သူက လည်ချောင်းရှင်းရန် 'အဟမ်း'ဟု အသံပြုလိုက်သည်။ အံ့အားတသင့် မျက်လုံးပြူးနေသော ညီမဖြစ်သူ မေထားကို တစ်ချက်ကြည့်လိုက်သည်။

'မနဒီမေကို ငါ အရေးပေါ်ခိုးလိုက်ရတာဟ… ဒါပေမဲ့ နင်နဲ့ပဲ အတူတူထားရမှာ၊ နင်နဲ့ပဲ အတူနေ အတူအိပ်ကြပေါ့၊ ငါတို့က မဖြစ်မနေ နောက်ပိုင်း အန္တရာယ်ကင်းအောင်လို့ ဒီလက်ထပ်စာချုပ်နဲ့ လက်မှတ်ထိုးပြီး ဦးခင်မောင်တို့ဆီမှာဝင် လက်ထပ်ခဲ့ကြရတာ'

'ဒါ… ဒါဖြင့်… တကယ်မဟုတ်ဘူးပေါ့'

'မဟုတ်ဘူး… ဒါပေမဲ့ ဒီလိုမလုပ်လို့လည်း မဖြစ်နိုင်တော့လို့ လုပ်ခဲ့ကြရတာပဲ၊ ဒီလိုလေ… မနဒီမေက ဟိုကောင် မော်နီရဲ့ ရည်းစားဟ…'

'ဟောတော့… ကိုမော်နီရည်းစား.'

'အေးလေ… မော်နီက နောက်သုံးလလောက်ကြာမှ ပြန်ရောက်မှာ၊ အခုကိစ္စကလည်း မော်နီရယ်၊ မနဒီမေရယ်၊ ငါရယ်၊ သုံးယောက်တိုင်ပင်ပြီး လုပ်ချလိုက်ကြရတာပဲ ရှင်းပလား…'

'ဟင့်အင်း… မရှင်းသေးဘူး… ကိုကြီး'

မေထားက ခေါင်းခါ [illegible]ပြောသည်။ စည်သူက 'တုံးရန်ကော' ဆိုသောအကြည့်မျိုးဖြင့် တစ်ချ[illegible]က်ကာ သက်ပြင်းချလိုက်သည်။

'နင်ကလည်းဟာ၊ ခေဘ်[illegible]တတ်တဲ့အတိုင်းပဲ မော်နီက ဒီရက်ပိုင်း လပိုင်းအတွင်းမှာ ဘ[illegible]ပြည်ပြန်လာလို့ မရနိုင်ဘူး၊ နောက်သုံးလပြည့်ပြီးမှ ပြန်လာဖို့[illegible]ရမယ်၊ ဒီရက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပြန်လာမယ်ဆိုရင် ရပြီးသားရာထူး ပြုတ်ရုံပဲ၊ ဒါပေမဲ့ ဒီမှာက မနုဒီမေကို သူ့မိဘတွေက သူတို့ သဘောတူတိုင်ပင်ထားပြီးသား သူတို့ မိတ်ဆွေတံစ်ဦးရဲ့သားနဲ့ လက်ထပ်ပေးဖို့ စိုင်းပြင်းစီစဉ်နေကြ ပြီ၊ အဲဒါက ရှေ့လလောက်ဆိုရင်ပဲ မဖြစ်မနေ မင်္ဂလာပွဲကျင်းပကြ တော့မယ့်သဘော ဖြစ်နေတယ်လေ၊ ငါ့ကြောင့် ဟိုကောင်မော်နီက ငါ့ဆီရော၊ မနုဒီမေဆီရော ဖုန်းဆက်စီစဉ်တာ၊ အိမ်းမေးလ်နဲ့လည်း အစီအစဉ်ကို သေသေချာချာ ရှင်းပြတယ်'

'ဩ... ဒါကြောင့် ကိုကြီးက ကြားကနေ အရင်ဦးအောင် မနုဒီမေနဲ့ အချိတ်အဆက်လုပ်ပြီး ဖမ်းထိန်းထားလိုက်တယ် ဆိုပါတော့'

'အေး... အဲဒါပဲပေါ့၊ အခြေအနေက ဒီလိုမလုပ်လို့မှ မရနိုင် တော့တာ'

အခြေအနေကို မေထား သဘောပေါက်သွားသည်။

'အဲဒါ မနုဒီမေကို နင်နဲ့အတူတူထားရမှာပဲ သူ့မှာလည်း မြို့ထဲ ရှော့ပင်းထွက်သလိုလို ဘာလိုလိုနဲ့ အလစ်ထွက်ပြီး လိုက်လာရ တာဆိုတော့ ဘာမှ အပိုဆဒါးတွေ ထည့်မလာနိုင်ဘူး၊ မှတ်ပုံတင်ပါ ရင် ပြီးတာပါပဲလေ၊ ကျန်တာက အရေးမကြီးပါဘူး'

စည်သူက ဆက်ရှင်းပြသည်။ နုဒီမေက ခပ်ပြုံးပြုံးဖြင့် ဝင် ပြောသည်။

'မှတ်ပုံတင်တင် မကပါဘူးကိုစည်သူရဲ့၊ အဝတ်အစားအသစ် ဝယ်ဖို့ ငွေလည်း ပါပါသေးတယ်၊ နောက်ရက်တွေကျမှ ထွက်ဝယ် ရမှာပေါ့'

'ဖြစ်ပါတယ် မနုဒီမေ... အဝတ်အစားတွေအတွက်တော့ မပူ ပါနဲ့၊ မေထား အဝတ်အစားတွေ အများကြီးရှိပါတယ်၊ ဒါနဲ့ကိုကြီးက မနုဒီမေကိုခိုးပြေးပြီဖြစ်ကြောင်းကို မော်နီဆီ အကြောင်းကြားရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဒီအတွက်ကမပူပါနဲ့၊ ရှေ့အပတ်လောက်အတွင်းမှာပဲ ဒီကောင်နဲ့ ငါ အဆက်အသွယ်ရမှာပါ၊ သူတို့သင်္ဘော ဆိပ်ကမ်းတစ်ခုခုကပ်ရင် ကပ်တဲ့မြို့ကနေ လှမ်းဆက်သွယ်လိမ့်မယ်၊ ဒီကိစ္စကတော့ မော်နီဆီက ဖုန်းကိုစောင့်ရမှာပဲ၊ သူ့ဆီက ဖုန်းဝင်လာရင် နုဒီမေ ငါ့အိမ်ရောက်နေပြီ၊ နင်နဲ့အတူတူ တစ်ခန်းတည်းပေးနေတယ်လို့ ပြောလိုက်ရုံပဲရှိတယ်၊ ဒါဆို သူလည်း စိတ်အေးသွားရရောပေါ့'

စည်သူက သူ့တွက်ကိန်းနှင့်သူ ဟုတ်နေ၏။ အဲဒါကတော့ ထားလိုက်ပါတော့ အကြောင်းမဟုတ်လှပါ။ မိန်းကလေးချင်း တစ်ခန်းတည်း အတူတူနေလိုက်ကြရုံပဲရှိသည်။ အဝတ်အစားအတွက်ကလည်း တက်တလောချင်းပင် မဟုတ်။ ဒီအိမ်မှာ နေနေသမျှကာလပတ်လုံး ပူစရာမရှိ။ မနုဒီမေနှင့် မေထားတို့က ခန္ဓာကိုယ်ချင်း သိပ်ကွာခြားလှသည်မဟုတ်၍ မေထား၏အဝတ်အစားတွေပေးဝတ်ထားလို့ ဖြစ်တာပဲ။

အကြောင်း ဟုတ်တာက အိမ်ကလူကြီးတွေ ကိစ္စဖြစ်သည်ဟု တွေးလိုက်မိသည်။

'ကဲ... အဲဒါက ထားလိုက်ပါတော့၊ မေထားတို့ လူငယ်ချင်းက နားလည်သဘောပေါက်ကြပါပြီ၊ အခုကိစ္စမှာ ပြဿနာမရှိဘူး၊ ပြဿနာက ဖေကြီးတို့ မေကြီးတို့ပြန်လာလို့ မေးရင် ဘယ်လိုရှင်းမလဲ၊ ကိုမော်နီအတွက် ကိုကြီးကနေ ကြားကဝင်ခိုးပေးထားရတာလို့ ပြောင်ဖွင့်ပြောလို့ ဖြစ်ပါ့မလား...'

'နင် ဘယ်လိုထင်သလဲ မေထား'

စည်သူက ပြန်မေးလိုက်သည်။

'ညီမလေးကတော့ ပြောင်ဖွင့်ပြောလို့ မသင့်တော်ဘူးထင်တယ်၊ အဲလို ပြောင်ဖွင့်ပြောရင် မနု... ...ကို အထင်သေးစရာ ဖြစ်နေလိမ့်မယ်၊ ကိုကြီးကိုလည်း အတော်ရှင်... ...ရိုက်



www.burmeseclassic.com

www.burmeseclassic.com



နေဦးမယ်၊ မားခုတ်ရာ လက်ဝင်လျှိုရကောင်းလားလို့ ပြောချင်ပြော နေဦးမှာ'

'ဒါဖြင့်ရင်…'

'ခပ်တည်တည်နဲ့ ဖေကြီးတို့ကိုပါ ဆက်လိုမ့်ကြရုံပေါ့၊ သူတို့ ရှေ့မှာတော့ တကယ်ပဲ လင်မယားလိုနေပေါ့၊ ညအိပ်ချိန်ကျမှ ညီမ လေးအခန်းမှာ မနုဒီမေကို ခေါ်အိပ်ရုံပဲ၊ အဲဒါ လက်တလောကိစ္စတွေ ရှင်းမယ်ထင်တယ်'

စည်သူ တွေးကြည့်လိုက်သည်။ မေးထားအကြံပြုတာ ခပ် ကောင်းကောင်းပါပဲ၊ တကယ် မဟုတ်ပါဘဲနှင့် သူများသားသမီးကို ခိုးပြေးလာရသလား ဆိုတာမျိုးတွေ ပေရှည်လာနိုင်စရာ အကြောင်း ရှိ။

'မနုဒီမေကရော ဒီအစီအစဉ်ကို ဘယ်လိုသဘောရသလဲ'

'ကောင်းပါတယ် ကိုစည်သူ၊ ပြဿနာ မရှိပါဘူး၊ ကျွန်မ ဘက်က ဘယ်လိုမှ ပြဿနာမရှိဘူး၊ မီးစင်ကြည့်ကသွားရုံပဲ၊ ကိုစည် သူမှာ ပြဿနာတွေ ရှုပ်လာမှာသာ ကျွန်မက အားနာနေတာ'

နုဒီမေက ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

'ကိစ္စမရှိဘူး မနုဒီမေ၊ ကျွန်တော်လည်း ဒီလိုပဲပေါ့၊ အဆင် ပြေသလို ကြည့်လုပ်ရမှာပဲ၊ ဒီသုံးလလောက်နဲ့ ပြီးသွားမှာပဲဟာဗျာ၊ ညီမလေးပြောတာတော့ ဟုတ်တုတ်တုတ်ပဲ၊ ဒီတော့ ဘယ်လိုပြဿနာ မှ ထပ်ဝင်မလာအောင် တကယ်ပဲ ခိုးပြေးခဲ့ကြသလို နေလိုက်ကြ ပြောလိုက်ကြတာပေါ့'

'အင်း… အဲဒါက ထားလိုက်ပါတော့ ကိုကြီးရယ်၊ အခုကိစ္စ ကို 'ဆောင်ဦး' သိသွားရင်ကော'

မေထားထံမှ မထင်မှတ်ဘဲဝင်လာသော မေးခွန်းက စည်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ဟိုက်ခနဲ ဖြစ်သွားစေသည်။ ဟုတ်သည် စည်သူတစ်ယောက် နိုးမခိုးပြေးသွားပြီဆိုသော သတင်းသာ 'ဆောင်းဦး' ထံရောက်သွား လျှင် အနည်းနှင့်အများဆိုသလို ပြဿနာတက်နိုင်သည်။

စည်သူ သူ့ဆံပင်တွေကြား လက်ထိုးကာ ခေါင်းကို တဗျင်း ဗျင်းကုတ်လိုက်၏။

'လောလောဆယ်တော့ အဖြေရှာမနေနိုင်သေးဘူးဟာ၊ တစ်မူ ပေါ် နှစ်ပူ အဆင့်မခံနိုင်သေးဘူး'

'အမ်ဖ်က ဖေကြီးတို့ မေကြီးတို့နဲ့ အရင်ဆုံး အဆင်ပြေဖို့သာ အဓိကပဲ။ ဒီကိစ္စက ရုတ်တရက်တော့ ဆောင်းဦး မသိနိုင်သေးပါဘူး ကာ...'

'အမ်မာ... ကိုကြီးက ဘယ်လောက်ထိကြာအောင် ဖုံးဖိထား နိုင်မှာမို့လို့လဲ'

မေထားက နှုတ်ခမ်းကလေးကို မဲ့လိုက်ကာ မေး၏။

'ဒါကတော့ သူ မသိခင်အထိ ဖုံးဖိထားနိုင်မှာပေါ့ဟ... ဟီး... ဟီး...'

မောင်နှစ်မနှစ်ယောက် ရယ်လိုက်ကြသည်။ ထိုအချိန်မှာပင် နဒီမေက ဝင်မေးသည်။

'ဒါနဲ့... အဲဒီဆောင်းဦးဆိုတာက ဘယ်သူလဲဟင်...'

'ဟောဒီက ကိုကြီးရဲ့ ချစ်လှစွာသော အချစ်ဆုံးကြီးလေ နဒီမေရဲ့၊ နာမည်အပြည့်အစုံက ဆောင်းဦးခင်တဲ့...'

မေထား၏ အဖြေစကားကြောင့် နဒီမေ လျှာကလေးတစ် ထစ် ဖြစ်သွားရလေသည်။ လက်စသတ်တော့ စည်သူဆိုသည့်မျောက် ကလည်း အမြီးပေါက်ပြီးသား မျောက်ဖြစ်နေပြီးသားပါတကား...

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

တကယ်တမ်းတွင်တော့ 'နောင်ခါလာ နောင်ခါချေး အခုလောလောဆယ် ငြိမ်းအေးလျှင်ပြီးရော' ဟူသောသဘောဖြင့် စည်သူလုပ်ချလိုက်သည့်ကိစ္စသည် ထင်ထားသလောက် မလွယ်ကူလှချေ။ ဘုရားသွားကြသည့် ဖေကြီးနှင့်မေကြီးတို့ ပြန်လာသည်နှင့်ပင် ထိုစနက်တံက ပေါက်ကွဲလေတော့သည်။ မပြောဘဲ ရေငုံထားလို့ရသည့်ကိစ္စမဟုတ်။ နဒီမေက သူ့ကောင်မော်နီ ပြန်မလာမချင်း စည်သူတို့အိမ်မှာပဲ တောက်လျှောက် ရှိနေရဦးမည်။ မော်နီပြန်လာဖို့က အချိန်သုံးလတိတိလိုသေးသည်။ ထိုသုံးလအတွင်း ဒီမှာ အခဆင်ပြေနေဖို့ လိုသည်။

ဒီမှာ အဆင်ပြေပြေနေနိုင်ဖို့ကလည်း အိမ်ကလူကြီးတွေကို အသိပေးမှဖြစ်မည်။ သို့တိုင်အောင် အမှန်အတိုင်းအသိပေးလို့ မဖြစ်နိုင်။ ထို့ကြောင့် စမိသည့်ဇာတ်လမ်းကို ခပ်တည်တည် ဆင်ကာရဖို့ပဲ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖေကြီးတို့ ပြန်လာကြပြီလား'

တိုက်ရှေ့မှ ကားသံကြားကတည်းက စည်သူက အောက်ထပ်ဆင်းစောင့်နေသည်။

ဦးဝဏ္ဏနှင့် ဒေါ်သဲညွှာတို့ လင်မယားနှစ်ယောက်က ကားပေါ်ကဆင်းပြီး ဧည့်ခန်းထဲသို့ဝင်အလာတွင် စည်သူက ဆီးကြိုမေးလိုက်ခြင်းဖြစ်၏။

'အေးကွ··· မင်းအမေကွာ၊ ဘုရားသွားတာ ဘုရားဖူးရင်ပြီးတာပဲ ဥစ္စာ၊ ခုတော့ ဘုရားဖူးတာက တော်တော်ရယ်၊ ယတြာချေနေတယ်ဆိုတာက အတော်ကြာတယ်၊ ငါ့မှာ စိတ်ကို အတော်ဆွဲဆန့်ထားရတယ်'

ဦးဝဏ္ဏက ကျွဲမြီးတိုသံဖြင့်ဖြေ၏။ ဒီတော့ ဒေါ်သဲညွှာက ယောက်ျားဖြစ်သူကို မျက်စောင်းတစ်ချက်ထိုးလိုက်၏။

'အစောကြီးကတည်းက ပြောသားပဲ၊ တော်တော်စိတ်မရှည်နိုင်ရင်ပြန်နှင့်၊ ကျုပ်ဟာ ကျုပ် တက္ကစီငှားပြီး ပြန်ခဲ့မယ်လို့'

'ဟ··· မင်းကိုယ်မင်း မော်ဒယ်လ်ကောင်မလေးတွေ အရွယ်မှတ်လို့လားကွ၊ တစ်ယောက်တည်း မူးမော်လဲနေရင် ဘယ့်နှယ်လုပ်မလဲ'

'အို··· ကျုပ်တို့က ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်'

'အေးလေ··· တော်ကြာကျမှ *'သံပုရာရည် အေးအေးတစ်ခွက်'* ဆိုတာမျိုး မကြားပါရစေနဲ့၊ ဘုရားပေါ်မှာကတော့ မင်းမူးမော်လဲနေရင်လည်း သံပုရာရည်အေးအေးလေးတစ်ခွက်လို့ အော်လည်းထူးမှာ မဟုတ်ဘူး၊ တကတည်းဗျာ၊ ဘုရားကိုမှ အားမနာ၊ ဘုရားကချစ်သားတို့ ချစ်သမီးတို့၊ ငါ့ထံ၌ သင်တို့အလိုရှိရာ ဗေဒင် ဟြတြာများလာရောက်ချေကြလော့၊ ငါ··· ဆောင်ရွက်ပေးမည်လို့ ဘယ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



မှ ဟောခဲ့တယ်လို့ မကြားဖူးပါဘူး၊ ဘယ်ကျမ်းထဲ သုတ္တန်ထဲ အဋ္ဌကထာထဲမှာမှ ငါမတွေ့ဖူးဘူး’

ဦးဝဏ္ဏက ပြန်ပြော၏။ စည်သူမှာ အိမ်ထဲရောက်လာကတည်းက ဘုကျနေကြသော ဖေကြီးနှင့်မေကြီးတို့ကြောင့် ထိုင်၍သာ နားထောင်နေရသည်။ မည်သည့်စကားမျှ ဝင်မပြောသာသေး၊ ဖေကြီးနှင့်မေကြီးတို့သည် ဘယ်လိုလုပ် ချစ်ကြပြီး ဘယ်လိုလုပ်ညားလာကြသည် မသိ။ သူတို့သည် ‘မတည့်အတူနေ’ဆိုသော စကားအတိုင်း အမြဲတကျက်ကျက် ဘုကျလေ့ရှိမြဲ။

ဖေကြီးက ဗေဒင်ယတြာတို့၊ နတ်တို့ကို ယုံကြည်စွဲလမ်းမှု ထားသည်မဟုတ်။ အမိန့်တော်ရ တရားသူကြီးပီပီ နေရာတကာတွင် ဥပဒေနှင့် အတိအကျတိုင်းတာ ဆောင်ရွက်ကြည့်မြင်လေ့ရှိသူ ဖြစ်သည်။ မေကြီး၏ နတ်ကိုးကွယ်ခြင်း၊ ဗေဒင်ယတြာတို့ကို အသေအလဲ ယုံကြည်ခြင်းတို့နှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်၏။

သို့သော် မေကြီးတွင်လည်း ဖေကြီးကို ပြန်လည်ထိုးနှက်စရာ လက်ကိုင်စကားတစ်ခွန်း အရန်သင့်ရှိ၏။

‘ကျုပ်က တော့်စီရင်ချက်ချစရာ တရားခံမဟုတ်ဘူး ကိုဝဏ္ဏ၊ ကျုပ်က တော့်မိန်းမ… တော့်မယား၊ တော့်မိန်းမ… တော့်မယား ဖြစ်နေတဲ့အတွက် တော့်စကား တော့်အမိန့်ကို အမြဲဆန့်ကျင်ပိုင်ခွင့် ရှိတယ်၊ မှတ်ထား’ဟူသော စကားပင်ဖြစ်၏။

မေကြီးစကားက လင်ယောကျ်ား၏စကားကို အမြဲတော်လှန်ဆန့်ကျင်နေမှပဲ မယားအရာရောက်တော့ သလိုလို၊ မယားစာရင်းဝင်တော့သလိုလို။ ဖေကြီးပြောချင်ရာပြော မေကြီးက သူ့ဝါသနာပါရာ ကိစ္စတွေမှာတော့ အလျှော့မပေးဘဲ ဆက်လုပ်မြဲပေတည်း။

ယခုလည်း ကြည့်။ ဖေကြီး၏ တပွစိစိ ဆူညံပူညံတွေကို လုံးဝဂရုမစိုက်။ ဒါမျိုးတော့ ပျင်းသေးတယ် ဆိုသည့်အချိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ… ကျုပ်က တော်လိုပညာရှိကြီး မဟုတ်တော့ ကျမ်းစာတွေ၊ သုတ္တန်တွေ၊ အဋ္ဌကထာတွေတော့ နားမလည် ဉာဏ်မမီဘူးတော်ရေ၊ ဒီတော့ ကိုယ်ဉာဏ်မီတာလေးတွေကိုပဲ ကိုယ်လုပ်ရတယ်၊ ဒီကနေ့ ဘုရားမှာ ယတြာချေရင်း ကြာသွားရတာကလည်း ကျုပ်အတွက် မဟုတ်ဘူး၊ သားကြီးအတွက် ကြာသွားရတာ'

မြတ်စွာဘုရား။ မြားဦးက စည်သူ့ဘက်လှည့်လာ၏။ ထိုစကားကြောင့် စည်သူ ဖင်တကြွကြွဖြစ်သွား၏။

'မေကြီးနော်… ကိုယ့်ပြဿနာကိုယ်ရှင်း၊ ကျွန်တော့်ကို စစ်ကူမခေါ်နဲ့'

စည်သူက မီးဘေးရှောင် မလောင်ခင်တားလိုက်၏။

'မခေါ်ပေါင်တော်… ငါက ဟုတ်တဲ့အတိုင်း ပြောတာပဲဟာ'

'နေပါဦး မသဲညာ၊ သားကြီးအတွက် ကြာရတာဆိုတော့ ဒီကောင်က ဘာတွေလုပ်နေလို့လဲ'

'သူ့အတွက် ဘယ်ဗေဒင်ဆရာက ဘယ်လို ချောက်ချလွှတ်လိုက်ပြန်ပြီလဲ'

ဦးဝဏ္ဏက ဝင်မေးသည်။

'ကျုပ်ရဲ့ လက်စွဲအကြားအမြင် ဆရာပြုံးက ဟောလိုက်တယ်၊ ယတြာချေတာဦးအောင် ရှေ့က ပိတ်ချေတာ၊ မချေရင် သားကြီးဟာ ဒီနှစ် မကူးခင် မိန်းမရကိန်းရှိသတဲ့'

'အလိုဗျာ…'ဟု စည်သူ အော်က်မေ့လိုက်မိ၏။ အတော်လာသော ဆရာပြုံးပါတကား၊ သူ့ဟောကိန်းက ရာနှုန်းပြည့်မဟုတ်တောင် တစ်ဝက်တော့မှန်နေပြီဟု ထောက်ခံချက်ပေးရမလိုဖြစ်၏။ တစ်ကယ့် အစစ်မဟုတ်သည့်တိုင် မိန်းမကတော့ ရခဲ့တာအမှန်ပင်။ ရခဲ့လို့ အိမ်အပေါ်ထပ်က အခန်းထဲတောင် မေထား ရောက်နေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



'မောင်နိုင်တော့လည်း ယူလိုက်စေပေါ့ကွာ၊ ပြီးတာပဲ၊ မင်းကလည်း သူ့အရွယ်တုန်းက ယူခဲ့တာပဲ မဟုတ်လား'

ဦးဝဏ္ဏက ဘုတောဈ၏။

'အို… ငယ်ငယ်ရွယ်ရွယ်နဲ့ အယူမခံနိုင်သေးပါဘူးတော်၊ တော်တော်ကြာတော့ သားတွဲလောင်း သမီးတွဲလောင်းနဲ့ အိမ်ထောင့်ဒုက္ခတွေ မခံစေချင်သေးပါဘူး၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေတာကို ကြည့်ချင်သေးတယ်၊ ဒါ့ကြောင့် သားကြီးမိန်းမ မရအောင် ကျုပ်က ရှေ့ကပိတ်ပြီး ယတြာချေခဲ့ရတာ'

'မင်းယတြာချေလိုက်ရတာနဲ့ပဲ သူက မိန်းမ မရဘဲ နေရောတဲ့လားကွာ၊ အဓိပ္ပာယ်မရှိ'

'မရဘူးရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမဲ့… အချိန်ကာလတစ်ခုတော့ နောက်ဆုတ်သွားရမှာပေါ့'

'မဟုတ်ဘူး… မေကြီး၊ တည့်တည့်ကို တိုးတာ'

စည်သူက စကားဝိုင်းထဲသို့ ဝင်လိုက်၏။ စည်သူစကားကြောင့် ဦးဝဏ္ဏရော၊ ဒေါ်သဲညွှာပါ ကြောင်စီစီဖြစ်သွားကြသည်။

'ဘာရယ်…၊ ဘယ်လိုတည့်တည့်တိုးတာလဲ'

ဒေါ်သဲညွှာက မျက်မှောင်ကြုတ်ကြည့်ရင်း မေးသည်။

'ဟုတ်တယ်… မေကြီး၊ အဲဒါကို ဆီးပြောမလို့ သားစောင့်နေတာ၊ မေကြီးတို့က အိမ်ထဲရောက်လာကတည်းက ပွည်ပွည်ဖြစ်နေကြလို့ မပြောသာဘဲ ငြိမ်နားထောင်နေရတာ၊ အခု ကျွန်တော် မိန်းမရခဲ့ပြီ'

'ဟောတော့်…'

'မေကြီးတို့ ပြန်မလာခင်ပဲ ရှေ့က ခိုးနှင့်နေတာ'

'အမလေး… မှားကုန်ပြီထင်တယ်၊ ငါ… ယတြာချေတာ အချိန်နောက်ကျသွားလို့များလား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲညာက ရင်ဘတ်ကိုဖိရင်း ပူပင်စွာရေရွတ်သည်။ ဦးဝဏ္ဏက တဟားဟားထရယ်လိုက်သည်။

'ကောင်းကွာ… ဒါဆိုရင် မင်းအမေက မင်းမိန်းမ မရအောင် သတြာချေနေချိန်မှာ မင်းက အားကြိုးမာန်တက် အချိန်ကိုက် မိန်းမသွားခိုးနေတယ် ဆိုပါတော့'

'အင်း… အဲဒီ သဘောကို ဆိုက်နေပြီ ဖေကြီးရာ'

ဦးဝဏ္ဏက တဟားဟား ဆက်ရယ်သည်။ နောက်မှ စည်သူ မိန်းမခိုးလာသည် ဆိုသောအချက်ကို တရေးရေးပြန်တွေးမိလာကာ မျက်လုံးပြူးကြီးတွေ ပြူးလာ၏။

'ဟေ့ကောင်… ဝင်နောက်မနေနဲ့၊ မင်း… တကယ်ပြောတာလား'

ဦးဝဏ္ဏ အတည်ပေါက်မေးခြင်း ဖြစ်သည်။ တကယ်သာ မိန်းမခိုးလာခဲ့ပါလျှင် နောက်က အလုပ်တွေရှုပ်လာဦးမည်ကို တွေးကာ ကြက်သီးထသွားသည်။

'ဖေကြီးရာ… ဒါ… နောက်စရာ ပြောင်စရာကိစ္စလား'

'မသိနိုင်ဘူးလေ… မင်းအမေကို ငါ့ဘက်ကကျပြီး နှိပ်ကွပ်ချင်လို့များ တမင်ဝင်နောက်သလားလို့ မေးကြည့်ရတာ'

စည်သူ ခေါင်းခါပြလိုက်သည်။

'တကယ်ပြောတာ ဖေကြီး… ကျွန်တော် တကယ်မိန်းမခိုးလာခဲ့ပြီးပြီ၊ ဖေကြီးတပည့် အန်ကယ်ဦးခင်မောင်တို့ ရုံးမှာပဲ နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီး လက်ထပ်ခဲ့ကြပြီးပြီ၊ ခု… ဖေကြီးတို့ ခြေရင်းမက အပေါ်ထပ်မှာ၊ ညီမလေးနဲ့အတူတူ စကားပြောနေကြတယ်'

'ဟင်… ဒါ… ဒါဆို၊ ဒီကိစ္စက အမှန်ပဲပေါ့'

ဒေါ်သဲညာက အထိတ်တလန့် မျက်လုံးကြီးတွေပြူးလာကာ တုန်တုန်ယင်ယင်နှင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပြောတာပါ မေကြီးရဲ့'

စည်သူ စကားဆုံးသည်နှင့် ဒေါ်သဲညွှာက မိုက်ခနဲဖြစ်သွားသလို သူ၏ နားထင်နှစ်ဖက်ကို လက်ချောင်းနှစ်ချောင်းဖြင့် ဖိထောက်လိုက်သည်။ လူကလည်း နောက်က ဆိုဖာဆက်တီပေါ်သို့ တအိအိ ဖင်ထိုင်ကျသွား၏။

'အမလေး… ဖြစ်မှ ဖြစ်ရလေ၊ ငါ့သား အသက်ငယ်ငယ်လေးနဲ့ မိန်းမခိုးလာခဲ့ပြီတဲ့၊ အမလေး… ခေါင်းထဲ တရိပ်ရိပ် မူးလာပြီ၊ ရင်တွေ တလှပ်လှပ် တုန်လာပြီ၊ မထွေးရေ… ဟော့… မထွေး'

ဒေါ်သဲညွှာက တဖွတ်ဖွတ်ရေရွတ်ရင်း နောက်ဖေးမီးဖိုဘက်ခန်းဆီသို့ အသံပြုလိုက်သည်။ အိမ်ဖော်မလေးမထွေးကို လှမ်းခေါ်ခြင်းဖြစ်၏။ ထိုအသံကို ကြားသည်နှင့် ဦးဝဏ္ဏက တစ်ဆက်တည်းအော်လိုက်၏။

'သံပုရာရည်အေးအေးလေးတစ်ခွက် အမြန်ဖျော်ယူခဲ့ပါဟေ့'

ထိုအခါ စောစောကမှ ရင်တွေတလှပ်လှပ်တုန်ကာ ခေါင်းတွေ တရိပ်ရိပ်မူးလာပါသည်ဟုဆိုကာ နားထင်နှစ်ဖက်ကို လက်ညှိုးလက်မတို့နှင့် ဖိထောက်၍ ဆိုဖာဆက်တီပေါ် တအိအိ ဖင်ထိုင်ကျသွားခဲ့ရှာလေသော ဒေါ်သဲညွှာသည် ရုပ်သေးရုပ်ကို ကြိုးအစုံစု၍ ဆွဲလိုက်သည့်အလား ဆတ်ခနဲထိုင်လိုက်ပြီး ဦးဝဏ္ဏကို မျက်စောင်းကြီး ပစ်ထိုးလိုက်လေသည်။ ပြီးနောက် ဆောင့်ကြီးအောင့်ကြီး လေသံဖြင့် ဘုတောလိုက်၏။

'အဲဒီစကားက တော်ပြောစရာလား… ဟွန်း'

*



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

အပေါ်ထပ်လှေကားမှတစ်ဆင့် လှေကား တစ်ထစ်ချင်း နဒီမေနှင့်မေထား အတူတွဲ၍ ဆင်းလာသည်ကို ဦးဝဏ္ဏနှင့် ဒေါ်သဲညွှာတို့က ဧည့်ခန်းထဲမှ ထိုင်ကြည့်နေကြသည်။

နဒီမေမှာ ရေမိုးချိုးပြီး သန့်သန့်စင်စင် သနပ်ခါးရေကြဲလေး လူးထားသဖြင့် လှပနေ၏။ အဝတ်အစားကတော့ မေထားထုတ်ပေး ထားသော အဝတ်အစားတွေပဲ ဖြစ်သည်။

'လက်စသတ်တော့ သားကြီးက တကယ် မိန်းမခိုးလာခဲ့တာ ကိုး'

ဒေါ်သဲညွှာက နဒီမေကိုမြင်တော့ ယုံကြည်သွားသလို မှတ် ချက်ချ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်းကျွာ·· လူအရှင်လတ်လတ်ကြီး မြင်နေရတဲ့နောက်မှ တော့···'

ဦးဝဏ္ဏက ခပ်တိုးတိုး အပြစ်တင်လိုက်၏။ ဒေါ်သဲညွှာက ဦးဝဏ္ဏကို မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်ပြီးနောက်၊ နဒီမေတို့ ဘက်သို့ ပြန်လှည့်ကြည့်ကာ ချွေးမဖြစ်သူကို စေ့စေ့စပ်စပ်ကြည့်ရှု အကဲခတ်နေလေသည်။

အင်း··· ရုပ်ရည်လေးကတော့ သနားကမားပဲ၊ ကြည့်ပျော် ရှုပျော်အဆင့်ထက် နည်းနည်းပင် ပိုသေးရုံမက လှပနေ၏။ တော်ပါ ပြီ ဒီလောက်ဆို။ မျက်လုံးပြူးပြူး၊ နဖူးမောက်မောက်၊ နှာခေါင်းပွပွ၊ မေးများတိုတို နှုတ်ခမ်းလန်လန် လိပ်ခါးဖားဖင်မဖြစ်ဘဲ၊ လူထဲသူထဲ တွဲသွားလို့ အဆင်ပြေပြေ ရုပ်ရည်မျိုးဆိုလျှင်ပဲ ရုပ်ပိုင်းဆိုင်ရာမှာ တစ်ထစ် စိတ်အေးရပြီ။

ဒေါ်သဲညွှာသည် ချွေးမဖြစ်သူ၏ ရုပ်ဆင်းရူပကာပိုင်းနှင့် ပတ်သက်၍ အတော်အတန် ကျေနပ်သွား၏။

'လာကြဟေ့·· သမီးတို့'

ဦးဝဏ္ဏက အသံပြု၍ ဆီးကြိုလိုက်သည်။ ပြီးနောက် သူက ဒေါ်သဲညွှာဘက် ဆိုဖာပေါ်သို့ ပြောင်းရွှေ့ထိုင်လိုက်သည်။ နဒီမေတို့ က သူတို့နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကြသည်။

'မနဒီ··· ဖေကြီး၊ မေကြီးတို့နဲ့ စကားပြောဦးနော်၊ မေထား နောက်ဖေးမှာ သွားကူလုပ်ရဦးမယ်'

'တို့လည်း လိုက်ကူမယ်လေ··· မေထား'

'ရတယ် မနဒီ၊ နောက်များမှပေါ့၊ အခုတော့ ဖေကြီးတို့နဲ့ စကားပြောပါဦး၊ ကိုကြီးကိုလည်း လွှတ်လိုက်မယ်လေ'

မေထားက ပြန်ဖြေလိုက်ပြီး နောက်ဘက်ခန်းသို့ လှမ်းဝင် သွားသည်။ ဦးဝဏ္ဏတို့နှင့်အတူ နဒီမေ ဧည့်ခန်းထဲမှာ ကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ.. သမီး... သားနဲ့ သမီးက လက်ထပ်ခဲ့ကြပြီးတဲ့နောက် မေကြီးတို့အိမ်ကို ရောက်လာပြီဆိုမှတော့ ဒီမိသားစုဝင် ဖြစ်ခဲ့ပြီပေါ့ ကွယ်၊ စိတ်မကျဉ်းကျပ်ပါနဲ့၊ လွတ်လွတ်လပ်လပ် နေပါ၊ သမီးလေး နာမည်က...'

ဒေါ်သဲညွှာက ချိုသာစွာပြုံး၍ စစ်ဆေးမေးမြန်းရေးကို စတင်၏။

'နဒီမေပါ... အန်တီ'

'မေကြီးလို့ပဲ ခေါ်ပါကွယ်၊ ဟိုတစ်ယောက်ကိုတော့ ဖေကြီး လို့ပဲ ခေါ်ပါ'

'ဟုတ်ကဲ့.... မေကြီး'

နဒီမေ့အသံက တုံ့ဆိုင်းဆိုင်း ရှိုးတိုးရှန့်တန့်ဖြစ်နေသည့် လေသံ။

'ခေါ်စ ရှိတော့လည်း အဆင်ပြေသွားပါလိမ့်မယ်ကွယ်၊ နဒီ မေက ကျောင်းတက်တုန်းပဲလား'

'သိပ္ပံဘွဲ့ ရပြီးပါပြီ မေကြီး'

ဒေါ်သဲညွှာက တစ်ထစ် စိတ်အေးသွားပြန်သည်။ ကျောင်း တက်နေဆဲဖြစ်လျှင် သားကြီးမှာ မိန်းမကို ကျောင်းဆက်ထားပေးရ သည့် တာဝန်တစ်ခု ပိုလာပေဦးမည်။ ခုတော့ ကျောင်းပြီးပြီးသားဆို ၍ ပညာရေးကိစ္စအတွက် ထည့်ပူစရာ မလိုတော့ပြီ။

'သမီး မိဘတွေကကောကွယ်၊ ဘယ်မှာနေပြီး ဘာအလုပ် လုပ်ကြသလဲဟင်'

'သမီးမိဘတွေက... တာမွေမြို့နယ်ထဲကပါ၊ ဦးဘမြင့်နဲ့ ဒေါ်ရီရီလို့ ခေါ်ပါတယ်၊ အလုပ်အကိုင်ကတော့ မင်္ဂလာဈေးကြီးထဲမှာ အထည်ဆိုင် ဖွင့်ထားပါတယ် မေကြီး၊ လူကမြွေ လက်ကားအထည် ဆိုင်ဆိုရင် အားလုံး သိကြပါတယ်ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏကတော့ ဘာမှ ဝင်မပြောသေးဘဲ နံဘေးမှသာ ငြိမ်နားထောင်နေလိုက်သည်။ ဒီကိစ္စမျိုးတွေက သူတို့ မိန်းမသားချင်းတွေ မေးကြမြန်းကြ စပ်စုကြတာပဲ သဘာဝကျမည်။ ကိုယ်လည်း နံဘေးကနေအကုန်ကြားနေရတာပဲ။ ဝင်ပြောနေ မေးနေစရာမလိုဟု သဘောပိုက်ထားကြသောကြောင့် ဖြစ်သည်။

ဒေါ်သဲညွှာကတော့ ကျေနပ်လေသည်။ မိန်းမသားပီပီ ဒေါ်သဲညွှာက အတွက်အချက်ကလေးနှင့် စစ်ဆေးမေးမြန်းနေခြင်း ဖြစ်သည်။ မင်္ဂလာဈေးထဲမှာ လက်ကားအထည်ဆိုင်ကြီး ဖွင့်ထားနိုင်တယ်ဆိုတော့ တော်စပ်လာရမည့် တစ်ဖက်က ခမည်းခမက်တို့ အခြေအနေက မဆိုးလှသေးပါဘူး၊ အနည်းဆုံး လူလတ်တန်းစား စာရင်းတော့ ဝင်ပေမည်ဟုတွေးကာ သက်ပြင်းချနိုင်သွားပြန်သည်။

'မွေးချင်းမောင်နှမတွေတော့ ရှိမှာပေါ့နော် သမီး… သမီးရောဆိုရင် ဘယ်နှစ်ယောက်လောက် ရှိသလဲဟင်'

'ဟို… ဟို… သုံးဆယ်'

'ဟင်… သုံးဆယ်'

ဒေါ်သဲညွှာ၏ အလန့်တကြားရေရွတ်သံက ဆက်တိုက်ထွက်ပေါ်လာသဖြင့် စကားပြတ်သွားကြသည်။

ဦးဝဏ္ဏက 'ဟ… တယ်ဆော်ပါလား'ဟု ယောင်၍ အသံထွက်သွားသည်။

ပြီးမှ နဒီမေ့ကို အားနာသွားကာ…

'အဲ… အဲ…၊ ဒီလိုလေ သမီး၊ ဖေကြီးပြောတာက တော်တော်အားရှိစရာ ကောင်းပါလားလို့ ပြောတာမျိုးနော်၊ ဖေကြီးတို့တိုင်းရင်းသား နည်းနည်းနွယ်တယ်ကွယ်၊ ထမင်းစားဖို့ခေါ်ရင်တောင်မှ 'ကိုယ့်လူ… လာလေ ထမင်းဆော်ရအောင်'လို့ ပြောတတ်တာမျိုး'ဟု လေပြေထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှပင် မျက်နှာကလေး ရဲခနဲဖြစ်သွားကာ ခေါင်းငုံ့သွားသော နဒီမေမျက်နှာကလေး ပြန်မော့လာသည်။

'ဟို… ဟိုလေ… မဟုတ်ဘူး မေကြီးရဲ့'

'ဟင်… စောစောကပြောတော့ သုံးဆယ်ဆို'

ဒေါ်သဲညွှာက ခုထိ ထိတ်လန့်နေဆဲ လေသံမျိုးဖြင့်မေး၏။

'မေကြီးက ကြားဖြတ်ပြောလိုက်တော့ သမီးစကားက တစ်ဝက်တပျက်နဲ့ ရပ်သွားရတာပေါ့၊ သမီးပြောတာက သုံးဆယ်မြို့မှာ အစ်ကိုတစ်ယောက် ရှိသေးတယ်လို့ ပြောချင်တာပါ'

ဟူးခနဲ သက်ပြင်းချသံကြီး ဒေါ်သဲညွှာထံမှ ထွက်ပေါ်လာ၏။ ဒါတောင် သိပ်စိတ်မချနိုင်သေးသလို တစ်ခွန်းထပ်မေးလိုက်၏။

'သုံးဆယ်က အစ်ကိုတစ်ယောက်ပဲ ရှိတာလား သမီး'

'ဟုတ်ကဲ့… အစ်ကိုကြီးက သုံးဆယ်မြို့မှာ တာဝန်ကျနေပါတယ်၊ ဆရာဝန်ပါ၊ သူ့ အိမ်ထောင်နဲ့သူပါ မေကြီး'

'သြော်… အိမ်ထောင်ခွဲပေါ့နော်'

'ဟုတ်ကဲ့…သားသမီးတွေတောင် ရနေပြီ၊ အသားကျနေပါပြီ၊ သမီးတို့ မောင်နှမ နှစ်ယောက်ပဲရှိပါတယ်၊ အစ်ကိုကြီးနဲ့ သမီးနဲ့ ကြားမှာ ၁၂ နှစ်ကွာပါတယ် မေကြီး'

'ဒီလိုဆိုရင်တော့ သူလိုငါလိုပါပဲလေ၊ သိပ်ခေတ်တယ် မပြောနိုင်ပါဘူး၊ အဲ… အဲ… တို့လိုပေါ့နော်… ကွာ… မေကြီး…'

ဦးဝဏ္ဏက ဝင်ပြောပြီး တစ်ဆက်တည်း သူခိုးသေဖော်ညှိလိုက်သံဖြင့် ဒေါ်သဲညွှာက မျက်စောင်းတစ်ချက်ထိုး၏။

'အဲဒါ… တော် ပြောစရာလား'

'မှတ်ချက်ချတာပါကွာ၊ မှတ်ချက်ချတာတို့ အတည်ပြုတာတို့ ပါ ငါ အကျင့်ပါနေလို့ပါ'

နဒီမေက ခပ်ပြုံးပြုံးဖြင့် ခေါင်းငုံ့သွားပြန်သည်။ ဒေါ်သဲညွှာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အကြိုက်ကျလေ၏။ မဆိုးဘူး၊ မွေးချင်း မောင်နှမလေး နှစ်ယောက်တည်းရှိတာကို တစ်ယောက်က အိမ်ထောင်ခွဲဖြစ်နေပြီ။ ထိုအိမ်ထောင်ခွဲ အစ်ကိုကြီးကလည်း အလုပ်နှင့်အကိုင်နှင့် သရာဝန်ကြီးအဖြစ် သူ့အိမ်ထောင်နှင့်သူရပ်တည်နေပြီဆိုတော့ အတော်ကျေနပ်ဖွယ် အနေအထားဖြစ်သည်။ မွေးချင်းတစ်ပြုံတစ်မကြီးနှင့် အရှုပ်အထွေးတွေ ဖြစ်လာနိုင်စရာမရှိ။

'ဒါနဲ့… သမီးနဲ့ သားတို့က ဘယ်လိုက ဘယ်လို တွေ့ကြပြီး ဒီအဆင့်အထိ ရောက်လာတာလဲကွယ့်'

နဒီမေ နည်းနည်းတော့ ခေါင်းစားသွားသည်။ ဒီအဖြေကို ထိန်းထိန်းဆဆလေးဖြေမှ ဖြစ်မည်။ တစ်ဝက်မှန် တစ်ဝက်မှား ရောသမမွှေပြီးဖြေမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

'ဒီလို မေကြီးရဲ့ သမီးတို့လူငယ်ချင်း ချစ်သူဖြစ်နေကြတာကို သမီးမိဘတွေက မသိခဲ့ကြပါဘူး၊ ဒါကြောင့် သူတို့ မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ လက်ထပ်ပေးကြဖို့ လူကြီးတွေချင်း စကားလွန်ခဲ့၊ စီစဉ်ခဲ့ကြတယ်၊ သမီးကလည်း သူတို့ သဘောတူ စီစဉ်ပေးတဲ့သူကို လက်မထပ်နိုင်ဘူးလေ၊ ဒါကြောင့် ကိုစည်သူနဲ့ တိုင်ပင်ပြီး ခုလို နှစ်ယောက်သဘောတူ ခိုးရာလိုက် လက်ထပ်ခဲ့ကြရတာပါ၊ သူတို့လည်း သူတို့ဘာသာသူတို့ မင်္ဂလာကိစ္စစီစဉ်လိုက်ကြပြီးမှ သမီးကို ဖွင့်ပြောလာတော့ ခက်ကုန်တာပေါ့'

ဦးဝဏ္ဏရော ဒေါ်သဲညာပါ နားလည်လိုက်ကြသည်။

'ဒါဖြင့်… သမီးကလည်း သား စည်သူကို ချစ်တယ်ပေါ့ နော်၊ ချစ်လို့ စည်သူ့နောက်ကို လိုက်လာခဲ့တာပေါ့နော်'

ဒီတစ်ခါတော့ ဦးဝဏ္ဏက အရင်ဦးအောင် မျက်စောင်းထိုးပစ်လိုက်၏။

'မေကြီးရယ်… အဲဒါ မင်း… မေးစရာလား'



www.burmeseclassic.com

www.burmeseclassic.com



'အလို… ဘာဖြစ်လို့ပါလိမ့်'

'ဟာ… သူတို့ လူငယ်ချင်း ချစ်လို့ကြိုက်လို့ ခိုးရာလိုက်လာလို့ အခု မင်းအိမ်တောင်ရောက်နေပြီပဲကွ၊ ကလေးမလေး အနေရ အဖြေရ ခက်အောင် မမေးပါနဲ့ကွာ၊ ချစ်လား ကြိုက်လား ကလေးစကားတွေ'

'တစ်ဖက်က ရှေ့နေကြီးရဲ့မေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်ခင်ဗျာလို့များ ပြောဦးမလား မသိဘူး၊ ဒီမှာ… ဒါ တော် အလုပ်လုပ်နေတဲ့ တရားရုံးမဟုတ်ဘူးတော့'

ဒေါ်သဲညွှာက ပြန်ဘုတောၾ။

'အေး… မင်း ပြောတဲ့စကားမျိုးတွေက ရုံးတော်တရားခွင် မှာ ရှေ့နေတွေပြောတဲ့စကားကွ၊ ငါက ရှေ့နေမဟုတ်ဘူး၊ တရားသူ ကြီး၊ ဒီတော့ တရားသူကြီး အလုပ်ပဲလုပ်ရလိမ့်မယ်၊ မင်း လူငယ်တွေ ကိစ္စမှာ ကလေးစကားတွေ ဝင်မပြောရဘူးလို့ ငါ စီရင်ချက်ချသကွာ'

ဦးဝဏ္ဏက အပြတ်ဟောက်လိုက်တော့မှ ဒေါ်သဲညွှာ 'ဟွန်း' ခနဲ အသံပြုရင်း ငြိမ်သွားသည်။ ပြီးမှ 'ကိုင်း… ကိုင်း… ကလေးစကား မဟုတ်တဲ့ လူကြီးစကားတွေပဲ ဆက်ပြောပါမယ်တဲ့တော်ရေ' ဟု အငေါ်တူးလိုက်သည်။

'အခု… လက်ရှိ… သမီးက ဘာအလုပ် လုပ်သေးသလဲ… ပြင်ပအလုပ်အကိုင်ပေါ့'

နဒီမေ ခေါင်းခါလိုက်သည်။

'သမီးက ပြင်ပအလုပ်အကိုင်ရယ်လို့ မရှိပါဘူး၊ အိမ်ကလုပ် တဲ့ အလုပ်ပါပဲ၊ ဈေးက အထည်ဆိုင်မှာပဲ ဝင်လုပ်ပါတယ်'

'အခု… သမီးက ဒီလို လိုက်လာလိုက်တော့ သမီးမိဘတွေ မှာ အခက်အခဲများ တွေ့နိုင်မလားဟင်'

'မတွေ့နိုင်ပါဘူး မေကြီး၊ ဆိုင်မှာက ဝိုင်းကူလုပ်မယ့် အရောင်းသမား မိန်းကလေးတွေ ငှားထားပါတယ်၊ သမီးအမေက



www.burmeseclassic.com

www.burmeseclassic.com



သူတို့နဲ့ ဆက်လုပ်လို့ ဖြစ်ပါတယ်၊ သမီး တစ်ယောက်လျှော့သွားလို့ ပြဿနာ မရှိပါဘူး၊ အဆင်ပြေပါတယ်’

ထိုစဉ်မှာပင် ဧည့်ခန်းထဲသို့ စည်သူ ဝင်လာ၏။ စားပွဲဝိုင်းရှိ တစ်ယောက်ထိုင် ဆိုဖာဆက်တီတွင် ဝင်ထိုင်ကာ ပြောလိုက်၏။

‘ကဲ... မေးလို့မြန်းလို့ မပြီးသေးဘူးလား မေကြီး၊ နေ့လည်စာ ထမင်းစားဖို့ အားလုံးအဆင်သင့် ဖြစ်နေပြီတဲ့၊ ဖေကြီး... မေကြီးတို့ ပြီးတော့မှ သားတို့လူငယ်ဝိုင်းတစ်ဝိုင်း ထပ်ဝင်မယ်၊ မီးဖိုဆောင်၊ ထမင်းစားခန်းကို ကြွကြပေတော့’

‘နေပါဦးကွ၊ အခု... မေးရမြန်းရသလောက်ကတော့ မိန်းကလေးရဲ့ဘက်က အခြေအနေတွေကို အနည်းအကျဉ်း သိရပြီးပါပြီ၊ မင်းတို့ လူငယ်တွေကိစ္စက လုပ်လာပြီဆိုတော့ ဖေကြီးတို့ဘက်က လူကြီးကိစ္စတွေ ဆက်လုပ်စရာက ရှိလာပြီလေ၊ အဲဒါကို ဆက်ပြောရဦးမယ်’

ဦးဝဏ္ဏက ဝင်ပြောသည်။

‘ဖေကြီးတို့က ဘာဆက်လုပ်ကြဦးမလို့လဲ’

‘ဟာ... မင်းနှယ်၊ သူများသားသမီးကို ခိုးတုန်းက ခိုးလာပြီး၊ ဒီအတိုင်းထားလို့ ဖြစ်မလားကွ၊ ဒီအတိုင်း ကြည့်နေရင် ငါတို့ လူကြီးတွေ ခွေးဖြစ်ကုန်မှာပေါ့၊ ဒီအကြောင်းတွေကို မိန်းကလေးဘက် မိဘအသိုင်းအဝိုင်းတွေကို အသိပေး အကြောင်းကြားရမယ်၊ တို့အိမ်မှာ ဒီအကြောင်း... ဒီအကြောင်းနဲ့ ရောက်နေပြီဖြစ်လို့ စိတ်မပူကြဖို့ ပြောရမယ်၊ တို့ဘက်က လူကြီးစုံရာနဲ့ စေ့စပ်ညှိနှိုင်း နားဖောက်စကား ပြောဖို့ စီစဉ်ရမယ်၊ မိန်းကလေးကို သူ့မိဘလက်ထဲ ပြန်လည်အပ်နှံရမယ်’

ဦးဝဏ္ဏကတော့ ပြောနေရင်းလက်စကနေ မော၊ မမောမသိ နားထောင်နေသော စည်သူက ကြားကာပင် စိတ်မောပူမောကြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ လက်စသတ်တော့ ဒီပုံအတိုင်းဆို ကိစ္စတွေက ပေရှည်လာဦးမှာပါကလားဟုတွေးကာ ရင်မောလာ၏။

'ပြီးတော့ကော ဖေကြီးရာ… ဘာကျန်သေးလဲ'

'ကျန်သေးတာပေါ့ကွ… မိန်းကလေးမိဘတွေရဲ့ သဘောတူညီ ခွင့်ပြုချက်ကို တောင်းခံရမယ်၊ မင်္ဂလာပွဲကို ဘယ်လိုကျင်းပပေးစေချင်သလဲဆိုတဲ့ ဆန္ဒသဘောထားကို တောင်းခံရမယ်၊ ပြီးတော့ သူတို့မိန်းကလေးရှင်တွေ ကျေနပ်အောင် မင်္ဂလာပွဲကို ကျင်းပပေးရဦးမယ်၊ ဒီအသိုင်းအဝိုင်းနှစ်ခုက ရှေ့ကို ပတ်သက်ဆက်ဆံကြရတော့မှာ၊ ဒီတော့… စကတည်းက နှစ်ဦးနှစ်ဖက် ပြေပြေလည်လည် ကျေကျေနပ်နပ် ရှိနေကြဖို့ အရေးကြီးလာပြီ၊ စကတည်းက မတည့်ဘူးဆိုရင် ဘယ်ဟုတ်တော့မလဲ'

ဦးဝဏ္ဏကတော့ တရားသူကြီးဟောင်းပီပီ နေရာတိုင်း၌ ဥပဒေနည်းကျသာ ပြုမူ ဆောင်ရွက်မည့်သူသာဖြစ်သည်။ ယခုပင် သူ့မှာ ရှေ့ဆက် ဆောင်ရွက်စရာလုပ်ငန်းဆို အကြမ်းဖျင်းတွေကို ရေးဆွဲပြီး ဖြစ်နေလေ၏။ ဝန်ခံရလျှင် စည်သူတို့က ဤမျှအထိ ဆက်တွက်ချက်ထားသည် မဟုတ်။

အရေးကြီးတာက နဒီမေ့ချစ်သူဖြစ်သော ဟိုငနဲသား မော်နီပြန်မရောက်မီ သုံးလတွင် နဒီမေက စည်သူတို့ထံမှ အန္တရာယ်ကင်းကင်း ခိုလှုံနေနိုင်ဖို့သာ တွေးထားကြခြင်း ဖြစ်သည်။ မော်နီပြန်ရောက်သာတာနှင့် စည်သူနှင့် နဒီမေတို့က တရားဝင် ပြန်ကွာရှင်းလိုက်ကြပြီးလျှင် ဇာတ်လမ်းပြတ်ပြီ။ မော်နီနှင့် နဒီမေတို့ချင်း တရားဝင်ပြန်သက်ထပ်ကြကာ အဲဒီတော့မှ တကယ့် အကြင်လင်မယားအဖြစ် တစ်အိုးတစ်အိမ် ထူထောင်လိုက်ကြရန်ဖြစ်၏။

ခုတော့ ဦးဝဏ္ဏလုပ်ပုံကြောင့် ကိစ္စတွေက မှုန်လာကာ ဆေးရှည်ကုန်တော့မည့်ကိန်း…



www.burmeseclassic.com

www.burmeseclassic.com



ဒါကို စည့်သူတွေးမိသလို နဒီမေကလည်း တွေးမိပုံရသည်။

'သမီးကတော့… သမီးတို့ ရှေ့ရေးကိစ္စကို ဒီလိုတွေးထားတယ်… ဖေကြီး'

'ပြောစမ်း… သမီး'

'သမီးတွေးထားတာက ရှင်းပါတယ်၊ ငွေကုန်ကြေးကျခံပြီး မင်္ဂလာညစာခံပွဲတွေ ဘာတွေ လုပ်မနေတော့ဘဲ အဲဒီအတွက် ကုန်ကျမယ့် ငွေတွေကို အကျိုးရှိရှိ၊ တခြားနေရာတွေမှာ သုံးစွဲရရင် ကောင်းမယ်လို့လေ၊ သမီးတို့ဘက်က ကိုးကွယ်ဆည်းကပ်တဲ့ ဆရာတော်ကြီးတွေကို တစ်ရက်၊ ဖေကြီးတို့ဘက်က ကိုးကွယ်တဲ့ဆရာတော်၊ သံဃာတော်ကြီးတွေကို တစ်ရက်၊ မင်္ဂလာဦးအထိမ်းအမှတ်နဲ့ မင်္ဂလာဆွမ်းဦးအလှူဒါနအဖြစ် ဆက်ကပ်လှူဒါန်း ကုသိုလ်ယူကြမယ်၊ တခြားဆေးရုံတို့၊ လူအိုရုံတို့လို နေရာတွေကိုတော့ သမီးတို့ချင်း တိုင်ပင်ပြီး လိုက်လှူကြမယ်… လို့၊ သမီး စဉ်းစားထားပုံကတော့ ဒီလောက်ပဲ ဖေကြီး'

နဒီမေ၏ ဦးတည်ချက်ကတော့ သူတို့နှစ်ယောက်၏ ကိစ္စကို တတ်နိုင်သ၍ အကျဉ်းရုံးဖို့ပင် ဖြစ်လေသည်။ လူသိနည်းလေ ကောင်းလေပင်ဖြစ်သည် မဟုတ်လား။

ဒါကို စည်သူ သဘောပေါက်သလို သဘောလည်းကျသည်။

'ဟုတ်တယ်… ဖေကြီး၊ သူပြောတဲ့အတိုင်းပဲ ကောင်းတယ်'

ဦးဝဏ္ဏက တစ်ချက် မျက်မှောင်ကြုတ်၍ ကြည့်သည်။

'မင်းကလည်း… ငါ့သွေး ငါ့သားလို့မပြောရဘူး၊ တစ်ခါတည်း မိန်းမပြောသမျှ ခေါင်းညိတ်ဖို့ လုပ်တော့တာပဲ၊ ဟွန်း… ပြောရရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်ရဦးမယ်'

ထိုစကားကြောင့် နဒီမေက ပြုံး၍ ခေါင်းငုံ့သွားသည်။ သို့သော် ဒေါ်သဲညွှာကမူ တက်ကြွစွာ ထောက်ခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြောပြလိုက်စမ်းပါ… ဖေကြီးရယ်၊ ပြောပြလိုက်စမ်းပါ၊ ခုန်ရာ မှန်တဲ့အတိုင်း ပြောတာပဲ'

နဒီမေ ခစ်ခနဲ ရယ်လိုက်မိတော့၏။ ဦးဝဏ္ဏက စကားဆက်သည်။

'မင်းတို့ လူငယ်တွေ အနေနဲ့က ဟုတ်ပေမယ့် လူကြီးတွေ အနေနဲ့ကျတော့ ခက်သေးတယ်ကွ၊ မင်္ဂလာပွဲကလေးမှ ကျင်းပမပေးရအောင်းလားလို့ ဟိုလူ… ဒီလူ… ကဲ့ရဲ့မှာ ကြောက်ရတာတို့၊ သမီးကလေး၊ သားကလေး တစ်သက်မှာ တစ်ခါပဲ မင်္ဂလာယူရတဲ့ပွဲမို့ ခမ်းခမ်းနားနားကြီးကို ကျင်းပလိုက်ရမှ ဖြစ်မယ်လို့ ရောဂါထချင်ကြတာတို့က ရှိသေးတယ်ကွ၊ ဒါကြောင့် တစ်ဖက်က မိန်းကလေးရှင်တွေရဲ့သဘောထားကို မေးမြန်းမှ ဖြစ်မယ်လို့ပြောတာ၊ သမီးမိဘတွေဆီကို ဖုန်းဆက်လို့ရမယ် မဟုတ်လား သမီး'

'ရပါတယ်… ဖေကြီး၊ ဒါပေမဲ့… သေချာတာကတော့ ညတက်ပိုင်းကျမှ သေချာလိမ့်မယ်၊ နေ့ပိုင်းဆို ဆိုင်ကို သွားနေကြတာမို့နဲ့တိုးရင် ဆက်သွယ်မိမှာ မဟုတ်ဘူး'

'ကောင်းပြီ… ဖေကြီးလည်း ညပိုင်းပဲ ဆက်မယ်လို့ စိတ်ကူးထားပါတယ်၊ အဲဒီ ဖုန်းနံပါတ်ကလေး ဖေကြီးကို ပေးထား'

ဦးဝဏ္ဏက တောင်းနေသဖြင့် နဒီမေလည်း မည်သို့မျှမတတ်နိုင်တော့ဘဲ ဖုန်းနံပါတ်ကို ရွတ်ဆိုပြလိုက်ရတော့သည်။ ဦးဝဏ္ဏက ဖုန်းနံပါတ်ကို သေချာမှတ်သား၏။ ပြီးမှ ဒေါ်သဲညွှာသို့ လှည့်ပြောသည်။

'ကဲ… တို့ ထမင်းစားလိုက်ကြရအောင်၊ သူတို့က တို့မစားသေးဘဲနဲ့ ရှေ့က ကြိုစားမှာမဟုတ်ဘူး'

ဒေါ်သဲညွှာက ခေါင်းညိတ်၍ နေရာမှထသည်။

'သွားနှင့်ပါတော်…အဝတ်အစားကလေးလဲပြီး လာခဲ့ပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏက မီးဖိုခန်းဆီသို့ ဒေါ်သဲညွာကာ အိပ်ခန်းဆီသို့ ကိုယ်စီ လှမ်းဝင်သွားကြ၏။ ဧည့်ခန်းထဲမှာ နှစ်ယောက်တည်း ကျန်ရစ်တော့မှ နဒီမေက ခပ်တိုးတိုးပြောသည်။

'ကိုစည်သူ့အဖေကတော့ ဖွတ်လုပ်မယ့်ပုံပဲ၊ ညဘက်ကျရင်ပဲ နဒီတို့အိမ်ကို ဖုန်းခေါ်တော့မယ်ထင်တယ်'

'သေချာတာပေါ့ မနဒီ… သူက ဦးတိကျကြီးရယ်ဗျ၊ မတတ်နိုင်ဘူး မနဒီ၊ မော်နီ ပြန်မလာမချင်းကတော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး သူတို့နဲ့ 'ဖောင်း' မဖြစ်အောင် နေရမှာပဲ၊ ဒါပေမဲ့… မင်္ဂလာဧည့်ခံပွဲ အကြီးစားကြီး မလုပ်ရေးကိုတော့ ကျွန်တော်တို့ အသည်းအသန် ကာကွယ်ကြတာပေါ့၊ ဘုန်းကြီးကျောင်းတွေမှာ မင်္ဂလာဆွမ်းသွားကပ်ကြတာမျိုး၊ သိပ်မကျယ်ပြန့်တဲ့ မင်္ဂလာအထိမ်းအမှတ်ကိစ္စမျိုးလေးတွေလောက်တော့ သဘာဝကျအောင် လုပ်ပေးလိုက်ကြတာပေါ့'

နဒီမေ ခေါင်းညိတ်သည်။ မင်္ဂလာဆွမ်းကပ်သည့်ကိစ္စလောက်ကတော့ သိပ်လူသိများစရာ အကြောင်းမရှိနိုင်။ သူတို့ လိုက်လျော၍ ဖြစ်သည်။ သို့သော် ဒီထက်ပိုမို ချဲ့ကားလာမည် ဆိုလျှင်တော့ ပြဿနာပင်။

နဒီမေသည် မရေရာသေးသော ရှေ့ရေးကိုတွေးကာ ကြိတ်၍ ပင့်သက်ချလိုက်မိလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

'အာစရိရေ… ရုံးခန်းရှေ့မှာ
တော့ ဟိုနေ့ကဆိုက်တဲ့ ဖုတ်သွင်းရထား
တ်ကြီးတဲ့ ဖုတ်သွင်းဘူဒိုဇာကြီး ဆိုက်
ပြီ'

ကိုမြဟာန်၏ အပြောကြောင့်
ရား သူကြီးမင်း ဦးခင်မောင်သည်
တ် ခနဲဖြစ်သွားသည်။

'ဘယ်… ဘယ်က… ဖုတ်သွင်း
ဒိုဇာလဲကွ'

'ဆရာကြီးဦးဝဏ္ဏရဲ့ကား ဆိုက်လာတာ ခင်ဗျ'

'ကောင်းကွာ… ဒါကြောင့် မနက်ကတည်းက ငါ့မျက်ခုံး
ွ လှုပ်နေတာ၊ သေတော့မှာပဲ'

'အို… လာမယ့်ဘေး ပြေးတွေ့ကြတာပေါ့ အာစရိရယ်'

ဦးခင်မောင်နှင့် ကိုမြဟာန်တို့ ပြောဆိုနေကြဆဲမှာပင် ရုံးခန်း
သို့ ဦးဝဏ္ဏ ဝင်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ဆရာကြီး ကြွပါခင်ဗျာ၊ ဘယ်က လှည့်ဝင်လာတာလဲ ဆရာကြီး'

ဦးခင်မောင်က ဖျာဖျာသလဲ ဆီးကြိုလိုက်၏။

ဦးဝဏ္ဏက ဦးခင်မောင် ရှေ့စားပွဲရှေ့က ကုလားထိုင်မှာဝင်ထိုင်လိုက်သည်။

'ဒီကို… တမင်လာခဲ့တာပဲကွ'

'ဟုတ်ကဲ့… အထူးကိစ္စများ ရှိလို့လား ဆရာကြီး'

'နည်းနည်းပါးပါး မေးရုံမြန်းရုံပါကွာ၊ ငါ့သား စည်သူတို့ကိစ္စနဲ့ ပတ်သက်လို့ပေါ့'

ဒီအကြောင်းပဲလာမည်ဆိုတာ ဦးခင်မောင်က သိထားပြီးဖြစ်၍ ဒိန်းခနဲ ရင်ထဲမှာ အမြောက်တစ်ချက်ပစ်သွားသည်။

'မင်းက ကလေးတွေကို မတားဆီးဘဲ လုပ်ပေးလိုက်ရကောင်းလား' ဟု ဆိုလာလျှင် မည်သို့ ခုခံကာကွယ်ရမည်ကို ခေါင်းပူပူဖြင့် စဉ်းစား၏။

'ဩော်… မောင်စည်သူတို့ လက်ထပ်သွားကြတဲ့ ကိစ္စလား ဆရာကြီး'

'ဟုတ်တယ်ကွ၊ သူတို့နှစ်ယောက် ကြည်ကြည်ဖြူဖြူ လက်ထပ်ကြတာ ဟုတ်ရဲ့လား၊ မင်း အဲဒီနေ့က ဘယ်လိုအကဲခတ်မိသလဲ'

'ကြည်ကြည်ဖြူဖြူပါပဲ ဆရာကြီး၊ ကောင်မလေးကိုလည်း ကျွန်တော်တို့ ထုံးစံအတိုင်း မေးစရာရှိတာ အကုန်မေးပါတယ်၊ မောင်စည်သူက သွေးဆောင်ဖြားယောင်းလာသလား သူ့ကို လက်ထပ်ဖို့ ခြိမ်းခြောက်သလား၊ ဘာဘာညာညာပေါ့'

'အေး… အဲဒီတော့'

'ကောင်မလေးကိုယ်တိုင်က ဝန်ခံသွားပါတယ် ဆရာကြီး၊



www.burmeseclassic.com

www.burmeseclassic.com



သူကျေနပ်သဘောတူစွာနဲ့ မောင်စည်သူနောက် လိုက်လာခဲ့တာပါပဲ၊ သူ့ကိုလာခိုးဖို့ မောင်စည်သူကို သူ့ဘက်ကစပြီး ချိန်းဆိုခဲ့တာပါတဲ့'

'ဟုတ်လား… ကောင်းတယ်၊ ဒီအချက်က အရေးကြီးတယ်၊ ကောင်မလေးဘက်က ထပြဿနာရှာရင် ခက်နေမှာစိုးလို့ မင်းဆီငါ ဘ ဦးအောင် လာကြိုမေးရတာပဲ'

'ကိစ္စမရှိဘူး ဆရာကြီး၊ လုံးဝ နိုင်လုံတယ်၊ ဒါ့ကြောင့် သူတို့ တောင်းဆိုလာတဲ့အတိုင်း ကျွန်တော်တို့ လက်ထပ်ပေးလိုက်ကြရတာပဲ၊ အခု ဘာဖြစ်လို့လဲ ဆရာကြီး၊ ပြဿနာတက်နေလို့လား'

ဦးဝဏ္ဏ ခေါင်းခါပြသည်။ ဦးခင်မောင်သည် သူ့ဆရာ ဦးဝဏ္ဏ၏အေးဆေးနေပုံကို အကဲခတ်လိုက်ရင်း အတော်အတန် စိတ်အေးသွား၏။ ဝုန်းဒိုင်းကျဲ အပြစ်တင်ဖို့ လိုက်လာခဲ့ခြင်းမျိုး မဟုတ်ဟု သေချာသွားသောကြောင့် ဖြစ်သည်။

'ပြဿနာတက်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့… ငါက သားရှင်ဖြစ်နေတော့ မိန်းကလေးဘက် မိဘတွေကို ဆက်သွယ်အကြောင်းကြားရမယ်၊ သူတို့နဲ့ စကားပြောရတော့မယ်လေကွာ၊ ဒီတော့ ကိုယ့်သားဘက်က အခြေအနေကို အမှန်အတိုင်း ကြိုတင်သိထားဖို့လိုတာပေါ့၊ ကောင်မလေးဆီကနေ သူ့မိဘတွေကို ဆက်သွယ်ဖို့ ဖုန်းနံပါတ်ပေးပြီ'

'ဒါဖြင့်… လှမ်းဆက်သွယ်ကြည့်ပြီးပြီလား ဆရာကြီး'

'ဟင့်အင်း… ငါ… မနေ့ညပိုင်းတုန်းက လှမ်းဆက်သွယ်ဖို့ စဉ်းစားမိသေးတယ်၊ နောက်မှ မဖြစ်သေးပါဘူး၊ ဒီကိစ္စပြေပြေလည်လည်ဟုတ်မဟုတ် မင်းတို့ကို အရင်ကြိုမေးထားဦးမှ ဖြစ်မယ်လို့ အေးမိတာနဲ့ ဖုန်းမခေါ်ဘဲ ထားလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒီလိုသာဆိုရင်တော့ စိတ်ဖြောင့်ဖြောင့်သာ ခေါ်ပေတော့ ဆရာကြီး၊ ကောင်မလေးဘက်က မကျေနပ်လို့ ရစ်တာမျိုးဘာညာ ရှိလာရင်တောင် ကျွန်တော်တို့ တရားသူကြီးဘက်က သက်သေရှိနေပြီပဲ၊ သေသေချာချာ ဥပဒေကြောင်းနဲ့အညီ ကျေနပ် သဘောတူရဲ့လားလို့ ကာယကံရှင်ကို မေးမြန်းစိစစ်ပြီးမှ စာချုပ်မှာ လက်မှတ်ထိုးခိုင်းခဲ့တာပါ၊ ပြဿနာမရှိဘူး ဆရာကြီး၊ သက်သေလက်မှတ်ဝိုင်းထိုးပေးကြတာလည်း ကိုမြပာန်ကို့အဖွဲ့ပဲ၊ ကိုယ့်ရုံးက ကိုယ့်လူတွေချည်းပဲ ဆရာကြီး၊ သွေးဆောင်ဖြားယောင်းပါတယ်၊ ခြိမ်းခြောက်ခေါ်ယူပါတယ် ဆိုတာမျိုး သူတို့လာလုပ်လို့ မရဘူး'

'အေးကွာ… အဲဒါ အဓိကပဲ၊ ဒီလောက်သိထားရရင် ငါသူတို့ဘက်ကို လှမ်း'ချက်'ကြည့်လို့ရပြီ'

ဦးဝဏ္ဏက ခုမှပဲ စိတ်အေးသွားတော့သလို ပြော၏။

'ဘယ်လိုလဲ ဆရာကြီး၊ ကိုယ့်ချွေးမအခြေအနေကိုရော နည်းနည်းပါးပါး မေးမြန်းတီးခေါက်ကြည့်ပြီးပြီလား'

ဦးခင်မောင် စပ်စုကြည့်လိုက်၏။

'အင်း… အနည်းအကျဉ်းတော့ မေးမြန်းကြည့်ပြီးပါပြီ၊ မဆိုးလှပါဘူးကွာ၊ ရည်ရည်မွန်မွန်ကလေးပါပဲ၊ သူ့မိဘတွေကလည်း စီးပွားအသင့်အတင့်ထဲကပါ၊ မင်္ဂလာဈေးမှာ လက်ကားအထည်ဆိုင် ဖွင့်ထားတယ်ဆိုတော့ မဆိုးလှသေးဘူး ပြောရမှာပဲ၊ မောင်နှမနှစ်ယောက်ရှိတာ သူ့အထက်က အစ်ကိုကလည်း အိမ်ထောင်ခွဲတောင် ဖြစ်နေပါပြီတဲ့'

ဦးဝဏ္ဏက သူတို့သိထားပြီးသမျှကို ပြန်ဖောက်သည်ချ၏။

'ဟာ… ဒါဆိုရင်တော့ မဆိုးပါဘူး ဆရာကြီး၊ ကျေနပ်လောက်စရာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… ငါကတော့ မကျေနပ်ဘူးကွ၊ မကျေနပ်ဘူး။ သူတို့ရှေ့မှာသာ ဖွင့်မပြောဘဲနေတာ'

ဦးဝဏ္ဏသည် ရုတ်တရက် စိတ်ဖောက်ပြန်လာသည့်နှယ် စားပွဲကို ဒုန်းခနဲထုလိုက်ရင်း ဆောင့်အင်းအင်းပြောလိုက်သဖြင့် ဦးခင်မောင် လန့်သွားသည်။ စောစောကတော့ ကောင်းပြီကောင်းလျက်နဲ့ ချွေးမလောင်းလျာကို မေးမြန်းပြီးသည်မို့ စိတ်တိုင်းပဲကျတော့သလိုလို ပြီးမှ ရုတ်ခြည်း အချိုးပြောင်းသွားခြင်းဖြစ်လေသည်။

'ဘာ… ဘာဖြစ်လို့လဲ ဆရာကြီး'

ဦးခင်မောင် အလန့်တကြားမေးသည်။

'မကျေနပ်ဘူး'ဆိုတော့ သူတို့ဘက်ကို အပြစ်တင်ဖို့ မြားဦးလှည့်လာစရာ ရှိသည်လေ။

ဒါကို ဦးဝဏ္ဏကလည်း သိပုံရ၏။

'စိတ်မပူပါနဲ့ကွာ… ငါမကျေနပ်တာက မင်းတို့ကို မဟုတ်ပါဘူး၊ မင်းတို့ကတော့ စည်းမျဉ်းဥပဒေနဲ့အညီ ဖြစ်နေရင် ဆောင်ရွက်ပေးကြရမယ့် ဝတ္တရားရှိနေတာဆိုတော့ လုပ်ပေးရမယ့် တာဝန်အတိုင်း လုပ်ကြရမှာပေါ့၊ ဒါကို ငါ နားလည်ပါတယ်'

ဦးခင်မောင် နည်းနည်း အသက်ရှူချောင်သွားသည်။ တော်ပါသေးရဲ့ဟု ကျိတ်ပြီး သက်ပြင်းချလိုက်၏။

'ဒါဖြင့်… ဘာကို မကျေနပ်တာလဲ ဆရာကြီး၊ ဘယ်သူ့ကို မကျေနပ်တာလဲ'

'ငါ မကျေနပ်တာက၊ ဟိုကောင်… စည်သူကို မကျေနပ်တာကွ၊ ငါ့သားကို ငါမကျေနပ်တာ'

ဦးဝဏ္ဏပြောရင်းက ပိုဒေါပွလာပုံရသည်။ နှုတ်ခမ်းမွေးတွေ ထောင်ထလာကာ မျက်နှာကြီး နီမြန်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဆရာကြီးတို့လို မိဘတွေကို လုံးဝကြိုတင်အသိ မပေးဘဲ မိန်းမယူလိုက်လို့လား ဆရာကြီး'

'မဟုတ်ဘူးကွ… မိန်းမယူလိုက်လို့ ဆိုတာက သူ့အသက် အရွယ်နဲ့ဆို အပြစ်တင်လို့ မရတော့ပါဘူး၊ ငါ ဒေါပွမိတာက ငါ ယူစေချင်တဲ့မိန်းမကို မယူဘဲ တခြားတစ်ယောက်ကိုယူလိုက်လို့ ဒေါပွ တာ၊ တောက်… ဒီကောင်ဟာ ဘဦးရဲ့သမီးကို ရအောင်မယူနိုင်တာကို က ချာတူးလန်လို့ပဲ၊ ငါယူစေချင်တာက ဘဦးရဲ့သမီးကွ၊ မှတ်ထား'

ဦးခင်မောင်သည် သူ့ဆရာ ဦးဝဏ္ဏ၏စကားဆုံးတွင် မျက်ဖြူ ဆိုက်သွားကာ သူ့နဖူးသူ လက်ဝါးနဲ့ ရိုက်ချလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

မြဲ့ါးရုံကဖီးနဲ့ အအေးစုံ…

မရမ်းကုန်း ၈ မိုင်ရှိ အေးချမ်းတိတ်ဆိတ်သော အဆင့်မြင့် ကော်ဖီဆိုင်ကလေး ဖြစ်ပါသည်။ မှန်အကြည်များ ကာရံထားသော ပင်မ အဆောက်အဦအပြင် ခြံဝင်းကျယ်ထဲရှိ ဝါးရုံရိပ်များ၌လည်း သီးသန့်စားပွဲဝိုင်း တစ်ဝိုင်းစာ အဆောင်ငယ်လှလှကလေးတွေ နေရာတကျ ဆောက်လုပ်ထားသည်။



ဒီအဆောင်ငယ်လေး တွေကအေးချမ်းစွာ၊ ငြိမ်သက်တိတ်ဆိတ်စွာ စကားပြောချင်သူတွေအတွက် အဆင်ပြေလှသည်။ ထိုသို့သော အဆောင်ငယ်ကလေး တစ်ခုအတွင်းမှာ ဆောင်းဦးခင်ရောက်နေပါသည်။ ကော်ဖီအေးတစ်ခွက်ကို မှာထားပြီးဖြစ်သော်လည်း မသောက်ဖြစ်သေး



www.burmeseclassic.com

www.burmeseclassic.com



ပါ။ လက်မှနာရီကို ကြည့်တော့ နေ့ခင်းနှစ်နာရီ ထိုးတော့မည်။

နာရီကို ကြည့်ပြီးနောက် ပင့်သက်ကို ရှိုက်ချလိုက်သည်။ နောက်ထပ် ၁၀ မိနစ်အတွင်းမှာပင် သူမ မျှော်လင့်နေသော စည်သူ ရောက်ရှိလာတော့မည်ဟု သိထားပြီးဖြစ်၍ အေးအေးလူလူစောင့်ရုံပင်။ ဘာတွေများအရေးကြီးနေသည် မသိ။

ဒီနေ့၊ ဒီအချိန်၊ ဒီနေရာကို မဖြစ်ဖြစ်အောင် အရောက်လာခဲ့ဖို့ စည်သူက ဖုန်းထဲက ချိန်းထားသည်။

ဖြစ်နိုင်လျှင် မလာချင်။

အတတ်နိုင်ဆုံး သိုသိပ်ကျစ်လစ်စွာ နေထိုင်ပြနေတာတောင်မှ အိမ်ကလူကြီးတွေက ဆောင်းဦးခင်ကို မျက်လုံးဒေါက်ထောက် ကြည့်နေကြ၏။ လုံးဝအလစ်မပေး။

သူမ၏ လက်ကိုင်ဖုန်းကိုပင် ပေးမကိုင်တော့တာ ကြည့်။ အိမ်မှာရှိသည့် ကြိုးဖုန်းဆိုတာကပေါ့ ယောင်လို့မှ မကိုင်ဝံ့တာကြာပြီ။

ယနေ့ ဒီကိုလာဖို့ ချိန်းသည့်ကိစ္စသည်ပင် ကြားထဲက သူငယ်ချင်းမတစ်ယောက်၏ ဖုန်းမှတဆင့်ချိန်းဆိုရခြင်းပင်ဖြစ်သည်။ စည်သူက ချိန်းသည်ကို ထိုကြားခံသူငယ်ချင်းမက တစ်ဆင့်လာပြီး တိုးတိုးတိတ်တိတ် ပြောရခြင်း။

ဆောင်းဦးခင် မျှော်လင့်နေစဉ်မှာပင် မြဝါးရုံခြံဝင်းထဲသို့ မောင်းဝင်လာသော စည်သူ၏ကားကို မြင်ရ၏။ ကားရှေ့ခန်းမှာ စည်သူ ဆင်းလာပြီးနောက် နောက်ဘက်တံခါးတွေလည်း နှစ်ဖက်လုံး ပွင့်သွားကာ ကောင်မလေးနှစ်ယောက် တစ်ယောက်တစ်ဖက်ဆီ ဆင်းလာကြသည်။ တစ်ယောက်ကတော့ စည်သူ့ညီမ မေထား ဖြစ်သည်။ နောက်တစ်ယောက်ကိုတော့ ဆောင်းဦးခင် မသိ၊ တစ်ခါမှ မမြင်ဖူးခဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဦးခင်က သူမရှိနေသော အဆောင်ငယ်ကလေးထဲမှာ ထွက်ရပ်ပြလိုက်ကာ လက်ပြလိုက်သည်။

ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်သော စည်သူက လှမ်းမြင်သွားကာ အဆောင်ဘက်သို့ လျှောက်လာ၏။

'ဆောင်းဦး ရောက်နေတာကြာပြီလား၊ တော်ပါသေးရဲ့ ဆောင်းဦးရယ်၊ ထွက်လို့မှ ရပါ့မလားလို့ စိုးရိမ်ပြီး ဒီကိုသာ လာခဲ့ရတယ်၊ ကိုယ့်စိတ်ထဲ တထင့်ထင်နဲ့'

စည်သူ အခုမှ စိတ်ဒုံးဒုံးချရသည့်ဟန်ဖြင့် ပြော၏။

'ဟော့... ဆောင်းဦး၊ နေကောင်းတယ်နော်'

နောက်က လိုက်ပါလာသော မေထားက ပြုံး၍ နှုတ်ဆက်လိုက်သဖြင့် ဆောင်းဦးခင်က ခေါင်းညိတ်ပြလိုက်၏။ ပြီးနောက် လေးယောက်သား အဆောင်ငယ်ကလေးထဲက စားပွဲဝိုင်းမှာ နေရာယူလိုက်ကြ၏။ စားပွဲထိုးကလေးတစ်ဦး ရောက်ရှိလာ၍ စည်သူက ကော်ဖီအေးကိုပင် ထပ်မှာလိုက်သည်။

'နေကောင်းပါတယ် မေထား၊ ဘယ်လိုလဲ ကို... ဘာတွေ အရေးကြီးနေလို့ ဖွတ်ကြီးချိန်းရတာလဲ၊ အိမ်ကအလစ်မပေးဘဲ မျက်လုံးဒေါက်ထောက်ကြည့်နေတယ်လို့ ကို့ကို ပြောထားရက်နဲ့'

ဆောင်ဦးခင်က မေထားကို ပြန်ပြောရင်း တစ်ဆက်တည်းပင် စည်သူ့ဘက်သို့လှည့်၍ မေးလိုက်သည်။

'သိပ်အရေးကြီးလို့ ချိန်းရတာပေါ့ ဆောင်းဦးရဲ့၊ ဒီမှာ လူစုံတက်စုံ ချီတက်လာခဲ့ကြရတာကိုပဲ ကြည့်တော့...'

*စည်သူက မေထားနှင့် နဒီမေတို့ နှစ်ယောက်ကိုပါ မေးဆတ်ပြလိုက်ပြီး ခပ်ပြုံးပြုံးပြော၏။*

'ဟင်... ဘာတွေအရေးကြီးပြန်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဒီး--- စချင်း ဆောင်းဦးကို မိတ်ဆက်ပေးမယ်၊ မေထား နဲ့ အတူပါလာတဲ့ ဒီကောင်မလေးနာမည်က 'နဒီမေ'တဲ့၊ မှတ်ထား နော်'

ဆောင်းဦးခင်က လှမ်းကြည့်လိုက်တော့ နဒီမေက ခေါင်း ညိတ်ကာ ပြုံးပြလိုက်၏။

'မနဒီ··· ဒါက ဆောင်းဦးခင်တဲ့၊ ဟဲဟဲ··· ကျွန်တော်ရဲ့ ဒုတိယမြောက်ဇနီးလောင်းကလေးလေ'

စည်သူ၏ မိတ်ဆက်စကားကြောင့် မေထားနှင့် နဒီမေတို့က ရယ်မောလိုက်ကြနိုင်သော်လည်း ဆောင်းဦးခင်ကတော့ မျက်လုံးက လေးတွေ ဝိုင်းသွားရလေသည်။ ထိုစကား၏ အဓိပ္ပာယ်ကို သူမ နားမလည်လိုက်။

'ဟင်··· ကို မိတ်ဆက်ပေးတဲ့စကားက ဘယ်လိုကြီးလဲ၊ ဆောင်းဦးက ဘယ်လိုက ဘယ်လို ဒုတိယမြောက်ဇနီးလောင်း ဖြစ် သွားရတာလဲ'

ဒီတော့ စည်သူက ဟက်ခနဲရယ်လိုက်သည်။

'ကို့မှာက ပထမဇနီး ရှိနေပြီးသားမို့ပေါ့ ဆောင်းဦးရဲ့'

'ဟင်·· ဘာတွေလဲ၊ ရှုပ်နေတာပဲ၊ ကိုက ဘယ်တုန်းက မိန်းမယူလိုက်လို့ ပထမဇနီး ရှိနေလိုက်ရပြန်တာတုံး၊ ဒါပဲနော် ရတ်ရတ် ရတ်ရတ် မလုပ်နဲ့၊ ဒုတ်ဒုတ်နဲ့ နုပ်နုပ်စဉ်းပစ်လိုက်မယ်'

'ဟင်··· ဘယ်၊ ဘယ်ကိုစင်းမှာလဲ၊ တစ်နေရာတော့ ချန် ထားပေးပါ ဆောင်းဦးရယ်'

'ဘယ်နေရာလဲ'

'ကို့ နှလုံးသားကိုလေ၊ အဲဒါလေးကိုချန်ပြီး ကျန်တဲ့အကုန် စဉ်းကော လုပ်နိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



စည်သူ့စကားကို ဝိုင်းရယ်လိုက်ကြ၏။

ရယ်သံတွေ စဲသွားတော့မှ မေထားက အခြေအနေကို ပြန်ထိန်းကာ သတိပေးလိုက်၏။

'ကဲ… ကိုကြီး၊ ဗလွတ်ရွတ်တတွေ လျှောက်ပြောမနေနဲ့ဦး။ ဆောင်းဦးနဲ့ တွေ့ကြတုန်းက အရေးကြီးတာတွေ ပြောကြရမှာလေ'

'ကဲ… ပြောပါဦး မေထား၊ ဘာတွေများ အရေးကြီးတာတွေ ပြောစရာ ပါလို့လဲ'

ဆောင်းဦးခင်က မေးလိုက်သည်။ ထိုစဉ်မှာပင် စားပွဲထိုးလေးက မှာထားသော ကော်ဖီအေးခွက်တွေကို လာချပေး၏။

နဒီမေက…

'ကဲ… မေထားပဲ ပြောပြလိုက်ပေတော့'ဟု တိုက်တွန်းလိုက်သည်။

'ဒီလို… ဒီလို ယောက်မလောင်းရေ၊ ကိုကြီးက အလကားသက်သက် လျှောက်ပြောတာတော့ မဟုတ်ဘူး'

'လောလောဆယ်မှာ ကိုကြီးနဲ့ ဟောဒီ နဒီမေနဲ့ လက်ထပ်လိုက်ကြရပြီးပြီ၊ နှစ်ဦးသဘောတူ စာချုပ်လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြတာ၊ ဟောဒီမှာ ကြည့်ပေတော့'

မေထားက ဖြစ်စဉ်အစချီပြောလိုက်ပြီး သူမ၏ စလင်းဘတ်ထဲမှ လက်ထပ်စာချုပ်ကိုထုတ်၍ ဆောင်းဦးခင်လက်သို့ ကမ်းပေးလိုက်သည်။

ဆောင်းဦးခင်က လက်ထပ်စာချုပ်ကို ငုံ့ဖတ်လိုက်သည်။ သို့သော် တုန်လှုပ်ချောက်ချားသွားဟန်တော့ မပြပါ။ နားမလည်နိုင်သလို မျက်မှောင်ကလေး ကြုတ်သွား၏။

'နေပါဦး… ကိုနဲ့ မနဒီနဲ့က ဘယ်လိုကြောင့် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရတာတုံး၊ ဘယ်လိုဇာတ်လမ်းကို ကကြဖို့ ပျိုးလိုက်ကြရတာတုံး၊ စာချုပ်ကို မြင်နေဖတ်နေရပြီဆိုပေမယ့် ဒါဟာ 'အင်'ကြီးပဲဆိုတာ ဆောင်းဦးသိတယ်၊ ပြော… ဇာတ်က ဘယ်လိုအချိုးအကွေ့တွေ ဝင်လာလို့လဲ'

ဆောင်းဦးခင်၏ စကားကို နားထောင်ရင်း နဒီမေ အတော်လေးစားသွားသည်။ မျက်စိမျက်နှာ ပျက်မသွားသည့်အပြင် သူမကပင် အကြောင်းရင်းကို မေးနေပေသေး၏။ သူမချစ်သူ၏ ချစ်ခြင်းအပေါ်တွင် မည်မျှအထိ မမိုတ်မသုန် ယုံကြည်စိတ်ချမှု ရှိထားသည်ဆိုသည်ကို လက်တွေ့ပြလိုက်သကဲ့သို့ပင် ရှိတော့၏။

'မပြောချင်တော့ပါဘူး ဆောင်းဦးရယ်၊ ကိုယ့်သူငယ်ချင်း မော်နီလေ၊ ဟို… သဘော်လိုက်နေတဲ့ကောင် မှတ်မိတယ် မဟုတ်လား'

စည်သူက ဝင်ပြော၏။ ဆောင်းဦးခင်က တစ်ချက်တွေပြီး မေးလိုက်၏။

'မှတ်မိတယ်၊ အခုကေ့စ်က အဲဒီ ကိုမော်နီကေ့စ်ကို ဝင်ကရတာလား'

'အစစ်ပေါ့ ဆောင်းဦး၊ မောနီကေ့စ်ပဲ ဒီကောင်က ပင်လယ်ထဲမှာ 'ငါဟာ ရွက်လွှင့်'ဆိုတဲ့ ပလေးဘက်နဲ့ လွှင့်နေတုန်းရှိသေး၊ မနဒီမေမှာက သူ့အိမ်က မိဘတွေရဲ့ အာဝါဟ ဝိဝါဟ ဇာတ်ဝင်ခန်းမှာ မင်းသမီးလုပ်ဖို့ ဇာတ်ကွက်က ဆိုက်လာတော့တာပဲ၊ မော်နီက နောက်သုံးလလောက်ရှိမှ ပြန်လာနိုင်မှာ၊ ဒါကြောင့် အရေးပေါ်သတို့သားလုပ်ပေးထားဖို့ ညွှန်ကြားချက် ရောက်လာတယ်လေ'

'ဒါနဲ့ပဲ နဒီမေကို အချိန်မီ ဝင်ထိန်းသိမ်းလိုက်ရတယ် ဆိုပါတော့လေ'

'အဲဒီအတိုင်းပါပဲ ဆောင်းဦးရယ်၊ ကိုစည်သူနဲ့ မနဒီနဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြီး လုပ်ချလိုက်ကြရတော့တာပဲ၊ အခု နဒီက မေထားနဲ့အတူ နေတယ်ပေါ့၊ ဒါပေမဲ့ အခုအချိန်ထိကတော့ ဒါက နဒီတို့ လူငယ်တွေပဲ သိကြတဲ့အပိုင်းနော်၊ ကိုစည်သူ့မိဘတွေကတော့ မသိဘူး၊ တကယ် နိုးပြေးလာတယ်၊ တကယ်ပဲ ခိုးရာလိုက်လာတယ်လို့ သိထားကြတယ်၊ အဲဒီတော့ သူတို့က သူတို့ဘက်ကအပိုင်းတွေကို အကောင်အထည် ဖော်လာကြလိမ့်မယ်'

'အဲဒီတော့…'

ဆောင်းဦးခင်က စိတ်ဝင်တစားမေး၏။

'ကိုတို့ဘက်ကတော့ ခုကတည်းက အကြီးအကျယ် ဖြစ်လာနိုင်မယ့်ကိစ္စဟူသမျှကို တံတိုင်းကြိုကာထားတာပဲ ဆောင်းဦးရေ၊ ဟိုတစ်နေ့ညကဆို ကို့အဖေက မနဒီမိဘတွေကို ဆက်သွယ်ဖို့ ဖုန်းနံပါတ်တွေ ဘာတွေတောင်းတယ်၊ အကြောင်းကြားမယ်၊ လူကြီးချင်း သွားညှိမယ်၊ မိန်းကလေးရှင်ဘက်က ဘယ်လိုဖြစ်စေချင်သလဲဆိုတဲ့ သဘောထားဆန္ဒတွေ တီးခေါက်မေးမြန်း စုံစမ်းရမယ်ပေါ့လေ၊ အဲဒီမှာ နဒီက ကြိုပိတ်ထားတယ်၊ အကြီးအကျယ် မင်္ဂလာဧည့်ခံပွဲကြီးတွေ ဘာတွေလုပ်မယ့်အစား ဆရာတော်ကြီးတွေကို မင်္ဂလာဦးဆွမ်းကပ်တာမျိုးလောက်ပဲ အကျဉ်းရုံးပြီး လုပ်ချင်ပါတယ်ဆိုတာမျိုးပေါ့၊ ဆိုရရင် သိပ်လူသိများမသွားနိုင်ဘဲ နှစ်ဖက်အသိုင်းအဝိုင်းလောက်ကပဲ ခပ်ကျဉ်းကျဉ်းကလေး သိလိုက်ကြတယ်ဆိုတဲ့ ဒီဇိုင်းရောက်အောင် ဆွဲနေကြရတာပဲ'

စည်သူက ဝင်ရှင်းပြသည်။

'အင်း… ကိုတို့ဆွဲတဲ့ အစီအစဉ်ကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဘယ်အထိ အောင်မြင်နိုင်မလဲ၊ ဆောင်းဦးထင်တယ်၊ မနဒီတို့ဘက်ကတော့ မင်္ဂလာပွဲကျင်းပပေးဖို့ သေချာပေါက်တောင်းဆိုလာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကိစ္စကို အမျိုးမျိုးသော အကြောင်းပြချက်တွေနဲ့ အချိန်ဆွဲထားဦးမယ်ထား၊ လက်တလောအားဖြင့်တော့ 'နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း' ဆိုတဲ့ သတင်းမျိုးတော့ သတင်းစာမှာ သေချာပေါက် ကြော်ငြာအထည့်ခိုင်းမှာပဲ၊ ဒါမှ စောစောတုန်းက မနဒီမေနဲ့ လက်ထပ်ပေးဖို့ သူတို့လူကြီးချင်းတွေ သဘောတူထားကြတယ်ဆိုတဲ့ တစ်ဖက်အသိုင်းဝိုင်းကို သွယ်ဝိုက်သောနည်းနဲ့ အသိပေးပြီးသားဖြစ်နိုင်မယ်လေ'

ဆောင်းဦးခင်က သူမ၏အတွေးကို ချပြသည်။

'ဟုတ်တယ်… အဲလိုမျိုးဖြစ်လာခဲ့ရင် ဒီကိစ္စကို ဆောင်းဦးကလည်း ကြိုတင်သိထားပြီးသားဖြစ်မှ အဆင်ပြေနိုင်မယ်၊ ဒီကြော်ငြာဟာ ကြော်ငြာအားဖြင့် အစစ်အမှန်ဆိုပေမယ့် ကိုတို့ချင်းမှာ နောက်ပိုင်းရှင်းပြီးသားဆိုတာ ဆောင်းဦး သိထားပြီးသားဆိုရင် ပြဿနာမရှိတော့ဘူးလေ၊ ကို့ကိုလည်း ဆောင်းဦး အထင်လွဲစရာ မလိုတော့သလို အဟုတ်မှတ်ပြီးတော့လည်း နာကြည်းစရာ၊ ကြေကွဲစရာ ခံစားနေဖို့မရှိတော့ဘူး၊ ဒါကြောင့် ဒီကိစ္စကို ကြိုတင်ဖွင့်ချပြထားဖို့ ဒီနေ့ ဒီကို အရောက်လာခဲ့ပါလို့ မရမနေချိန်းရတာပဲ… ကဲ… သဘောပေါက်ပြီလား'

ဆောင်းဦးခင်က ပြုံး၍ ခေါင်းညိတ်သည်။

'အင်းလေ… ကြုံလာရပြီပဲ၊ ဒီတော့လည်း အဆင်ပြေအောင် လူငယ်တွေချင်း ဝိုင်းညှိဖြေရှင်းကြရုံရှိတာပေါ့၊ ဆောင်းဦး နားလည်ပေးနိုင်ပါတယ်'

နဒီမေက ဆောင်းဦးခင်၏လက်ဖဝါးများကို သူမ၏လက်များနှင့် လှမ်းဆုပ်ကိုင်လိုက်သည်။

'ဆောင်းဦးရယ်၊ ခုလို နားလည်ပေးတာ ဒိုပ်ကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ာင်ပါတယ်၊ ဒီကိစ္စမှာ ဆောင်းဦးရဲ့ သဘောထားက သိပ်အရေး ကြီးပါတယ်၊ ပြီးတော့လေ··· အခြေအနေအရ မတတ်သာလွန်းလို့ ဒီတို့ လှုပ်ရှားလိုက်ခဲ့ကြရပေမယ့် နဒီတို့ကြောင့် ဆောင်းဦးတို့ ဆိုစည်သူတို့ကြားမှာ ပြဿနာတွေပေါ်ပြီး ရှုပ်ထွေးကုန်မှာ၊ ခွာပြဲသွား ကြမှာတို့ကို သိပ်စိုးရိမ်ခဲ့ရတာ ယုံပါ၊ နဒီတို့ အလှည့်ကျရင်လည်း ဖြစ်မနေ ဝင်ကူညီကြမှာပါ' .

နဒီမေ၏အသံက လှိုက်လှဲဝမ်းသာခြင်းဖြင့် တုန်ယင်နေ၏။ ဆောင်းဦးခင်၏နားလည်ပေးမှုသည် သူတို့အတွက် အရေးကြီးဆုံး သော ဆိုအပ်ချက်ဖြစ်၏။ ဆောင်းဦးခင် နားလည်မှုကိုရဖို့ အတော်ခဲခဲ ညဉ်းယဉ်းကြီး တောင်းပန်ပြောဆို ယူရလေမလားဟု နဒီမေ စိုးရိမ်ခဲ့မိ ဘာ အမှန်ပင်။

ယခုတော့ ဆောင်းဦးခင်က သူမ ထင်သားသည်နှင့် တခြား ဆိုရလောက်အောင် ရင့်ကျက်စာနာသူ ဖြစ်နေလေသည်။

'ရပါတယ်··· မနဒီ၊ ကိုက ဆောင်းဦးကို သစ္စာဖောက်ပြီး နဒီကိုလက်ထပ်ခဲ့တာ မဟုတ်မှန်း ကာယကံရှင် တစ်ယောက်အနေ ဲ့ ဆောင်းဦးက ကြိုတင်သိထားရပြီးပြီပဲ၊ သိအောင်လည်း ကြိုပြော ဆို တိုင်ပင်ချပြပြီးပြီပဲ၊ ကူညီရမှာပေါ့၊ ဒီအမီအစဉ်မှာ တစ်ခုတော့ ကောင်းဘူး'

'ဟင်··· ဘာမကောင်းတာလဲ ဆောင်းဦး'

မေထားက ဝင်မေးသည်။

'စဉ်းစားကြည့်လေ ဒယောက်မရယ်၊ ဆောင်းဦးဘဝမှာ အသည်းစက်တစ်စက်တော့ ထင်သွားပြီပေါ့၊ ဒီကလေးမုနယ် ယူ ရှားရှား··· တစ်မယားကွာ တစ်ခုလပ်ကိုမှ ယူရတယ်လို့ ဝိုင်းပြောတာ ခံရတော့မှာပေါ့၊ ကိုမော်နီပြန်လာတာနဲ့ တစ်ပြိုင်နက် ကက တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လပ်ဘဝကို ချက်ချင်းဆိုက်ရရှာတော့မှာလေ၊ လူတွေကလည်း သူ့ကို တစ်ခုလပ်လို့ပဲ သိကြတော့မှာ၊ ဟွန်း… ဒီက သူ့ကို အမျှားကြီး အနစ်နာခံပြီး ယူရတော့မှာ၊ ဂုဏ်ချင်းက မတူတော့ဘူးလေ'

ဆောင်းဦးခင်က စကားသံအဆုံးတွင် စည်သူကို မျက်စောင်း တစ်ချက်ဝင့်၍ ထိုးလိုက်၏။ သို့သော် ပေါ့ပါးစွာ ကျီစယ်လိုက်ခြင်း သက်သက်မျှသာဖြစ်ကြောင်း ဆောင်းဦးခင်၏မျက်နှာပေါ်မှ ချိုသော အပြုံးကပင် သက်သေခံနေပါသည်။

'အောင်မယ်…လူပျိုစစ်စစ်တစ်ခုလပ်ဆိုတာ ရှားပါးသတ္တဝါ ဆောင်းဦးရဲ့၊ ဒါမျိုးကို ရအောင်ယူခဲ့တာကွယ့်လို့ နောင်လာနောက်သား တွေကို ကြွားလို့ရမှာဖြင့် ထည့်မတွေးဘဲနဲ့'

စည်သူ၏ အရွှတ်အနောက်စကားကြောင့် အားလုံး ဝိုင်းရယ် လိုက်ကြသည်။ ဆောင်းဦးခင်က အနာဂတ်ကို ကြိုနိမိတ်ဖတ်သည်။

'အင်း…ကိုနဲ့ မနဒီမေတို့ရဲ့ နှစ်ဦးသဘောတူ လက်ထပ် ပြီးစီးခြင်းကြော်ငြာသာ သတင်းစာမှာပါလာခဲ့ရင်တော့ အိမ်မှာ ဆောင်း ဦးတော့ ကောင်းကောင်းကြီး နှပ်အပင်ႆဉ္ီ မှာ မြင်ယောင်မိပါသေးရဲ့၊ ကြည့်စမ်း၊ ဒီမှာ နင့်အကောင်လုပ်သွားပုံ…၊ ဒါကြောင့် အစောကြီး ကတည်းက ဒီကောင်ကို အဆက်အသွယ်ဖြတ်ပါလို့ ငါတို့ပြောခဲ့တယ် မဟုတ်လားဆိုတာမျိုးတွေ နားမဆံ့အောင် ကြားရလိမ့်ဦးမယ်'

'အဲဒီတော့လည်း သမီးမှားပါတယ် ဒက်ဒီဆိုတဲ့ မျက်နှာငယ် လေးနဲ့ နေပြလိုက်ပေါ့ ဆောင်းဦးရာ၊ ဒီကိစ္စရဲ့ နောက်ဆက်တွဲ ကောင်းကျိုးကတော့ သူတို့ ဆောင်းဦးကို မျက်စိဒေါက်ထောက် ကြည့် မနေကြတော့ဘဲ လွတ်လပ်စွာ နေထိုင်သွားလာခွင့်လက်မှတ်ကို ပြန် ထုတ်ပေးလာခြင်းပါပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ စည်သူဆိုတဲ့ ကောင် လေးကတော့ သူ့ဇာတ်သူ တစ်ခန်းရပ်ရပ်သိမ်းသွားပြီဆိုတော့လေ…'

www.burmeseclassic.com

www.burmeseclassic.com



စည်သူကလည်း အားကျမခံ ကြိုတင်ခန့်မှန်းချက်ကို ထုတ်ပြန်၏။

'ကဲ… ဒါဆိုရင်၊ အားလုံး အဆင်ပြေပြီနော်၊ ကိုကြီးနဲ့ ဆောင်းဦးတို့လည်း ညီကြပြီးပြီဆိုတော့ အိုကေပြီနော်၊ ဘယ်'ရှော့'မှ ဝင်စရာ မရှိတော့ဘူးဆိုတာ သေချာပြီ မဟုတ်လား၊ အဓိက,ကတော့ ဆောင်းဦးပဲ'

မေထားက ကျန်သုံးယောက်လုံး၏မျက်နှာတွေကို တစ်လှည့်စီ ကြည့်လိုက်ရင်း မေးလိုက်သည်။

'စိတ်ချ… ဘယ်'ရှော့'မှ မဝင်တော့ဘူး မေထားရေ၊ အရေးကြီးတာက ဒီကေ့စ်ကို အားလုံး ညီညီညာညာ ဖြေရှင်းနိုင်ကြဖို့ပဲ'

ဆောင်းဦးခင်က ပြုံး၍ အာမခံလိုက်သည်။

သူမအဖို့ စည်သူ၏အချစ်ကို ယုံသည်။ စည်သူ၏ကိုယ်ကျင့်တရားကို ယုံသည်။ စည်သူ၏နှလုံးသားတွင် သူမမှလွဲ၍ အခြားသူမရှိဟု ယုံသည်။ ထိုယုံကြည်မှုတို့သည် အချစ်ဦး ကြင်စဦးဟူသော ခံစားချက်တို့တွင် မြစ်ဖျားခံသည်လေ။

ဇိုအခိုက်မှာပင် စည်သူက ပြော၏။ ထိုစကားအတွက် အားလုံး ဝိုင်းဝန်းရယ်မောလိုက်ကြမိပေမည့် ထိုစကားသည် သူတို့အတွက် တာပ်လှန့်သံပင်ဖြစ်၏။ စည်သူက ပြောလေသည်။

'ကဲ… ဒါဆိုရင် ပြီးပြီ၊ တစ်မျက်နှာမှ တစ်မျက်နှာသို့ ပြောင်းနိုင်တဲ့ ချစ်ခြင်းမေတ္တာစက်စစ်တွေ ရှင်သန်နိုင်ဖို့အတွက် တို့ ညီညီကလေးနဲ့ ညာကြစို့'

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ပထမအဆင့်အနေဖြင့် နဒီမေ၏ မိဘများဖြစ်သော ဦးဘမြင့် ဒေါ်ရီရီတို့ထံသို့ ဖုန်းဖြင့် ဆက်သွယ်ကြည့်ရသည်။ ဦးဘမြင့်နှင့်ပင် ထိပ်တိုက်တွေ့ရ စကားပြောခွင့်ရ၏။

ဦးဝဏ္ဏက အကြောင်းစုံရှင်းပြပြီး မိမိတို့ဘက်မှ လူကြီးစုံရာဖြင့် လာရောက်တွေ့ဆုံလိုပါကြောင်း တောင်းပန်ကြည့်တော့ ဦးဘမြင့် ရက်တစ်ရက် သတ်မှတ်ပေးသည်။

လေသံကိုနားထောင်ရတာကတော့ သိပ်ကျေနပ်ပုံ မရ။ ကိစ္စက လွန်ပြီးနေပြီမို့သာ အားမတန် မာန်လျှော့သည့် လေသံမျိုး ဖြစ်သည်ဟု အကဲခတ်မိ၏။

မည်သို့ဆိုစေ ဤမျှဆိုလျှင်ပင် အခြေအနေက မဆိုးလှသေးဟု ဦးဝဏ္ဏတွက်သည်။ တစ်ဖက်က ခါးခါးသီးသီး ငြင်းလျှင်ပင် ဟုတ်လှပြီ။ ခမည်းခမက်တွေအဖြစ် ရေ့လျှောက် ဆက်ဆံသွားကြဖို့

www.burmeseclassic.com



ကိစ္စက နောက်ခါလာ နောင်ခါရေးဟု ထားလိုက်ဦး။ ယခု လောလော ဆယ်မှာ မိမိတို့သားရှင်ဘက်က အရပ်ဆိုး အကျည်းတန်မဖြစ်ဖို့သာ လိုသည်ပဲ။

'သမီးရှင်'များဘက်သို့ ဦးဝဏ္ဏ စာနာပါသည်။ ကိုယ့်မှာ လည်း သမီးတစ်ယောက် မွေးထားသည်ပဲ မဟုတ်လား။

ဦးဘမြင့်ထံမှ ရက်ချိန်းရသည်နှင့် ဦးဝဏ္ဏက မိမိဘက်က ဆောင်ရွက်ရမည့် ကိစ္စတွေကို ပြင်ဆင်သည်။ သိပ်တော့ ရှုပ်ထွေးစရာ မရှိလှပါ။ စည်သူတို့ကို လက်ထပ်ပေးခဲ့ကြသည့် သူ့တပည့် တရား သူကြီး ဦးခင်မောင်တို့ ရုံးအဖွဲ့ရှိသည်။ ထိုအဖွဲ့ထဲက ဦးခင်မောင်နှင့် ကိုမြဟန်တို့ကို လိုက်ခဲ့ဖို့ ကြိုပြောထားသည်။ သူတို့ လင်မယားနှစ် ယောက်နှင့်ဆိုတော့ ကြောင်းလမ်းနားဖောက် စကားပြောမည့်အဖွဲ့က ခုစုပေါင်း လေးယောက်ပေါ့၊ ဒီမျှဆို အလုပ်ဖြစ်ပြီ။

ကိစ္စက မလုပ်လျှင်မဖြစ်၊ ပေါ်ပေါက်လာပြီမို့သာ ဦးဝဏ္ဏ သုပ်နေရသည်။ စိတ်ထဲမှာတော့ သားဖြစ်သူ စည်သူ့အပေါ် သိပ် အစာကြေလှသည် မဟုတ်။ တွေးမိတိုင်း တနုံ့နုံ့ဖြစ်၏။

'ဒီကောင်ကိုက ချာတူးလန်ပါတယ်ကွာ၊ ငါ ယူစေချင်တာက ဟိုကောင် ဘဦးရဲ့သမီးကို ရအောင်ယူစေချင်တာကွ၊ ခုတော့ လွဲကုန် ပြီ၊ အဲဒါ အနာဆုံးပဲ၊ ဒီကောင့်နောက် လိုက်လာခဲ့တဲ့ နဒီမလေးကို တော့ သနားပါရဲ့'

တနုံ့နုံ့ဖြစ်တိုင်း ဦးဝဏ္ဏ ကျိတ်မနိုင် ခဲမရ ညည်းချင်းချပြမိ သည်။

'ဒါနဲ့... တော်တို့ပဲ ဒီတစ်သက်မကျေဘူးဆို၊ ကိုယ်နဲ့ မတည့် တဲ့သူရဲ့ သမီးနဲ့ ဝေးကြတာပဲ ကောင်းပါတယ်တော်၊ ဒေါ်ကြာ အကျယ်ကျယ် မငြိမ်းဖွယ်တွေ ဆက်ဖြစ်နေကြမှ ဒုက္ခ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲညှာက ဖျောင်းဖျ၏။

စစ်စစ်တော့ ဦးဝဏ္ဏတို့ မိသားစုနှင့် ဦးဘဦးတို့မိသားစုသည် ခင်ရာမှ မုန်းခဲ့ကြသူများဖြစ်သည်။ စိုရာမှ ခြောက်ခဲ့ကြသူများဖြစ်သည်။ မူလက တစ်ရပ်ကွက်တည်း အတူနေခဲ့ကြသည်။ တစ်အိမ့်တစ်အိမ် ဝင်ထွက်သွားလာခဲ့ကြသည်။ ခင်မင်ရင်းနှီးခဲ့ကြသည်။ ဆိုရလျှင် မိတ်ဆွေအဆင့်ထက် ပိုသေး၏။

သို့သော် ဖြစ်ချင်လာတော့ ဦးဘဦး၏ ညီတစ်ယောက်က ဥပဒေနှင့်မကင်းသော အမှုကိစ္စတစ်ခုဖြစ်ပွားလာ၏။ ရုံးတင် တရားစွဲဆိုခြင်း ခံရ၏။ နှစ်ဘက်ရှေ့နေတွေ အပြိုင်ငှားကြကာ အမှုကို ရင်ဆိုင်ဖြေရှင်းကြရ၏။ ထိုအမှုအတွက် စီရင်ချက် ချရမည့် တရားသူကြီးက ဦးဝဏ္ဏ…။

ဦးဘဦးက သူ့ညီ၏ အမှုကိစ္စနှင့်ပတ်သက်၍ သူ့လူ ဦးဝဏ္ဏကို အားကိုးသည်။

အကြိမ်ကြိမ် လာရောက်တွေ့ဆုံဆွေးနွေး၍ သက်သာရာသက်သာကြောင်းကို ရှာ၏။ သို့သော် ဖြစ်လာသည့် အမှုကိစ္စက သာမာန် အရပ်သားချင်းမျှသာ ဖြစ်ကြသည့် ကိစ္စမျိုးမဟုတ်။ အစိုးရဌာနတစ်ခုနှင့် ပတ်သက်နေသည်။ ဦးဘဦး၏ ညီဖြစ်သူက အစိုးရဌာနတစ်ခု၏ ပိုင်ဆိုင်မှုကို ကိုယ်ကျိုးအသုံးချခဲ့ခြင်းဖြစ်၏။

ရုံးတော်တွင် စစ်ဆေးကြ၊ ထွက်ဆိုကြ၊ သက်သေတွေက ဖော်ထုတ်ကြနှင့် ပြစ်မှုက ထင်ရှားနေသည်။ ဦးဝဏ္ဏလည်း မကယ်နိုင်။ တာဝန်နှင့်ဝတ္တရားအရ ရှေ့မျက်နှာနောက်ထားကာ စီရင်ချက်အမိန့်ချလိုက်တော့၏။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်။

ဦးဝဏ္ဏ၏ 'ထောင်ဒဏ် ၅ နှစ်' ဆိုသော စီရင်ချက်သည် '၁၀နှစ်'မက ဆက်ဆံရင်းနှီးလာခဲ့ကြသော ဦးဘဦးတို့ မိသားစုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဝင်မှုတို့ကို ဖြိုချပစ်လိုက်သလို ဖြစ်သွားခဲ့ရလေသည်။

ဦးဘဦး အကြီးအကျယ်ဒေါပွ၏။ ဤမျှရင်းနှီးသည့် ဦးဝဏ္ဏ တစ်ယောက်လုံး ရှိပါလျက်နှင့် သူအားကိုးမိသော ဦးဝဏ္ဏကပင် သူ့ညီကို ပြင်းထန်သော စီရင်ချက်ကို ချလိုက်သည်။ တကယ်ဆိုလျှင် ထို့ထက်ပို၍ လျှော့လျှော့ပေါ့ပေါ့ကလေး စီရင်ချက်ချပေးလျှင် ရနိုင်သေးသည်။ ဖြစ်နိုင်သေးသည်ဟုသာ မြင်၏။

ဦးဝဏ္ဏ မည်မျှရှင်းပြသော်လည်း ဦးဘဦးက လက်မခံနိုင်။ ဒေါသခံနေ၍ ပြောစကားတွေလည်း နားမဝင်နိုင်။ နောက်ဆုံးတော့ ငယ်သကတည်းက တစ်ယူသန်သမားဖြစ်သော ဦးဘဦးသည် မိသားစု နှစ်ခုဆက်ဆံရေးကို ဖြတ်တောက်လိုက်တော့၏။

'ဝဏ္ဏဆိုတဲ့ကောင်က ငိုစားရယ်စားပါကွာ၊ သူ့ခွင်ထဲရောက် သွားလို့ကတော့ ဘယ်မျက်နှာမှ မထောက်တော့ဘူး၊ အပြတ်နှိပ်ကွပ် တော့တာပဲ၊ ငါတော့ ဒီကောင်ကို တစ်သက် မဆက်ဆံဘူးဟေ့...'

သူတို့ခုံနေကျ မိတ်ဆွေများ၏ လက်ဖက်ရည် စားပွဲဝိုင်းတွေ မှာ ဦးဘဦးက ကြောင်ကြော်ကြောဝင်၏။ ထိုစကားတွေက ဦးဝဏ္ဏထံ ပြန်ရောက်တာပဲ ဖြစ်သည်။

'ဟ... ဘဦးဆိုတဲ့ကောင်က ပိုက်ဆံဘယ်လိုရှာရမလဲ ဆို တာကလွဲရင် ဘာသိတာရှိလို့လဲ၊ ဥပဒေအကြောင်း ရှင်းပြနေလည်း ကောင်က ကျွဲပါးစောင်းတီးပဲ ဖြစ်မှာပဲ၊ ငါလည်း အတတ်နိုင်ဆုံး တော့ ဘောင်အတွင်းက ကူညီနိုင်ဖို့ ကြိုးစားခဲ့တာပဲ၊ ဒါပေမဲ့ ပြစ်မှုကို ထင်ရှားနေတဲ့နောက်တော့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဘဦးကို ပြောလိုက်ကြစမ်းကွာ၊ အခုဖြစ်ခဲ့တဲ့ကိစ္စမှာ သူ့ညီမပြောနဲ့၊ တရားခံ က သူကိုယ်တိုင်ဖြစ်နေရင်တောင် ငါတော့ အခုချတဲ့ စီရင်ချက်ပဲ ချမှာပဲ ဆိုတာကို'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏကလည်း လက်ဖက်ရည်ဝိုင်းတွေမှာ စကားစပ်မိသည်နှင့် ဦးဘဦးကို ပြန်တွယ်သည်။

ဒီလိုနှင့် ဦးဝဏ္ဏနှင့် ဦးဘဦးတို့သည် အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေရင်းချာများ ဘဝမှသည် ရန်သူတော်များဘဝသို့ ပြောင်းလဲသွားခဲ့ကြခြင်းဖြစ်သည်။ လူချင်းပြောဆိုဆက်ဆံကြဖို့ နောက်ထား၊ လမ်းမှာ မျက်နှာချင်းဆိုင်တွေ့လျှင်ပင် ရှောင်ရှားသွားကြသောသူများ ဖြစ်လာကြသည်။

နောက်ပိုင်းတွင် ဦးဘဦးတို့က လက်ရှိနေထိုင်သော တိုက်နှင့်ခြံကို ရောင်းချကာ တခြားနေရာသစ်တစ်ခုသို့ ပြောင်းရွှေ့သွားခဲ့ကြတော့သည်။

ထိုသို့ ပြောင်းတာတောင်မှ ရိုးရိုးမပြောင်း။ ဦးဘဦးက ထွက်ခတ် ခတ်သွားသေးသည်။

'ဝဏ္ဏလိုကောင်မျိုးက ဝေးလေကောင်းလေ ဆိုတဲ့ မော်တော်ကားနောက်မြီးက စာတန်းလို သတိပေးစာတန်း ချိတ်ပေးထားရမယ့်ကောင်မျိုးကွ၊ ငါတော့ သင်းရှိတဲ့အရပ်မှာ မနေဘူး၊ တစ်ရပ်တည်းနေရတာတောင် စိတ်မသန့်ဘူး၊ ဒါကြောင့် ပြောင်းတာ'

ဦးဘဦး၏ နောက်ဆုံးစကားက ဦးဝဏ္ဏထံ ပြန်ရောက်၏။ ဦးဝဏ္ဏ တက်တခေါက်ခေါက်ဖြင့် ကျိန်ရစ်၏။ သည်မှာပင် တစ်စခန်းထလာသူက စည်သူပင် ဖြစ်တော့၏။ စည်သူက ဝေဖန်၏။

'အဖေတို့ကဟာကလဲဗျာ၊ လူကြီးတွေဖြစ်နေပြီး ကလေးကလားနိုင်ကြရန်ကော၊ အဖေတို့ လူကြီးချင်းမတည့်ကြတာက အကြောင်းမဟုတ်ဘူး၊ အခု ကျွန်တော်တို့ သားသမီးတွေကပါ ကြားထဲက ကန့်လန့်ကန့်လန့်နဲ့ ပဲလှော်ကြား ဆားညပ်ဆိုသလို ဖြစ်ရုံပြီ'

'အံမလေးကွာ... မင်းကများ လွမ်းတော်မူနေလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာသူကို နားလည်မှုမရှိဘဲ မဆင်ခြင် မသုံးသပ်ဘဲ ကိုယ့်ဟာကိုယ်စွဲချက်တင်၊ ကိုယ့်ဟာကိုယ် ဒေါပွ၊ ကိုယ့်ဟာကိုယ် အဆက်အသွယ်ဖြတ်ကြတဲ့ကိစ္စ၊ ငါတို့က ခြေသလုံးဖက် တောင်းပန်နေရဦးမှာလားကွ၊ သူတို့ အသိုင်းအဝိုင်းနဲ့ မဆက်ဆံရတော့ကော ဘာအရေးကြီးသလဲ'

ဦးဝဏ္ဏက ပြန်ပြောတော့ သမီးဖြစ်သူ မေထားက ပြုံးစေ့စေ့ဖြင့် သူ့အစ်ကို စည်သူကို ကြည့်၏။

'အင်း... ဖေကြီးတို့အဖို့ အရေးမကြီးပေမယ့် သမီးတို့အဖို့တော့ အရေးကြီးတယ် ဖေကြီးရဲ့၊ ဆောင်းဦးက သမီးရဲ့ ရင်းရင်းနှီးနှီးသူငယ်ချင်းမှ မဟုတ်တာ'

'ရင်းရင်းသူငယ်ချင်း မဟုတ်လို့ ဗွတ်ရှယ်သူငယ်ချင်းများ ရှိသေးလို့လားဟဲ့'

'ရှိတာပေါ့ ဖေကြီးရ၊ ဆောင်းဦးက အဲဒီ အဆင့်ထက်တောင်ဦးမယ်၊ သမီးရဲ့ ယောက်မလေး...၊ ကိုကြီးနဲ့ ဆောင်းဦးနဲ့က သမီးရည်းစားဖြစ်နေတာ ကြာလှပြီ'

'ဟေ...'

ဒီကိစ္စကတော့ ဦးဝဏ္ဏတွေးမထားမိသော ကိစ္စပင်ဖြစ်တော့၏။

'ဖေကြီးတို့ လူကြီးတွေချင်းက ပြဿနာတွေဝင်ပြီး မတည့်ကြတော့ဘူးဆိုတော့ ကိုကြီးနဲ့ ဆောင်းဦးတို့မှာပါ အဲဒီ ဂယက်က သာရိုက်တော့တာပေါ့ ဖေကြီးရဲ့'

မေထားက ဆက်ရှင်းပြလိုက်၏။ ဦးဝဏ္ဏက စည်သူ့ကို ချက်လုံးပြူးကြီးနှင့် လှမ်းကြည့်ကာ..

'ဩ... လက်စသတ်တော့ ဒီကောင်က ဒါကြောင့် ငါတို့ကို



www.burmeseclassic.com

www.burmeseclassic.com



'တစ်ရန်တစ်မန်'အပြစ်တင်နေတာကိုး၊ ဟော့ကောင်… စည်သူ'

'ဗျာ… ဖေကြီး'

'မင်းညီမပြောတာ အမှန်ပဲလားဟေ့'

'မှန်ပါတယ် ဖေကြီး'

'အေ… မှန်တယ်ထင်ရင် ဆက်လုပ်… ဒါပဲ…၊ တို့လူကြီးတွေချင်း မသင့်မြတ်တာနဲ့ မင်းတို့လူငယ်ချင်း သမီးရည်းစားဖြစ်နေကြတာက တစ်ကဏ္ဍစီပဲ၊ ဘဦးသမီးကို ရအောင်ယူကွာ'

ဦးဘဦးကို အမြင်ကတ်၍ တမင်ရွဲ့ပြောလေသလား၊ လူငယ်တွေ၏အချစ်ရေးကိစ္စကို နားလည်မှုရှိစွာ လိုက်လျောလိုသော သဘောဖြင့် ပြောသည်လားတော့ မသိ။ ဦးဝဏ္ဏက ဆက်၍ပင်မြှောက်ပေးလိုက်သေးလေသည်။

'ဟွန်း… ဖေကြီးကသာ ရအောင်ယူကွ လုပ်နေ ပြောနေတာ ဆောင်းဦးတို့ဘက်ကတော့ ပြောင်းပြန် ဖေကြီးရ၊ အခု ဖေကြီးတို့နဲ့လည်း ပြဿနာတက်ကြပြီးရော၊ ကျွန်တော့်ကို အဆက်ဖြတ်ဖို့ ဆောင်းဦးကို အမိန့်ချသတဲ့ ဖေကြီးရ'

စည်သူက ရှုံ့မဲ့စွာ ဝန်ခံချက်ပေး၏။ ဦးဝဏ္ဏက တဟားဟား ရယ်လိုက်သည်။

'ဒါ့ကြောင့်… ဒီကောင် ဘဦးဟာလေ ကလေးစိတ်ပါလို့ ပြောတာပေါ့ကွာ၊ ငါ့ကိုမခေါ်ရင် ငါ့အိုးပုတ်ပြန်ပေးဆိုတဲ့ ကောင်စားကွ'

'ခုဟာက အိုးပုတ်မှ မဟုတ်ဘဲ ဖေကြီးရ၊ သူ့သမီးအရင်းခေါက်ခေါက်ကြီး၊ သူ့သဘောကျ ကြိုးဆွဲမှာပေါ့'

'အေးလေ… အဲဒါကြောင့် ဒီကောင့်သမီးကို ရအောင်ယူလို့ ငါ ပြောတာပေါ့ကွာ၊ ကောင်မလေးကသာ မင်းဘက်ကပါရင် ဖအေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် ဒီကောင် ဖျက်လို့မရပါဘူး၊ ဖူးစာပါရင် ညားကိုညား ကြတာချည်းပဲကွ၊ စိတ်မပျက်ပါနဲ့ကွာ၊ မင်းတို့ လူငယ်တွေကိစ္စမှာ ဖေကြီးကတော့ ဘာမှ ဝင်မစွက်ဖက်ဘူး၊ ကိုယ့်လမ်းကိုယ်ရွေးကြ ပါပဲ'

ဦးဝဏ္ဏက စည်သူတို့လူငယ်များ၏ကိစ္စနှင့် ပတ်သက်၍ စောင်သိကတည်းက လွတ်လပ်စွာ ရွေးချယ်ခွင့်ကို ပေးခဲ့လေသည်။ ယခုတော့ သားတော်မောင်က ရွေးချယ်ခဲ့ပါလေပြီ။

ရွေးမယ့် ရွေးတော့' မထင်သည့်အပေါက်ကထွက်'ဆိုသလို ဦးဝဏ္ဏတို့ လုံးဝမသိကျွမ်းခဲ့သော မျက်နှာစိမ်းမိန်းကလေးတစ်ယောက် ဖြစ်နေခဲ့၏။ မူလက ကောင်မလေးကို အဆက်အသွယ်ဖြတ်ခဲ့လေ သလား ဦးဝဏ္ဏ မသိ။ သို့သော် ထိုကောင်မလေးနှင့် လွဲချော်သွားရ ခြင်းကိစ္စအတွက်မူ ဦးဝဏ္ဏ နှမြောနေသည်။ သူ့သားနှင့် ရလိုက်သည့် အတွက် သမီးကို မကျေချမ်းနိုင်ဖြစ်နေမည့် ဦးဘဦး၏မျက်နှာကို ကြည့်လိုက်ချင်သေးသည်။

'ဘဦးရာ... မင်းသမီးလည်း ငါ့သမီးပါပဲ၊ ငါ့သားနဲ့ရတာ ဆိုတော့ ငါ့သမီးပဲပေါ့၊ ဟဲ... ဟဲ...ဟဲ...'ဟု သားရှင်ပီပီ အကြော ကြီးနှင့် ပြုံးပြုံးကြီးကြည့်၍ ပြောလိုက် ကလိလိုက်ချင်သေး၏။

ခုတော့ အိမ်ကကောင် ချော်တောငေါ့သည့်အတွက် ထိုအချင် အရေးကို ရ...ာ့မည်မဟုတ်။ ခုမှတော့ ပေါက်တဲ့နဖူး မထူးတော့ပြီ။ သားခေါ်ရာသို့ လိုက်ပါလာခဲ့သည်။ နဒီမေကလေး၏ မိဘများနှင့်သာ ဆက်သွယ်၍ ကိုယ့်ဘက်က မိဘဝတ္တရားကျေပွန်အောင် ဆောင်ရွက် ပေးရန်သာ ရှိတော့သည်။

'ဖေကြီးရေ... ကျုပ်တော့ အဝတ်အစားလဲပြီးပြီ၊ ဖေကြီး ရော ဘာယူစရာရှိသေးလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းတွင်ထိုင်ရင်း ဦးဝဏ္ဏ အတွေးပေါင်းစုံ ရှည်နေဆဲမှာပင် နောက်ဘက်ခန်းဆီမှ ဒေါ်သဲညွှာ လှမ်းထွက်လာကာ ပြောလိုက်၏။ ဦးဝဏ္ဏအတွေးများ ရပ်ဆိုင်းသွားသည်။

'ငါက အားလုံးအဆင့်သင့်ပါကွာ၊ မင်းကိုပဲ စောင့်နေတာပါ၊ အသင့်ဖြစ်ရင် သွားကြစို့'

ဦးဝဏ္ဏ ထိုင်ခုံမှ ထလိုက်ရင်း ပြောလိုက်သည်။ ကားသော့ကို ယူသည်။

'အတူလိုက်ကြဖို့ ကိုခင်မောင်တို့ကို ပြောထားပြီးပြီနော်'

ဒေါ်သဲညွှာက သတိပေးသလို မေး၏။

'ပြောပြီးသားပါကွာ၊ ဒီကောင်တွေ ရုံးကပဲ စောင့်နေကြလိမ့်မယ်၊ အခု ငါတို့သွားရင် ဝင်ခေါ်လိုက်ကြတာပေါ့'

'အင်း... ဟိုဘက် အသိုင်းအဝိုင်းနဲ့ ဘယ်လိုများ ပြောကြဆိုကြရဦးမလဲ မသိဘူးနော်၊ အဆင်မှ ပြေပါ့မလားပဲ'

ဒေါ်သဲညွှာက အတွေ့အကြုံမရှိခဲ့သေးသောကိစ္စကို ဆောင်ရွက်ရမည်မို့ ရင်လေးနေမိသလို စိတ်မချနိုင်စွာ ရှင်းပြ၏။

'ကွာ... မီးစင် ကြည့် ကကြရမှာပေါ့'

ဦးဝဏ္ဏက အားပေးနှစ်သိမ့်လိုက်၏။ ပြီးမှ လင်မယားနှစ်ယောက်အတူတူ အိမ်မှ ထွက်ခဲ့ကြလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

'ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီဆိုတော့ ခုချိန်ကျမှတော့ ကျွန်တော်တို့ နောက်ပြန်ဆုတ်ချင်လို့လည်း မရတော့ဘူးဗျာ၊ ကျွန်တော်တို့အနေနဲ့တော့ ကိုယ့်ဘက်က ကိုယ့်သမီးကိုပဲ ကိုယ်အပြစ်တင်ပါတယ်၊ အပြစ်ပြောစရာရှိရင်လည်း သူ့ကိုပဲ ပြောမှာပါ၊ အခု သူတို့ဆုံးသွားတဲ့ကိစ္စအတွက်တော့ ကျွန်တော်တို့မှာ တစ်ဖက်က ပြောထားပြီးသော မိတ်ဆွေတွေအပေါ် မျက်နှာပျက်ရတာပေါ့လေ၊ မျက်နှာအောက်ချပြီး တောင်းပန်ရုံကလွဲလို့ ဘာမှ မတတ်နိုင်တော့ပါဘူးဗျာ'

နဒီမေ၏ ဖခင်ဖြစ်သူ ဦးဘမြင့်၏စကား ဖြစ်သည်။

ဦးဘမြင့်ကို ကြည့်ရသည်မှာ နဒီမေ၏ကိစ္စနှင့် ပတ်သက်၍ ဖြစ်သမျှ အကြောင်းပဲ' ဟု စိတ်းဒုံးဒုံးချထားခဲ့ပြီး လိုက်ဟန်တူသည်။ 'လုံးဝသဘောမတူနိုင်ဘူး၊ မရ ရအောင် ပြန်ခွဲရမယ်' ဆိုသည့် ဒေါသတကြီးပုံစံမျိုးမဟုတ်၊ နဒီမေနှင့် လက်ထပ်ပေးရန် စကားသွန်ထားမိပြီး



www.burmeseclassic.com

www.burmeseclassic.com



သော သူတို့သဘောတူထားခဲ့သည့် မတော်လိုက်ရသော သမက်နှင့် အသိုင်းအဝိုင်းကိုသာ မျက်နှာပူနေဟန်ရှိသည်။

'ဟုတ်ကဲ့.. ဦးဘမြင့် ခင်ဗျာ၊ ကျွန်တော်တို့လည်း သူတို့ လူငယ်ချင်း ဘယ်တုန်းက ဘယ်လို ရည်ငံနေခဲ့ကြတယ်၊ ဘာဘာ ညာညာကို မသိခဲ့ကြပါဘူး ခင်ဗျာ၊ ရုတ်တရက်ကြီး နှစ်ယောက်သား ခိုးပြေးလာကြပြီး သားဖြစ်သူက ဖွင့်ပြောလာတော့မှပဲ သိခွင့်ရခဲ့တာပါ၊ ဖြစ်လာပြီဆိုတော့လည်း ကျွန်တော်တို့မှာ ဆောင်ရွက်ပေးကြရမယ့် မိဘဝတ္တရားရှိတာမို့ ခုလို ဆက်သွယ်ပြီး လေးလေးစားစား လာတွေ့ဆုံ စကားပြောရတာပါ'

ဦးဝဏ္ဏက ပြေရာပြေကြောင်း လေပြေထိုးရ၏။

'ကျေးဇူးတင်ပါတယ်ရှင်၊ ဒီဘက်မိဘများကို ကျွန်မတို့ တကယ် ကျေးဇူးတင်ပါတယ်၊ ကျွန်မဖြင့် လိုက်သာလိုက်လာခဲ့ရ တယ်၊ ဒီလိုမျိုး မိန်းကလေးဘက်က အဆင်ပြေပြေမှ လက်ခံနိုင်ကြ ပါ့မလားလို့ တထိတ်ထိတ်နဲ့ပဲရှင်၊ ဒါကြောင့် ခုလိုကြောင်းလမ်း နားဖောက်စကား လာပြောတဲ့အချိန်မှာ သားတို့ သမီးတို့ ခိုးပြေးလာ ကြပြီး လက်မှတ်ထိုးလက်ထပ်ကြတုန်းက ဆောင်ရွက်ပေးခဲ့တဲ့ တရား သူကြီး ဦးမောင်တို့ကို တစ်ပါတည်း မေတ္တာရပ်ခံပြီး ခေါ်လာခဲ့ကြတာ ပါ'

ဒေါ်သဲညာက တရားသူကြီး ဦးခင်မောင်ကို မေးဆတ်ပြကာ အသိပေးလိုက်ရင်း ဝမ်းသာလှိုက်လှဲသံဖြင့် ပြောသည်။ နဒီမေ၏ မိခင်ဖြစ်သူ ဒေါ်ရီရီကတော့ ပြုံးပြုံး ပြုံးပြုံးနှင့် သဘောထားကောင်း မည့် မျက်နှာထားမျိုးပင်ဖြစ်သည်။

'ဟုတ်ကဲ့... ကျွန်မတို့လည်း သူ့ချစ်သူနဲ့ ခိုးရာလိုက်ပြေး သွားပါတယ်ဆိုတဲ့ ရေးထားခဲ့တဲ့ စာလေးတစ်စောင်ကျန်ခဲ့လို့ သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဆိုတာ ဘယ်သူမှန်း မသိကြပါဘူး၊ အခု ဒေါ်သဲညှာတို့ဘက်
ဆက်သွယ်လာတော့မှာပဲ သိခွင့်ရပါတယ်၊ ကျွန်မတို့ လူကြီးချင်း
စကားလွှန်ထားမိတော့ သမီးဖြစ်သူက ကြောက်အားလန့်အားနဲ့
ကိစ္စကို အမြန်အကောင်အထည်ဖော်လိုက်တော့တာပဲ ဖြစ်မှာပေါ့၊
ခမီးကို ကျွန်မက ကျွန်မတို့အစီအစဉ်တွေကို ဖွင့်ပြောလိုက်မိတာ

ဒေါ်ရီရီက ရှင်းပြသည်။ ချော့ခံထားသော ကော်ဖီနှင့်မုန့်များ
စားသောက်ကြရန်လည်း တတွတ်တွတ်ပြော၏။

'ကျွန်တော်က ဒီက ဦးဘမြင့်တို့ ဒေါ်ရီရီတို့သမီး မနဒီမေနဲ့
မောင်စည်သူတို့ကို ဥပဒေနဲ့အညီ လက်မထပ်ကြသေးမီ အချိန်
တည်းက သေသေချာချာ စစ်ဆေးမေးမြန်းခဲ့ပါတယ် ခင်ဗျာ၊ မောင်
စည်သူက သွေးဆောင်ဖြားယောင်းခဲ့တာလား (သို့မဟုတ်) ထိတ်လန့်
အောင် အကြောင်းတစ်ခုခုနဲ့ ခြိမ်းခြောက်ထားခဲ့သလား စသဖြင့်ပေါ့၊
ဒီမေကိုယ်တိုင်က သူမသဘောနဲ့သူ ကျေနပ်သဘောတူစွာ ခိုးရာ
လိုက်လာခဲ့တာ ဖြစ်ပါတယ်၊ မောင်စည်သူနဲ့လက်ထပ်ပေးပါလို့ ဝန်ခံ
ချက်ဆိုချက်ကို ရရှိပြီးမှ ဥပဒေနဲ့အညီ လက်ထပ်ပေးခဲ့ရတာပါ၊
ကို ဒီဘက်က မိန်းကလေးရှင်များဘက်က သက်ာရှင်းအောင် ပြောဆို
ဖို့အကူအညီတောင်းလာတဲ့အတွက် ကျွန်တော်လည်း လိုက်ပါလာခဲ့
ခြင်း ဖြစ်ပါတယ်၊ သူတို့နှစ်ယောက်ဟာ တကယ့်တရားဝင် အကြင်
လင်မယားအဖြစ် ဥပဒေနဲ့အညီခံယူခဲ့ကြတာ ဖြစ်ပါတယ်ခင်ဗျာ'

တရားသူကြီးအဖြစ် ဆောင်ရွက်ပေးခဲ့သော ဦးခင်မောင်က
ရှင်းပြခြင်းဖြစ်သည်။ တရားသူကြီးကိုယ်တိုင်က ဥပဒေနှင့်အညီ
ဆောက်ခံဖြေရှင်းနေပြီမို့ အခြေအနေက စင်းလုံးချောပင် ဖြစ်
တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဒီအခြေအနေကို ရောက်မှတော့ ကလေးတွေ
ထည်း ပြန်ခွဲမနေပါနဲ့တော့နော်၊ ကျွန်တော်တို့က ယောကျာ်းလေးဘ
က သားရှင်ဆိုတော့ ဒီက သမီးရှင်များကို လေးလေးစားစားမေး
တယ်၊ သူတို့နဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က ဘာတွေဆော
ရွက် ပေးစေချင်ပါသလဲ ခင်ဗျာ၊ မင်္ဂလာပွဲကိစ္စအပါအဝင် သူတို့
ရေးအထိ ဆိုပါတော့'

ဦးဝဏ္ဏက မိန်းကလေးရှင်များ၏ ဆန္ဒကို တီးခေါက်စ
ကြည့်လိုက်သည်။

'လောလောဆယ် သူတို့ကရော ဘယ်လို စိတ်ကူးထား
တယ် ပြောသလဲဗျာ'

ဦးဘမြင့်က ပြန်မေးသည်။

'သမီးနဒီမေကတော့ ရှင်းပါတယ်၊ မေးမြန်းကြည့်မိတော
အကြီးအကျယ် မင်္ဂလာဧည့်ခံပွဲကြီးမျိုးကို ရှောင်ချင်တဲ့သဘောပြော
တယ်၊ ဟိုဘက် အသိုင်းအဝိုင်း၊ ဒီဘက် အသိုင်းအဝိုင်းက ကိုးကွယ်
တဲ့ ဆရာတော်၊ သံဃာတော်ကြီးများကိုပဲ မင်္ဂလာဦးဆွမ်း ဆက်ကပ်
တယ်တဲ့၊ မင်္ဂလာဆောင်လုပ်မယ့် ကုန်ကျစရိတ်ငွေကို လူအိုရုံ
ဆေးရုံတို့မှာ ဒါနပြုပြီး မင်္ဂလာဦးအလှူကို လှူချင်တယ်တဲ့၊ အဲဒါ
ပြောပါတယ်'

ဦးဘမြင့်နှင့် ဒေါ်ရီရီတို့ လင်မယားက သူတို့အချင်းချ
ကြည့်လိုက်ကြ၏။

'ဘယ်လိုသဘောရသလဲ' ဟု တိုင်ပင်ကြသည့် သဘော
သည်။

'ဟို… ဒါက သမီးနဒီမေတို့ သဘောထားကို ကျွန်တေ
သိရတဲ့အတိုင်း ပြန်ပြောပြတာပါနော်၊ ဒီက မိဘတွေအနေနဲ့ကတော



www.burmeseclassic.com

www.burmeseclassic.com



…သဘောထားကို ကြိုက်ချင်မှကြိုက်နိုင်မယ်၊ ကျေနပ်ချင်မှ ကျေနပ်…မယ်ပေါ့၊ ဒါကြောင့် မိဘတွေအနေနဲ့ ဘယ်လို သဘောထားရှိ…ယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ပြောပြကြပါရှင်၊ ကျွန်မတို့ အတတ်…ဆုံး ဒီဘက်က ကျေနပ်အောင် ဆောင်ရွက်ပေးပါ့မယ်'

ဒေါ်သဲညာက ဝင်ပြောသည်။

ထိုအခါ ဦးဘမြင့်တို့ လင်မယားက တစ်ယောက်မျက်နှာ …စ်ယောက် ဒုတိယအကြိမ်မြောက် ကြည့်ကြပြန်သည်။ ကေန္တ…တို့လင်မယားမှာ တိုင်ပင်ထားပြီးသား အကြောင်းအရာ တစ်စုံတစ်ရာ …တော့ ရှိထားခဲ့ပြီးပင် ဖြစ်ပုံရ၏။ ယခု တကယ်ပြောရတော့မည် …သောအချိန်ကျမှ စကားစရန် ခက်နေပုံရသည်။ ပြောရမှာ အားတုံ့…နာဖြင့် တုံ့ဆိုင်းဆိုင်း ဖြစ်နေပုံရသည်ဟု ဦးဝဏ္ဏတို့က အကဲခတ်…လိုက်သည်။

'ပြောကြပါခင်ဗျာ၊ ပွင့်ပွင့်လင်းလင်းပေါ့၊ ကျွန်တော်တို့ …ချင်းက အကွယ်အဝှက်မရှိ ပွင့်ပွင့်လင်းလင်း ဆက်ဆံသွားကြတာ …ကောင်းပါတယ်၊ ဘယ်လို အခက်အခဲမှ မြဲမထားပါနဲ့၊ ရှင်းရှင်း …ရတော့ အချိန်မီ ကူညီဝိုင်းဝန်းနိုင်တာပေါ့၊ ဒီကပါလာတဲ့ သူတွေ …လည်း သူစိမ်းတွေ မပါပါဘူး၊ ဟောဒီတရားသူကြီး ဦးခင်မောင် …ဦးမြဟန်တို့ဆိုတာ ကျွန်တော့် တပည့်ရင်းချာတွေပါ၊ ကျွန်တော် …င်ခဲ့တဲ့ ရုံးမှာပဲ ဆက်ထိုင်နေကြဆဲ လူရင်းတွေပါ၊ ပြောလို့ရပါ…ယ်'

ဦးဝဏ္ဏက အကဲခတ်မိသည့်အလျောက် ဦးဘမြင့်တို့ လင်…ားကို ပြောအားရှိစေရန် တိုက်တွန်းလိုက်၏။ ဒီတော့ ဦးဘမြင့်…ရီရီကို တစ်ချက်လှမ်းကြည့်ကာ မေးဆတ်ပြရင်း သက်ပြင်းချ…လိုက်လေသည်ကို တွေ့ရ၏။ မေးဆတ်ပြတာကတော့ 'ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေတော့ကွာ'ဟု အချက်ပေးတာ ဖြစ်လိမ့်မည်။ သက်ပြင်းချတာ
တော့ ဘယ်အကြောင်းကြောင့်ရယ် မပြောတတ်။

ဒေါ်ရီရီ၏မျက်နှာထားက တစ်စုံတစ်ရာကို ဆုံးဖြတ်ချ
ချလိုက်သည့်နှယ် မသိမသာကလေး အရောင်ပြောင်းသွားသည်။

'ဟုတ်ကဲ့ရှင်... ကျွန်မတို့ လင်မယားကလည်း ဒီဘက်
ဦးဝဏ္ဏတို့လာရင် ပြောပြည့်နိုင်းဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ စကား
လေးတွေ၊ ဆန္ဒလေးတွေ ရှိထားပါတယ်၊ ဒီတော့ နောင်လည်း ဆက်
သွားကြရမယ့် မိသားစုတွေလိုပဲ သဘောထားပြီး ပြောပါ့မယ်'

အားလုံးပင် ဒေါ်ရီရီ၏စကားကို စိတ်ဝင်တစား နားစွင့်လိုက်
ကြသည်။

'ဟိုလေ... ကျွန်မတို့ မိန်းကလေးရှင်များရဲ့ အနေနဲ့ကတော့
သမီးတို့ မင်္ဂလာပွဲကိုပေါ့လေ၊ ထရိတ်ဒါးဟိုတယ်တို့...'

'ရှင်... ထရိတ်ဒါး...'

ဒေါ်သဲညွှာက ဆတ်ခနဲဆို သံယောင်လိုက်၍ ရေရွတ်၏။

'ဒါမှမဟုတ်... ဆီဒိုးနားတို့...'

'အလို... ဆီဒိုးနား'

'အဲလိုမဟုတ်ရင်လည်း... စထရင်းတို့...'

'အင်း... ဟင်းဟင်း... စထရင်း'

'သို့မဟုတ်... ဟိုတယ်နစ်ကိုးဖြစ်ဖြစ်၊ ဆန်းမစ်ပါ့ခ်ဗျူးမှာ
ဖြစ်ဖြစ်'

'အောင်မယ်... ဟိုတယ်နစ်ကိုးနဲ့ ဆန်းမစ်ပါ့ခ်ဗျူး'

ဦးဝဏ္ဏက သူ့မိန်းမသူ ဖျတ်ခနဲလှမ်းကြည့်၏။

•'မသဲညွှာ... မင်းငြိမ်ငြိမ်နေစမ်းကွာ၊ ကြက်တူရွေးစကားအံသ
နေသလိုပဲ၊ နောက်က လိုက်ရွတ်နေလိုက်တာ၊ ဟိုက ပြောတာသ
နားထောင်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏတစ်ချက်ပစ်ဟောက်လိုက်တော့ ဒေါ်သဲညွှာ မျက်လုံးပြူးကြီးတွေနှင့် ငြိမ်သွား၏။ ဒေါ်ရီရီ ဆက်ပြောသည်။

'အဲ… အဲသလို ဟိုတယ်ကြီးတွေမှာ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ပေးရမယ်လို့ မပြောချင်ပါဘူးရှင်'

'အောင်မလေး… တော်ပါသေးရဲ့' ဟု ဒေါ်သဲညွှာ ရင်ဝမှာ ဆို့လာသော အပူလုံးကြီး ဝုန်းခနဲပြန်ပြုတ်ကျသွား၏။ တော်ချေသေးရဲ့၊ နို့မို့ဆို သံပရာရည်အေးအေးတစ်ခွက်ကို ဘယ်သူ့ဆီ လှမ်းအော်တောင်းရမည်နည်း။

'သမီးလေးတို့ ဆန္ဒအတိုင်း ကိုးကွယ်နေကြတဲ့ ဆရာတော်သံဃာတော်ကြီးများကို မင်္ဂလာဦးဆွမ်းကပ်လှူကြမယ်ဆိုတဲ့ အစီအစဉ်ကို ကြိုက်ပါတယ်၊ မင်္ဂလာဦးမှာ ကုသိုလ်ယူကြတာ ကောင်းတာပေါ့၊ မင်္ဂလာပွဲအတွက် ကုန်ကျမယ့်ငွေကို တခြားအကျိုးရှိမယ့် နေရာတွေမှာ လိုက်လှူကြမယ်ဆိုတာလည်း ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ တစ်ခုတော့ တောင်းဆိုပါရစေ'

'ပြောပါ ခင်ဗျား၊ ပြောပါ'

ဦးဝဏ္ဏက စကားထောက်ပေးသည်။

'ဟုတ်ကဲ့… ဒီတစ်ရက် နှစ်ရက်အတွင်းကို မောင်စည်သူနဲ့ နှင်းဒီမေတို့ နှစ်ဦးသဘောတူ ရုံးတက် လက်မှတ်ထိုး လက်ထပ်လိုက်ကြကြောင်း ကြော်ငြာကို သတင်းစာမှာ ထည့်ပေးပါရှင်၊ အဲဒီမှာ 'မိမိတို့နှစ်ဦး၏ ဆန္ဒအလျောက် သဘောတူလက်ထပ်ကြောင်း' ဆိုတဲ့ စာသားပါအောင် ထည့်ရေးပြီးမှ ကြော်ငြာပေးပါ။ တစ်ခုတော့ သတိထားပါနော် 'နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ' ဆိုတဲ့ စာကြောင်းတော့ လုံးဝ ပါမသွားပါစေနဲ့ရှင်'

'ခင်ဗျာ…'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီရီ၏စကားကြောင့် ဦးဝဏ္ဏနှုတ်ဖျားမှ အာမေဋိတ်သံ တစ်သံ ထွက်သွားရသည်။ ဒေါ်သဲညွှာ၏ ခန္ဓာကိုယ်ကြီးလည်း ဆတ် ခနဲတွန့်သွားသလို ဦးခင်မောင်နှင့် ကိုမြဟန်တို့လည်း မျက်လုံးပြူးသွား ကြ၏။ ထိုစကား၏ အဓိပ္ပာယ်က မည်သို့နည်း။

အားလုံး အူကြောင်ကြောင် ဖြစ်ကုန်ကြသည်။

'ဟင်… ဒါ… ဒါဆို… ဒေါ်ရီရီတို့က သူတို့ကို မိဘအနေ နဲ့ သဘောမတူဘူးဆိုတဲ့ အဓိပ္ပာယ်ပေါက် မနေဘူးလား'

ဒေါ်သဲညွှာက ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးသည်။

'ဟုတ်ကဲ့… အဲဒီအဓိပ္ပာယ်ပေါက်အောင် တမင်ကြော်ငြာ နိုင်းရတာပါရှင်'

'ဗုဒ္ဓေါ…'

ဒေါ်ရီရီ၏အဖြေကြောင့် ဒေါ်သဲညွှာ ရင်ဘတ်ဖိကာ ဘုရား တ၏။ ဒေါ်ရီရီက လက်ဝါးကလေးကာ၍ ထပ်ပြော၏။

'နေ… နေပါဦးရှင်… ကျွန်မ ရှင်းပြပါ့မယ်'

'ဟုတ်… ဟုတ်… ရှင်းစမ်းပါဦး'

'အားနာနာနဲ့ပဲ ထပ်ပြောရတော့မှာပဲ၊ သူတို့နှစ်ဦး သဘော လက်ထပ်ပြီးစီးကြောင်း ကြော်ငြာသတင်းစာမှာ ပါလာပြီး နောက်ရ တွေမှာ ရက်ဆက်ဆိုသလို မနဒီမေကို သူမသဘောဆန္ဒအလျော ပြုမူလုပ်ဆောင်သွားပါသဖြင့် အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှ ပါသည်ဆိုတဲ့ ကျွန်မတို့ လင်မယားနာမည်နဲ့ ကြော်ငြာဆက်တိုက် လာပါလိမ့်မယ်ရှင်'

'မြတ်စွာဘုရား'

ဒေါ်သဲညွှာက ဘုရားတပြန်သည်။ ခုမှ ပိုဆိုးလာ လား၊ ရှေ့နေမင်း စောင်မမှ ထောင်လုံးလုံးကျမည့်ကိန်းသို့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲညွှာ ပျာပျာသလဲမေးသည်။

'ဟင်… ဒါနဲ့၊ စောစောက ကျွန်မတို့နဲ့ပြောတော့ ကျေးဇူး ဘယ်ဆို၊ ခုတော့ ဘယ်လိုသဘောကြီးလဲ'

'ဟုတ်တယ်ဗျာ၊ ကျွန်တော်တို့ နားမလည်နိုင်တော့ဘူး၊ သေ သေချာချာ ရှင်းပြပေးပါဦး'

ဦးဝဏ္ဏကလည်း တောင်းဆိုလိုက်သည်။ တစ်ဖက်က လုပ်မုံ ဘ အတော်မျက်စိလည်ချင်စရာကြီး ဖြစ်နေသည်။

'ဒီ… ဒီလိုပါရှင်၊ အမှန်အတိုင်း ဝန်ခံရရင် အဲဒါက ကျွန်မ တို့ချင်း နားလည်မှုနဲ့ ကြိုတင်စည်းဝါးရိုက်လိုက်ရတဲ့ သဘောပါ၊ ဘယ်တော့ သမီးနဒီမေနဲ့ လက်ထပ်ထိမ်းမြားပေးဖို့ လူကြီးချင်း ပြောဆို စကားလွန်ကတိပေးထားမိတဲ့ တစ်ဖက်က သတို့သားလောင်း တွေဟာ ကျွန်မတို့ ရှိသေလေးစား ခန့်ညားကြရတဲ့သူတွေပါ၊ ပွားရေး၊ လူမှုရေးအရလည်း သူတို့ဟာ ကျွန်မတို့အပေါ် လွှမ်းမိုး ချုပ်ကိုင်ထားနိုင်ကြတဲ့သူတွေ ဖြစ်နေပါတယ်၊ ကျွန်မတို့အနေနဲ့ ဘက်က ကျွန်မတို့သမီး လုပ်ကိုင်သွားတဲ့ ဇာတ်လမ်းဖြစ်ရပ်မှန်ကို သူတို့ကို ခုထိ အသိမပေးဝံ့သေးပါဘူး၊ သိအောင်လည်း မပြောဝံ့ပါ ဘူး ကျွန်မတို့ဘက်က စကားပျက်သလို ဖြစ်ခဲ့ရတဲ့အတွက် ကျွန်မ တို့လည်း အတော်ဦးနှောက်ခြောက်နေကြရတာပါ'

'ဒါ့ကြောင့် စောစောကပြောတဲ့ ကြော်ငြာနှစ်ခုကို သတင်းစာ ထဲ တစ်ဆက်တည်းထည့်တဲ့နည်းနဲ့ တစ်ဖက်က အသိုင်းအဝိုင်းကို သွယ်ဝိုက်အသိပေးရမှာ ဖြစ်နေတယ်၊ သူတို့ဘာသာသူတို့ နှစ်ဦး သဘောတူဆန္ဒနဲ့ လက်ထပ်သွားကြတယ်၊ ဒါကို ကျွန်မတို့ မိဘတွေ ခွင့်မလွှတ်ဘူး၊ ဒါ့ကြောင့် သမီးအဖြစ်က စွန့်လွှတ်ကြောင်း သတင်းစာထဲက ထပ်ကြော်ငြာထည့်တယ်လို့ တစ်ဖက်အသိုင်းအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



က ယူဆသွားအောင် တမင်လုပ်ယူရတာပါရှင်၊ ဒါမှ သူတို့ဘက်က မိဘတွေအနေနဲ့ ကျွန်မတို့လင်မယားအပေါ်မှာ အမြင်ရှင်းမယ်၊ဆက်ဆံရေး ပြတ်တောက်စရာလမ်းလည်း မရှိတော့ဘူးလေ၊ ဒါ့ကြောင့် ဒီကိစ္စကို တမင်ဆောင်ရွက်ရတာပါ၊ စီးပွားရေး၊ လူမှုရေးအရ သူတို့ဘက်က ကျွန်မတို့အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်မှုရှိတဲ့အတွက် ကျွန်မတို့ ဒီနည်းလမ်းကို ရွေးချယ်ပြီး ကြိုတင်ကာကွယ်ထားလိုက်တဲ့ သဘော ပါရှင်၊ အဲဒါကို နားလည်ပေးပါ'

ဒေါ်ရီရီက အတော်ရှည်လျားစွာ ရှင်းပြလေသည်။

ဒီတော့မှ ဦးဝဏ္ဏတို့အဖွဲ့ သက်ပြင်းချနိုင်ကြလေတော့သည်။

'ဪ… နားလည်ပါပြီ၊ ဒီကိစ္စကြောင့် အဲဒီအသိုင်းအဝိုင်းရဲ့ အငြိုးငြင်မခံနိုင်ဘူး၊ အပြစ်မြင် မခံနိုင်ဘူး၊ သူတို့နဲ့ဆက်ဆံရေး ပြတ်စဲသွားမှာစိုးရိမ်ရ၊ ဒါကြောင့် အမွေပြတ်ကြော်ငြာထည့်ပြီး အဲဒီအသိုင်းအဝိုင်းမှာ ဒေါ်ရီရီတို့ လူကြီးတွေအပေါ်မှာ ကြော်ငြာထည့် ပြီး အမြင်ရှင်းအောင် လှည့်စားလိုက်ရတဲ့ သဘောပေါ့၊ ဟုတ်ရဲ့လား'

ဦးဝဏ္ဏက မေးလိုက်တော့ ဦးဘမြင့်တို့ လင်မယားနှစ် ယောက်လုံးကပင် ခေါင်းညိတ်ကြလေသည်။

'မှန်ပါတယ်… ဦးဝဏ္ဏ၊ အဲဒီအဓိပ္ပာယ်ပါပဲ၊ ကျွန်တော်တို့မှာ ကလည်း ကိုယ့်ဘက်ကစ ပျက်ယွင်းရတာမျိုးဖြစ်နေတော့ လူကြီးချင်း ဆက်ဆံရေးမှာ အရှိန်မပျက် ဆက်သွားနိုင်ဖို့က အဲဒီနည်းပဲရှိတယ် ခင်ဗျာ၊ ဒါ့ကြောင့် ဒီနည်းလမ်းကိုပဲ ရွေးချယ်ရတာပါ၊ ကျွန်တော်တို့ ချင်း အဆက်အဆံပျက်သွားရင် စီးပွားရေး၊ လူမှုရေးမှာ ကျွန်တော် တို့က မိသားစုအများကြီး ထိခိုက်နစ်နာသွားနိုင်လို့ပါ'

ဦးဘမြင့်က သူတို့ ကြုံတွေ့နေသည့် အခက်အခဲကို ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို သမီးကို တကယ်တမ်း သမီးအဖြစ်က စွန့်လွှတ်တာ မဟုတ်ဘူးပေါ့နော်'

ဒေါ်သဲညွှာက ဝင်မေး၏။

'မဟုတ်ရပါဘူး ဒေါ်သဲညွှာရယ်၊ အခုကိစ္စက ကျွန်မတို့ မိသားစုရဲ့ ရှေ့စီးပွားရေးကိစ္စတွေမှာ အဖုအထစ်တွေ ဝင်မလာနိုင်အောင် ကြိုတင်ကာကွယ်တဲ့ သဘောပဲ ရှိပါတယ်၊ သမီးကလေးကို ကျွန်မတို့ တကယ် မစွန့်လွှတ်နိုင်ပါဘူး၊ သူ့ချစ်သူကို သူ့စိတ်သဘောအတိုင်း ရွေးချယ်သွားပြီးတဲ့နောက်မှတော့ ကျွန်မတို့ ပြန်ခွဲရင်လည်း ကိုယ့်သမီး စိတ်ဆင်းရဲရတာပဲ အဖတ်တင်တော့မပေါ့၊ သူ ပျော်သလို သာနေပါစေတော့၊ တစ်ခုတော့ ရှိတာပေါ့၊ ကျွန်မတို့ဘက်က ထည့်မယ့် 'သမီးအဖြစ် စွန့်လွှတ်ခြင်း' ကြော်ငြာပါလာရင် ဒေါ်သဲညွှာတို့ဘက်မှာ အနည်းနဲ့အများတော့ ဂုဏ်သိက္ခာကို ထိပါးစေနိုင်တာပေါ့၊ ဒါကို ကျွန်မတို့လည်း ထည့်တွေးပါတယ်၊ ဒါကြောင့် ကြော်ငြာမှာ မိဘသဘောမတူသူနှင့် လက်ထပ်သွားပါသောကြောင့် စသဖြင့် ဘာဘာညာညာ အကြောင်းပြချက်တွေ မပါစေရပါဘူး၊ ဒေါ်သဲညွှာတို့ဘက်က နာမည်တွေအကြောင်းအရာတွေ မပါဘဲ 'မိမိသဘောအလျောက် မိဘကိုဆန့်ကျင်၍ နေအိမ်မှ ထွက်ခွာသွားပါသောကြောင့်' ဆိုတာလောက်ပဲ သုံးမယ်လို့ စိတ်ကူးထားကြပါတယ်၊ ဒါကို အခုကတည်းက ကျွန်မတို့ဘက်က ကြိုတင်အသိပေးပါတယ်၊ နားလည်ပေးကြဖို့လည်း တစ်ဆက်တည်း တောင်းဆိုပါတယ်ရှင်'

ဒေါ်ရီရီက သူမ၏စကားကို လက်စသတ်လိုက်၏။

'အောင်မလေးဟဲ့... ရှုပ်ထွေးတော်မူတဲ့ ဇာတ်ထုပ်ပဲဟု တွေးတောရင်း ဦးဝဏ္ဏ သက်ပြင်းပူကြီးကျိတ်ချလိုက်မိ၏။

မည်သို့ဆိုစေ သူတို့မှာလည်း သူတို့ အခက်အခဲနှင့်သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးလို့ပဲ၊ အထူးသဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်သော အချက်အခဲသာ ဖြစ်နိုင်သည်။ စောစောစီးစီးကတည်းက ဒီလို ခပ်ရှင်းရှင်း ဖွင့်ပြောလာခြင်းကို အမှတ်ပေးရမလို ဖြစ်နေသေးတော့သည်။

'ကဲပါဗျာ… ဦးဘမြင့်တို့ ဒေါ်ရီရီတို့ ပြောလာတာတွေကို ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ သတင်းစာထဲမှာပါလာမယ့် သမီးအဖြစ် စွန့်လွှတ်ခြင်းသတင်းအတွက်လည်း ကျွန်တော်တို့ဘက်က ကြိုတင်နားလည်ထားလိုက်ပါပြီ၊ သမီးနဒီမေကိုလည်း ဒီမှာ ကျွန်တော်တို့ မိဘတွေချင်း ညှိနှိုင်းခဲ့ကြသမျှတွေကို ပြန်အသိပေးလိုက်ပါပြီ၊ ဒီလိုဆိုတော့ တကယ်သတင်းပါလာရင်တောင် သူ မခံစားရတော့ဘူးပေါ့၊ ဦးဘမြင့်တို့သမီးအတွက် စိတ်ချပါ၊ ကျွန်တော်တို့သားနဲ့ ဖူးစာဖက်လာတော့ သူလည်း ကျွန်တော်တို့သမီးပဲပေါ့၊ ကျွန်တော်တို့မျက်စိအောက်မှာပဲ ရှိနေမှာပါ'

ဦးဝဏ္ဏစကားကြောင့် ဦးဘမြင့်တို့ လင်မယားမျက်နှာများပေါ်တွင် ကျေနပ်ဝမ်းမြောက်သောအပြုံးတို့ ပေါ်လွင်လာကြ၏။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့သမီး မလိမ္မာတာရှိရင်လည်း မိဘရင်းချာလို ဆုံးမကြပါ၊ ကျွန်တော်တို့ အပ်ပါတယ်၊ ကဲ… နှစ်ဦးနှစ်ဖက် ကျေနပ်လောက်အောင် ညှိနှိုင်းပြောဆိုပြီးကြပြီပဲခင်ဗျာ၊ ဧည့်ခံထားတဲ့ မုန့်တွေစားကြပါဦး၊ ကော်ဖီတွေလည်း သောက်ကြပါဦး'

ဦးဝဏ္ဏတို့အဖွဲ့လည်း ဒီတော့မှပင် အစားအသောက်ဘက် လှည့်နိုင်ကြတော့သည်။

သူတို့ စားသောက်နေကြချိန်မှာပင် ဒေါ်ရီရီက အိမ်အဖော်ကောင်မလေးတစ်ယောက်ကို ခေါ်ပြီး အပေါ်ထပ်သို့တက်သွား၏။ ၅ မိနစ်ခန့်အကြာတွင် ပြန်ဆင်းလာတော့ ဒေါ်ရီရီနောက်ဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မလေးက ရောမ ပီနန်အိတ်ဖြူကြီး တစ်ထုပ်ကြီးကို ခေါင်းပေါ်ရွက်လာသည်ကို တွေ့ရ၏။

'သမီးရဲ့အဝတ်အစားတွေ အချို့တဝက်တော့ ထည့်ပေးလိုက်ပါစေနော်… ဒေါ်သဲညှာ'

လက်စသတ်တော့ အဝတ်အစားထုပ်ကြီးကို တချို့တစက်ဆို၍သာ တော်တော့သည်။ ပီနန်အိတ်ဖြူကြီးက ခါးတစ်ဝက်သာသာလောက်မြင့်သည်။ အေးလေ… အထည်ဒိုင် လက်ကားဆိုင်ဖွင့်ထားပါသည်ဆိုမှတော့ ဒီလောက်တော့ ရှိမည်ပေါ့။

'ရပါတယ်… ဒေါ်ရီရီ၊ ကားနောက်ခန်းမှာ ထည့်ပေးလိုက်ပါ'

အိမ်ဖော်ကောင်မလေးက အဝတ်အစားထုပ်ကြီးကို ရွက်၍ကားနောက်ခန်းသို့ သွားတင်သည်။

အားလုံးစားသောက်ပြီးကြတော့မှ ဦးဘမြင့်တို့ကို နှုတ်ဆက်ကာ ဦးပဏ္ဍုတို့အဖွဲ့ ပြန်ထွက်ခဲ့ကြသည်။

'အင်း… ညိုလိုက်နိုင်းလိုက်တော့လည်း အဆင်ပြေသားပဲ ဆရာကြီး၊ မင်္ဂလာပွဲကို ချွေ့ခံပွဲ အကြီးအကျယ်လုပ်ရင်တောင်မှ သူတို့ဘက်က တက်မယ့်ပုံတော့ မပေါ်လှဘူး'

ဦးခင်မောင်က မှတ်ချက်ချတော့ ဦးဝဏ္ဏက ပြောသည်။

'ဒါက… အရေးမကြီးလှပါဘူး ခင်မောင်ရာ၊ တို့ဘက်က တစ်ဖက်တည်းလုပ်နေတော့လည်း တစ်လမ်းမောင်းကြီးဖြစ်နေတော့ သိပ်တော့ ဟန်မကျလှသေးပါဘူး၊ လောလောဆယ် အရေးကြီးတာက သူတို့တောင်းဆိုတဲ့အတိုင်း နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းသတင်းကို သတင်းစာမှာထည့်ပေးဖို့ ကိစ္စပဲရှိတယ်၊ ဟိုကောင် ညီသူကို ဒီနေ့ပဲ သတင်းစာတိုက် လွှတ်လိုက်ရလိမ့်မယ်၊ ဒါပဲ…တောက်…



www.burmeseclassic.com

www.burmeseclassic.com



စည်သူဆိုတဲ့ကောင်ကွာ ဒီကောင်မလေးကို ဘယ်အချိန်က တွေ့လိုက် ကြိုက်လိုက်မှန်း မသိတာ နာတာပဲ'

'ဟုတ်တယ်... ဆရာကြီး၊ ဒီကောင် အစက ဦးဘဦးသမီး လေးနဲ့ ကြိုက်နေကြတာ ကျွန်တော်လည်းသိတယ်၊ နောက်မှ ဘယ်လို က ဘယ်လို ဖြစ်သွားကြတယ်တော့ မပြောတတ်တော့ဘူး'

ဦးခင်မောင်က သူ့ခေါင်းကိုသူ တဗျင်းဗျင်းကုတ်ရင်းပြော တော့ ဦးဝဏ္ဏက မှတ်ချက်ချလိုက်လေသည်။

'ငါလည်း ဒီခေတ်ကလေးတွေရဲ့ သဘောထားတွေကို လိုက် မမီတော့ပါဘူး ခင်မောင်ရာ၊ ဒါပေမဲ့ ငါ့သားစည်သူရဲ့ လက်ထပ် သတင်းပါလာလို့ သတင်းစာမှာ ဖတ်မိရင်တော့ ဟိုကောင်ဘဦးက ပြူးပြူးကြီး ဖြစ်နေမှာ သေချာသလောက်ပဲ၊ တော်က်... ငါက အဲဒါပဲ မခံချင်တာ၊ ခုမှတော့လည်း ဘာမှ မတတ်နိုင်တော့ဘူးကွ၊ ဖြစ်သမျှ အကြောင်းပဲ'

ဦးခင်မောင်သည် သူ့ဆရာ၏ စကားကို ကြားရသောအခါ...

'မနိုင်၍ သည်းခံရခြင်းသည်လည်းကောင်း'ဆိုသော စကား ကို ပြေးသတိရလိုက်မိကာ ပြုံးစိစိ ဖြစ်သွားရလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

'ကိုင်း…ငါ အစကတည်းက မပြော
သွားလား၊ ဒီကောင် ဝဏ္ဏတို့ဟာ မျိုးနဲ့ရိုးနဲ့ချိုပြီး
တော့ကို မစွံတာပါလို့၊ အခုတော့ကြည့်စမ်း ငါ့
စားမှန်နေပြီ၊ သင်းရဲ့သားကလည်း အချိန်တန်တော့
တိပြလာတော့တာပဲ မဟုတ်လား၊ ကောင်းတယ်… ကောင်း
တယ်… ဒီလို သစ္စာမရှိတဲ့ကောင်မျိုးတွေနဲ့ စောစောစီးစီးကတည်းက
တ်သက်ပြတ်တာပဲ ကောင်းတယ်'

ဦးဘဦးသည် သတင်းစာထဲမှာပါလာသော စည်သူနှင့် နဒီမေ
တို့၏ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း သတင်းကို ဖတ်ရပြီး
တည်းက အတော်အူမြူးနေသည်။ အကျေနပ်ကြီး ကျေနပ်နေသည်။

သမီးဖြစ်သူ ဒေါ်ခင်ဦးခင်နှင့် ဦးဝဏ္ဏ၏သားဖြစ်သူ စည်သူ
တို့ လူငယ်ချင်း ရည်ငံနေကြကြောင်းကို ဇနီးထံမှတစ်ဆင့် သိခဲ့ပြီး
တည်းက တစ်လျှောက်လုံး စိတ်အနှောင့်အယှက်ဖြစ်နေခဲ့မိသမျှ



www.burmeseclassic.com

www.burmeseclassic.com



ယခုမှပဲ စိတ်ချမ်းသာရလေတော့သည်။ အစကတော့ ထိုကိစ္စ ဦးဘဦးလည်း မသိခဲ့ပါ။ နောက်ပိုင်း ဦးဝဏ္ဏနှင့် ရန်သူတော်တွေ လာသည့်အချိန်ကျမှ ဇနီးဖြစ်သူ ဒေါ်ရွှေခင်က ဖွင့်ပြောလာခဲ့ခြင်း ဖြစ်သည်။

'ရှင်ကသာ… ကိုဝဏ္ဏမကောင်းကြောင်းတွေ လျှောက်ပြော ပြီး ဒေါပွနေတာ၊ ရှင့်သမီး ဆောင်းဦးကဖြင့် အဲဒီ ကိုဝဏ္ဏနဲ့သား ကြိုက်နေကြတာကြာပြီ တော်ရေ၊ နောက်မှ ငါ့ကို စောစောက ဘာ အသိမပေးရတာလဲ၊ ဘာညာနဲ့ ကျုပ်ဘက်ကို မြားဦးလှည့်မလာနဲ့ အခုကတည်းက ကြိုတင်အသိပေးလိုက်ပါပေရဲ့'

ဒေါ်ရွှေခင်က ပြောလာသည်နှင့် ဦးဘဦး ယမ်းပုံမီးကျ ဒေါ လေသည်။ ဒေါ်ရွှေခင်ကလည်း သူ့ယောက်ျားကို အကြောင်းသိ အတွင်းသိ အစင်းသိဖြစ်သောကြောင့် စောစောကတည်းက ကြိုပြော ထားလိုက်ရခြင်း ဖြစ်သည်။

'ကြွက်မနိုင် ကျီမီးနဲ့ရှို့'ဆိုသလို ဦးဝဏ္ဏနှင့် မတည့်သ အမျက်ဒေါသတွေကို သူ့မ ခေါင်းပေါ်ပုံချလာမှာ ကြောက်ရသေးသည် မဟုတ်လား။

ဦးဘဦးသည် ထိုအကြောင်းကို သိရသည်နှင့်ပင် သမီးဖြစ်သူ အား တစ်ချက်လွှတ် အမိန့်ထုတ်လေသည်။ စည်သူဆိုသော ရည်းစား ကို အဆက်ဖြတ်စေ၊ အဘယ်ကြောင့်ဆိုသော် စည်သူသည် ရန်သူ တော် ဦးဝဏ္ဏ၏သား ဖြစ်နေသောကြောင့် ဖြစ်သည်ဟူလေ၏။ သူ တစ်ကိုယ်ရေအနေဖြင့် စည်သူ တော်၏ မတော်၏၊ အကျင့်စာရိတ္တ ကောင်း၏ မကောင်း၏ ဆိုတာတွေနဲ့ ဘာမှုမဆိုင်၊ ဦးဝဏ္ဏ၏ သားဖြစ် နေခြင်းကသာ သူနှင့် သက်ဆိုင်သည်ဟု ကောက်ချက်ချ၏။ မည်သူ ရှင်းသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဦးသည် သတင်းစာထဲက ကြော်ငြာကို ဇနီးဒေါ်ရွှေခင် ကိုလည်းပြ၏။ သမီးဖြစ်သူ ဆောင်းဦးခင်ကိုလည်း ပြ၏။ ဒေါ်ရွှေခင် က ထိုသတင်းကိုကြည့်ကာ အတော်အံ့အားသင့်သွားသည်။ 'ဟုတ်မှ ဟုတ်ရဲ့လား' ဟု မျက်မှန်ကို အသေအချာ အဝတ်ဖြင့်ပွတ်ရင်း ထပ် ကြည့်မိ၏။ ဟုတ်၏။ သတင်းက မမှား။ ဦးဝဏ္ဏ၊ ဒေါ်သဲညွှာတို့၏ မင်္ဂလာဆောင်ပါသည်။ နေရပ်လိပ်စာ ပါသည်။

'ကြည့်စမ်း သမီး… ဒီကောင်လေး အစက ရည်ရည်မွန်မွန် နေတတ်လိမ့်မယ် အောက်မေ့မိတာ၊ တော်တော် သစ္စာမရှိတဲ့ကလေး ဟ မေမေအထင်ကြီးထားခဲ့သမျှ အလကားပဲ၊ သမီးတို့ချင်းက သူငယ် ချင်းဘဝက တစ်ဆင့် တက်လာကြတဲ့ ရည်းစားတွေမို့ သံယောဇဉ် ကြီးကြမယ် ထင်ထားမိပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတော့ တယ်'

ဒေါ်ရွှေခင်က မဲ့ကာရွဲ့ကာ မှတ်ချက်ချ၏။ အစကတော့ လူကြီးချင်းကလည်း ပြေလည်၊ လူငယ်ချင်းကလည်း သူငယ်ချင်းများ ဘဝမှ တစ်ဆင့်တက်၍ သံယောဇဉ်ငြိလာခဲ့ကြခြင်းဖြစ်၍ ဒေါ်ရွှေခင် က သိသိကြီးနှင့် ကျေနပ်လိုက်လျောထားခဲ့ခြင်းဖြစ်သည်။

'အဲဒါကြောင့် ငါ ပြောတာပေါ့ကွာ၊ ဒီဖအေကမွေးရင် ဒီသွေး ပေါ့၊ ကောင်းတယ်၊ ကောင်းတယ်၊ အခုလို စောစောစီးစီး သိလိုက် တော့ ငါ့သမီး ကံကောင်းသွားတာပေါ့၊ ဒီလိုသစ္စာမရှိတဲ့ကောင်နဲ့… အိမ်ထောင်ပြုမိရင် ရှေ့ရေးလည်း စိတ်ချရမှာမဟုတ်ဘူး၊ ငါပြောခဲ့ တယ် မဟုတ်လား… မရွှေခင်၊ ဝဏ္ဏတို့… မျိုးရိုးက မစွံပါဘူးလို့'

ဦးဘဦးက သူ့စကားကိုသူ ထပ်အတည်ပြု၏။ သတင်းစာထဲ က ကြော်ငြာကြောင့် ဖိပြောဖို့ ပြောအားရှိနေသည်ကိုး။ ဒေါ်ရွှေခင်လည်း ဦးဘဦးပြောသမျှ ထောက်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးခင်ကတော့ အံ့အားသင့်ဟန်ပြရသည်။ သတင်းစ ကို ယူကြည့်ရင်း အခုမှ သိရသလို တအံ့တသြဖြစ်ပြရသည်။ အစကတည်းက ကြိုသိထားပြီးသားကြီး ဖြစ်ပေမည်။ ဒီဇာတ်လမ်းက ဒီလို 'က'ကြဖို့ ဇာတ်တိုက်ထားကြပြီး ဖြစ်သည်မဟုတ်လား။

'ကောင်းတာပေါ့... ဖေဖေ၊ ချင်းစိမ်းနဲ့မိတ်သလင် သူကြင် မှကိုယ်ကြင် ဆိုသလိုပေါ့၊ စောစောစီးစီးကတည်းက လမ်းရှင်းသွား တော့ ကိုယ့်အတွက် အန္တရာယ်ကောင် ကင်းသေးရဲ့'

'အေး... ဒါမှ ငါ့သမီးကွ၊ စိတ်ထဲမှာ ဘာမှ ထိခိုက်ခံစား မနေနဲ့နော်'

'ဝေးပါသေးရဲ့... ဖေဖေရယ်၊ လွမ်းလောက်စရာ မဟုတ်ပါ ဘူး၊ သမီးစိတ်ထဲမှာလည်း အခုမှပဲ လွတ်လပ်ပေါ့ပါးသွားတော့တယ်'

'အမှန်ပဲ... သမီး၊ ပျော်ပျော်သာ နေလိုက်စမ်း၊ ဒီလို... ကလေကဝ ကောင်စားတွေအတွက် ကိုယ်က ဘာမှ ထိခိုက်ခံစားနေ စရာ မလိုဘူး၊ ခုလို နောက်ကြောင်းရှင်းသွားပြီဆိုတော့ ဖေဖေက လည်း ငါ့သမီးကို ထိန်းချုပ်ထားခဲ့သမျှ လွတ်လပ်ခွင့်တွေကို ပြန်ပေး ရမှာပေါ့၊ ငါ့သမီးစိတ်တိုင်းကျ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေ နောက်လည်း ဒီလို အလုပ်ရှုပ်တဲ့ ချစ်သူရည်းစားထားတဲ့ ကိစ္စတွေကို မလုပ်ပါနဲ့တော့ သမီးရယ်၊ သမီးလို ဥစ္စာပေါ၊ ရုပ်ချော ပညာတတ် မိန်းကလေးတစ်ယောက်အဖို့ အချိန်တန်ရင် သင့်တော်တဲ့ အိမ်ထောင် ဖက် မရှားပါဘူး၊ မင်းလောင်းမှန်ရင် ဖုတ်သွင်းရထား ဆိုက်တယ် ဆိုသလို ငါ့သမီးနဲ့ တကယ်ထိုက်တန်တဲ့ အိမ်ထောင်ဖက်လည်း ပေါ် ပေါက်လာမှာပါ'

ဖအေနှင့်သမီး အတိုင်အဖောက် ညီနေကြသည်ကို ကြည့်ကာ ဒေါ်ရွှေခင် ကျေနပ်နေသည်။ ဦးဘဦးကိုယ်တိုင်ကလည်း သမီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ မတုန်လှုပ် မပျက်ယွင်းသော အမူအရာတို့အတွက် အားရနေသည်။ ထိုအားရမှုသည် နောက်ရက်တွေမှာ ပိုလို့ပင် တိုးပွားလာပေသေး၏။ အဘယ်ကြောင့်ဆိုသော် နဒီမေ၏ မိဘများဘက်က ထည့်သွင်းကြော်ငြာလိုက်သည့် သမီးအဖြစ်မှ စွန့်လွှတ်ခြင်းကြော်ငြာကို သတင်းစာတွင် နှစ်ရက်ဆက်တိုက် တွေ့ရှိလာရသောကြောင့်ဖြစ်လေသည်။ စည်သူနှင့်နဒီမေတို့၏ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းကြော်ငြာပါသည့်ရက်စွဲ၏ နောက်တွင်ကပ်လျက် နဒီမေကို သမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြော်ငြာတွေ ဆက်တိုက်ပါလာသည်။ မိဘအမည်တွေက ဦးဘမြင့်နှင့်ဒေါ်ရီရီဆိုကတည်းက ဇာတ်လမ်းက ရှင်းပြီ၊ စည်သူနှင့်လက်ထပ်လိုက်ခြင်းကို သဘောမတူနိုင်ကြ၍သာ ထိုကြော်ငြာကို ထည့်သွင်းလိုက်ခြင်းဟု မပြောဘဲသိနိုင်သည် မဟုတ်သား။

'ဟော… ဟောဒီမှာ ကြည့်ကြဦးကွ၊ ဒီမှာ… သတင်းစာကြော်ငြာထဲမှာ ပါလာပြန်ပြီ၊ သူမ သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်တဲ့၊ ဝမ်းသာစရာကြီးဟေ့'

ဦးဘဦးက ထိုကြော်ငြာကိုတွေ့တော့ ထအော်သည်။ အရင်းရှိ၊ အဖျားမရှိ ထအော်လိုက်သော စကားသံကြောင့် ဒေါ်ရွှေခင်က ချက်မောင်ကြုတ်ကာ လှမ်းကြည့်ရင်းပြောလေသည်။

'ရှင့်နှယ်တော်… သူများသားသမီးစွန့်လွှတ်ကြောင်း ကြော်ငြာတော်ပြီး ဝမ်းသာစရာကြီးဟေ့လို့ အဘိဓ္ဓာပွားရတယ်လို့ ကိုယ့်မှာလည်း သမီးမွေးထားပြီးတော့ လူကြားမကောင်း မအော်စမ်းပါနဲ့'

'ဟုတ်သားပဲ… ဖေဖေက အချောင်ဝင်ပြီး ငရဲရှာပြန်ပြီ'

ဆောင်းဦးခင်ကလည်း ဝင်အပြစ်တင်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… နင်တို့က ဘာမှလည်း မသိဘဲနဲ့ ဝိုင်းပြောနေ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာခံရတာက ဟိုကောင်ဝဏ္ဏ သားနဲ့ ယူလိုက်တဲ့ ကောင်မလေးကွ၊ အဲ… အဲ… နဒီမေတဲ့၊ ဒီမှာ သူ့မိဘတွေက ကြော်ငြာလိုက်တာ၊ ဒါဟာ… မိန်းကလေးဘက်က မကျေနပ်လို့ဆိုတာ ထင်ရှားတာပဲ'

'ဟင်… ဟုတ်လား၊ ပြစမ်းပါဦးရှင်'

ဒေါ်ရွှေခင်က အံ့အားတသင့်ဖြင့် သတင်းစာလှမ်းတောင်းသည်။ ဦးဘဦးက 'ဒီမှာဗျာ ဟောဒီအကွက်မှာဖတ်ကြည့်'ဟု သတင်းစာ စာမျက်နှာပေါ် လက်ညှိုးထောက်ပြရင်း ပေးလိုက်၏။ ဒေါ်ရွှေခင် ဖတ်ကြည့်ပြီး စုတ်သပ်၍ မှတ်ချက်ချ၏။

'အင်း… ကလေးမလေးကတော့ သနားပါတယ်၊ ဟုတ်သား ပဲ၊ ဒီမှာ ကြော်ငြာထားတာ၊ ဒါ့ကို ကောင်မလေးဘက်က မကျေနပ် လို့ပဲပေါ့'

'ဟာ… စိတ်သာချ၊ ဒီကောင် ဝဏ္ဏတို့အကြောင်းကို စုံစမ်း ပြီး သိသွားကြတာနဲ့ ဘယ်မိန်းကလေးရှင်ကမှ သူတို့ သမီးတွေ ဒီကောင့်သားကို သဘောတူကြမှာ မဟုတ်ဘူး၊ အကြော်ငြာခံရတဲ့ ကောင်မလေးကို သနားပေမယ့် ဒီကိစ္စမှာ ကောင်မလေးမိဘတွေ လုပ်ရပ်က မှန်တယ်ကွ၊ မှန်တယ်… ငါ ထောက်ခံတယ်'

ဦးဘဦး ကျေနပ်စွာပြောသည်။

'ဒီသတင်းကြော်ငြာများဖတ်ရရင် ဟိုကောင်… ဝဏ္ဏတို့ မျက်နှာတွေ အီးမှန်ထားသလို ရှုံ့မဲ့နေကြမှာပဲ၊ အဲဒီမျက်နှာတွေကို ထိုင်ကြည့်လိုက်ချင်သေးတာကွာ၊ ဘယ်လောက်များ အရသာရှိမှာ မလဲလို့'

ဆောင်းဦးခင် အဝေါ်ကျောချမ်းသွားသည်။ စည်သူ



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းနှင့် ပတ်သက်သော ဖေဖေ၏အာဃာတတရားက တစ်နေ့ထက် တစ်နေ့များပို၍ ကြီးမားလာလေရော့သလားဟု တွေးလိုက်မိသောကြောင့် ဖြစ်သည်။ ထိုအာဃာတရားက ကြီးမားလေလေ သူမနှင့် စည်သူတို့ကြားက တံတိုင်းက ပို၍ မြင့်မားထူထဲလာလေလေ ချင်ဖြစ်တော့မည်။

'ကို့'ကို သိပ်ချစ်သောကြောင့် လည်းကောင်း၊ 'ကို'နှင့်တကွ သူငယ်ချင်းဖြစ်သူ မေထားနှင့် နဒီမေတို့၏ ဂုဏ်သိက္ခာကို ယုံကြည်သောကြောင့်လည်းကောင်း၊ 'ကို'တို့ ဖန်တီးခဲ့ကြသည့် ဓာတ်လမ်းကို အားလည်မှု ထားပေးခဲ့ရပေမည့် လက်ရှိအနေအထားတွင်မူ ကိုသည် အိမ်ထောင်ရှိ ယောကျာ်းတစ်ဦးအဖြစ် အများမြင်ကွင်းမှာ ထွက်ရပ်ခဲ့မိချင်ဖြစ်သည်။ အများမြင်ကွင်းထက် ပိုအရေးကြီးတာ သူမမိဘများ၏ မြင်ကွင်းဖြစ်သည်။ သူမမိဘများကလည်း ကို့ကို မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ပြီးဖြစ်သော သူအဖြစ်သာ ရှုမြင်သတ်မှတ်ထားလိုက်ကြပြီး ဖြစ်သည်။

လက်ရှိ သူ့ဘက် ကိုယ့်ဘက် နှစ်ဦးစလုံး လူပျို၊ အပျိုဘဝ မှာလွတ်ကင်းကင်း စင်စင်ကြယ်ကြယ် အခြေအနေမျိုးမှာပင် ဤမျှသောထားတင်းမာနေခဲ့သော ဖေဖေအဖို့ သူမနှင့် ကိုတို့သာ တစ်ဖန် ပြန်ဆက်တွဲလိုက်ကြပြီ ဆိုလျှင်ဖြင့် မိုးမီးလောင်ပေတော့မည်။ သို့ပေမည့် အဖြစ်အပျက်တွေက လွန်ခဲ့ပြီ၊ ရှေ့အဖို့ အကောင်းဆုံးဖြစ်နိုင်မည့် လမ်းတွေကို ခေါင်းချင်းရိုက်တိုင်ပင်ကြကာ ဆက်လက်ချီတက်ရမည် ရှိတော့သည်။

'ဟိုကောင်မလေးက ဘာဖြစ်လို့ ငိုင်ကျသွားရတာလဲ၊ သမီး နဒီမေဆိုတဲ့ ကောင်မလေးကို ဝင်သနားသွားမိလို့လား'

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သော ဦးဘဦး၏



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ဆောင်းဦးခင်၏ အတွေးတို့ ရပ်တန့်သွားသည်။ ကိုး
မရှိပါ။ ဦးဘဦး ကြိုက်နိုင်မည့် သည်းခြေကြိုက်စကားလုံးတွေကို
ဆောင်းဦးခင် သိပါသည်။

'မဟုတ်ဘူး ဖေဖေရ၊ ဒီကောင်နဲ့ လွဲလိုက်ရတာ သမီးတော့
အတော်ကံကောင်းတာပဲလို့ တွေးနေမိတာပါ၊ မဟုတ်ဘူးလား ဖေဖေ'

ဦးဘဦးက 'ဟုတ်လိုက်လေ သမီးရယ်၊ ဝတ်ဒ်အိုင်ဒီယာ···
သက်တ်ရိုက်··· သက်တ်ရိုက်'ဟု ကျယ်လောင်စွာ ထောက်ခံသေ
သည်။ ဆောင်းဦးခင်ကတော့ ပင့်သက်ကလေးကိုသာ ခပ်မျှင်းမျှင်း
ချလိုက်ရပါချေတော့သတည်း။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

'ဟယ်လို… အမိန့်ရှိပါခင်ဗျာ… စည်သူပါ'

'ဟော့ကောင်… စည်သူ၊ ငါရယ်ကွ၊ မင်းသူငယ်ချင်း မော်နီပါ'

ဖုန်းထဲက အသံကြောင့် စည်သူ လိုက်ခနဲ ဝမ်းသာသွားသည်။ ကန္တတော့ မော်နီတို့ သင်္ဘောဆိပ်ကမ်းတစ်ခုခုတော့ ကပ်ခွင့်ရပြီထင်၏။

'အောင်မလေး… ကျေးဇူးရှင်… အတော်ပဲ၊ ငါလည်း မင်းဆီကဖုန်းကို မျှော်နေတာ'

'အေး… တို့သင်္ဘောက မနေ့ကမှ ဂျပန်မှာ ကပ်ခွင့်ရတယ်၊ ဒီနေ့မှ ငါတို့ကမ်းကပ်ခွင့် ရတယ်ကွာ၊ အခု မြို့ထဲရောက်ရောက်ချင်း မင်းဆီ လှမ်းဆက်လိုက်တာပဲ၊ ဘယ်လိုလဲ၊ ငါတို့ပြောထားကြတဲ့ ကိစ္စအခြေအနေ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါတော့ လုပ်ချလိုက်ပြီ'

'ဘယ်လို လုပ်ချလိုက်သလဲ၊ ပြောပါဦးဟ'

'ပြောမယ်… ပြောမယ်… နဒီမေကတော့ ငါ့အိမ်ရောက်နေပြီ၊ ငါ့ညီမ မေထားနဲ့ပဲ အတူတူ တစ်ခန်းတည်း ထားလိုက်တာပါ၊ သူ့ဘက်က ဘာမှ လာမကွိုင်ရအောင်တော့ လက်ထပ်စာချုပ်ကို ခပ်တည်တည် လက်မှတ်ထိုးထားလိုက်ကြတာပေါ့၊ နောက်ထပ်ဘယ်သူမှ ဇာတ်လာမရှုပ်နိုင်အောင်လို့ ငါတို့ နှစ်ဦးသဘောတူလက်ထပ်ကြောင်း သတင်းစာမှာတော့ ကြော်ငြာထည့်လိုက်ရတယ်'

'အိုကေ… ဒါက တမင် 'ကျော်'အောင်'ညာ'တဲ့ကိစ္စပဲဟာ၊ ကောင်းတယ်၊ အဲဒီကိစ္စကို မင်းအိမ်က ဘိုးတော်ဘွားတော်တွေကရော ဘာပြောသေးလဲ'

'ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ သူတို့လုံးဝမသိဘူးနော်၊ ငါတို့ တကယ်လက်ထပ်လိုက်ကြတယ်လို့ပဲ သိထားကြတယ်၊ အဖြစ်မှန်ကို ထုတ်ပြောရင် စစ်လား မေးလားနဲ့ ရှုပ်ကုန်မှာစိုးလို့ ငါတို့ တကယ်ပဲ ယူလိုက်ကြသလိုလို ဝိုက်ပေးထားရတာပေါ့'

'ဟုတ်ပြီဟေ့… အဲဒါထက် အရေးကြီးတာ ထပ်မေးရဦးမယ်၊ ငါတို့ ဝိုင်းရေးနေကြတဲ့ ဇာတ်လမ်းမဟာကြီးကို မင်းကောင်မလေး ဆောင်းဦးခင်ကို ကြိုပြောထားတယ် မဟုတ်လား၊ ဆောင်းဦးက ဘာပြောသေးလဲ'

'ဟင့်အင်း… ငါနဲ့ ဆောင်းဦးကြားမှာ ဘာပြဿနာမှ မရှိပါဘူး၊ ဒီအရေးမှာလည်း ဝိုင်းကူပါတယ်၊ တို့မောင်နှမရော၊ မင်းရဲ့ နဒီမေရော၊ သုံးယောက်လုံး ဆောင်းဦးနဲ့ တစ်ရက်ချိန်းပြီး တွေ့လိုက်ကြ၊ ညှိလိုက်ကြတယ်၊ ငါတို့ပြတဲ့ စာချုပ်က စာချုပ်အနေနဲ့ အစစ်ဖြစ်ပေမယ့် အနှစ်သာရအားဖြင့် 'အင်'ထုထားတာကြီးပဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးက သိပြီးသားကွ၊ နဒီမေနဲ့ သူနဲ့လည်း ဘော်ဒါတွေဖြစ်သွားကြပါပြီ၊ တစ်ခုတော့ ရှိတာပေါ့ကွာ'

'ပြော...'

'အခု.. ငါတို့ 'အင်'ထု လွှတ်လိုက်တဲ့ လက်ထပ်ပြီးစီးခြင်း ကြော်ငြာကြီးက သတင်းစာမှာ ပါသွားတော့ အတွင်းကိစ္စတွေကို မသိကြတဲ့ သူတွေကတော့ ဆောင်းဦးကို သွားပြောကြ၊ ဆိုကြတာတွေတော့ ရှိမှာပေါ့၊ သူလည်း သူ့ဘက်ကသူ မီးစင်ကြည့်ကလိမ့်မယ်'

'မင်းတို့ချင်းရော... တွေ့ကြရသေးသလား'

'ဟင့်အင်း... မတွေ့ကြရသေးဘူး၊ ဒီရက်ကလေးတွေထဲမှာတော့ မတွေ့ဖြစ်ကြသေးဘူးကွာ၊ နည်းနည်း ဆင်ခြင်နေတာ ကောင်းလေးဆိုပြီး ကိုယ်ရှိန်သတ်ထားရတယ်'

'သိပ်အကြာကြီးလည်း အဆက်အသွယ် ပိတ်ပိတ်တုံးပြတ်အောင် အေးမနေနဲ့ဦးကွ၊ တော်ကြာ ကွင်းဆက်တွေ ဟနေဦးမယ်'

'မပူနဲ့ သူငယ်ချင်း၊ ငါတို့ အင်ထုထည့်လိုက်တဲ့ လက်ထပ်ပြီးစီးခြင်းသတင်းပါပြီးတဲ့နောက် သိပ်မကြာခင်မှာပဲ ဆောင်းဦးလက်ထဲ ဟမ်းဖုန်းပြန်ပေးကိုင်လောက်တယ်၊ ဒါဆိုရင် ငါနဲ့သူဆက်သွယ်ဖို့ လွယ်သွားပြီလေကွာ၊ စိတ်ချ၊ တို့ချင်း အဆက်အသွယ် မပြတ်စေရဘူး၊ မင်းသာ မြန်မာပြည်ကို အမြန်ဆုံး အစောဆုံး ပြန်လာနိုင်ခွင့်ရအောင်ကြိုးစား၊ ငါ့မှာ မင်းကောင်းမှုကြောင့် ဒီမှာ ပြဿနာကြီးဦးခေါင်းရွက်ထားသလို ဖြစ်နေတာ'

'အေးပါ... စိတ်ချပါ၊ ငါလည်း ကြိုးစားနေပါတယ်၊ သတိရတုန်း တောင်းထားဦးမယ်၊ ဆောင်းဦးရဲ့ ဖုန်းနံပါတ်ကို ငါ့ကို ပေးထားပါဦး'



www.burmeseclassic.com

www.burmeseclassic.com



စည်သူက အလွတ်ရနေပြီဖြစ်သော ဆောင်းဦး၏ ဟမ်းဖုန်းနံပါတ်ကို ပြောပြလိုက်သည်။

'ကဲ… မော်နီ၊ မင်းနဲ့ငါနဲ့တော့ ပြောစရာကုန်ပြီ၊ ဒီလောက်ဆို ပြည့်စုံပြီ၊ မင်းရဲ့ဗြဟ္မာကြီးဦးခေါင်းနဲ့ ဆက်ပြောလိုက်ဦး၊ မေထားနဲ့ နှစ်ယောက်သား သူတို့ အဝတ်အစားတွေ မီးပူတိုက်နေကြလေရဲ့'

'ဟာ… လုပ်ပါကွာ၊ အလွမ်းမသယ်ရတာကြာပြီကွ… ဟီးဟီး'

မော်နီက ဝမ်းသာအူမြူးသံကြီးနှင့် ပြော၏။ စည်သူက ပိတ်ပေါက်လိုက်သည်။

'ယော့ကောင်… သိပ်ကဲမနေနဲ့၊ ဖုန်းဘီလ်တွေ နင်းကန်တက်နေလို့ ရသမျှ ဒေါ်လာလေး ပြုတ်ပြုတ်ပြုန်းနေဦးမယ်'

'ကိုင်း… ဗြဟ္မာကြီးဦးခေါင်း၊ အဲလေ… မနဒီရေ၊ ဟောဒီမှာ မော်နီရဲ့ ဝေါကီတော်ကီတဲ့ခင်ဗျာ'

စည်သူက တစ်ဖက်ခန်းကို လှမ်းအသံပြုလိုက်တော့ 'ဟယ် ဟုတ်လား' ဟု နဒီမေ ဝမ်းသာအားရ လှမ်းထွက်လာ၏။ မော်နီ၏ ရယ်လိုက်သံကို နောက်ဆုံးကြားလိုက်ရပြီးနောက် ဖုန်းကို နဒီမေ၏ လက်သို့ ထိုးပေးလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

'တကယ်တော့ တို့မေတ္တာက မြစ်ကိုအလျားလိုက်ကူးနေသလိုပါပဲ ဆောင်းဦးရယ်'

ဖေသစ်မောင်၏ လူနှင့်မလိုက်သော ချွဲနွဲ့သည့်အသံကြောင့် ဆောင်းဦးခင် ပြုံးလိုက်မိတော့မလိုလို ဖြစ်သွား၏။ ...သော် မပြုံးမိအောင် သတိနှင့်ထိန်းလိုက်ရ၏။ တော်ကြာ ထိုအပြုံးကို ...သွားလျှင် ဖေသစ်မောင် နေရင်းထိုင်ရင်း 'ငါကွ'ဟု ဘဝင်လေ ...သွားမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။

လူက ပုကွကွ ဂင်တိုတိုနှင့် ဗိုက်ကရွှဲသေးသည်။ ဝဖိုင့်သော ...ကိုယ် အတ္တဘောကြီးနှင့် မလိုက်ဘက်လောက်အောင်ပင် ပြော...သော စကားလုံး အနုအရွလေးတွေချည်း ဖြစ်၏။

'မြစ်ကို အလျားလိုက် ကူးနေသလိုပဲဆိုတော့ မပြီးနိုင်၊ မစီး...လိုကြီးပေါ့နော်၊ ဘယ်မှာ ပန်းတိုင်ရောက်တော့မှာလဲ၊ မရောက်ရ...ဆိုတဲ့ သဘောပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဖေသစ်မောင်၏ မျက်နှာကြီးရှုံ့မဲ့သွား၏။

ဆောင်းဦးခင်က တမင်တကာပင် ကပ်ဖွဲ့လုပ်ပြီး ဖေသစ်မောင်၏ စကားတွေကို ခွတိုက်၍ ပြန်တွယ်ထည့်လိုက်ခြင်းဖြစ်သည်။

'အာ… မဟုတ်ဘူးလေ ဆောင်းဦးရဲ့၊ ဆောင်းဦး အဓိပ္ပာယ်ဖွင့်ဆိုပုံက မမိုက်သေးပါဘူး၊ တည့်တည့်ကြီးလွဲနေတယ်'

'ဘယ်လို လွဲလို့လဲ၊ ဦးဖေသစ်မောင်ရဲ့'

ဆောင်းဦးခင်က ထပ်မေးတော့ ဖေသစ်မောင်က မျက်လုံးတွေကို စုံမှိတ်လိုက်ကာ ဟူးခနဲ လေပူတွေကိုမှုတ်ထုတ်ရင်း ခေါင်းကိုဘယ်ညာ ခါယမ်း၏။

'ပြောရင်းကပဲထပ်လွဲပြန်ပြီ ဆောင်းဦးရယ်၊ ကိုကို ဦးဖေသစ်မောင်လို့ မခေါ်ပါနဲ့လို့ အကြိမ်ကြိမ်တောင်းပန်ခဲ့ပြီးပြီ၊ အသက်ကလေးခုနှစ်နှစ် ရှစ်နှစ်လောက်ကွာတာနဲ့ပဲ ဦးတပ်ပြီး ခေါ်စရာလား'

'ခေါ်စရာပေါ့… ဦးလေး အရွယ်ပဲဟာ…'

ဖေသစ်မောင် ရင်ခံသွားသည်။ ထို့ကြောင့် ထိုအကြောင်းကိုဆက်မပြောတော့ဘဲ စောစောက စကားသို့ လမ်းစပြန်ပြောင်းသည်။

'ကဲပါလေ… အခေါ်အဝေါ်က အရေးမကြီးလှပါဘူး၊ စောစောတုန်းက အဓိပ္ပာယ် အယူအကောက်လွဲသွားခဲ့တဲ့ စကားကိုပြန်ရှင်းပြမယ်နော်၊ မြစ်ကို အလျားလိုက်ကူးနေတယ်ဆိုတာ အဆုံးမရှိအောင် ရှည်လျားတယ်လို့ပြောချင်တာ၊ ဆောင်းဦးအပေါ်မှာ ထားမိတဲ့မေတ္တာတွေကလည်း အဲလိုပဲ အဆုံးမမြင်နိုင်ရလောက်အောင် ရှည်လျားတယ်လို့ ပြောချင်တာပါ'

'တော်ပါတော့ ဦးဖေသစ်မောင်ရယ်၊ ဆောင်းဦး ပြောခဲ့တာ ကြာလှပြီ'

'ဘာလဲ ဆောင်းဦးမှာ ချစ်သူရှိပါတယ်ဆိုတဲ့ စကားလား'

ဖေသစ်မောင်က ဖြတ်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေးမည့်သာမေး၏။ တကယ်ဆိုတော့ ဆောင်းဦး၏ နှလုံး သားရာဇဝင်ကို ဖေသစ်မောင် အစအဆုံး သိပြီးသားပင် ဖြစ်၏။

ဖေသစ်မောင်သည် ယခင်က ဆောင်းဦးခင်တို့နှင့် တစ်ရပ် တည်းနေခဲ့သူဖြစ်သည်။ ဆောင်းဦးခင် ဒုတိယနှစ် ကျောင်းသူဘဝ တုန်းက နောက်ပိုးသန်ခဲ့သူဖြစ်သည်။ မိဘတွေက အရမ်းချမ်းသာ ၏။ ရန်ကုန်တွင် တစ်ခေတ်ဖြစ်လာသော ဆောက်လုပ်ရေးလုပ်ငန်း ရှင်ထရိုက်တာကြီးများ ဖြစ်ကြသည်။

ငွေကြေးချမ်းသာ ကြွယ်ဝကြသည့်အပြင် ဖေသစ်မောင်၏ မိဘတွေက အလှူဒါန ရက်ရောသည်။ သဘောမနောကောင်းကြ သည်။ မည်သူ့ကိုမဆို လိုက်လှဲစွာ ကူညီတတ်ကြသည်မို့ ရပ်ကွက် ထဲမှာ လူဝင်ဆံ့သော လူချစ်လူခင်များသော မိသားစုတစ်စုဖြစ်၏။ သူတို့ မိသားစုနှင့် မတည့်သော ရန်သူမရှိ ရင်းနှီးဖော်ရွေစွာ ဆက်ဆံ သွားလာ ခင်မင်ကြသူတွေချည်းသာပင် ဖြစ်သည်။

ကိုဖေသစ်မောင်က ထိုမိသားစုဝင် သားကြီးသြရသဖြစ်၏။ တစ်နည်းအားဖြင့် သားဦးဖြစ်သည်။ ထို့ကြောင့် 'သားဦးအရူး' ဆို သောစကားပုံက ဖေသစ်မောင်နှင့်ကျမှ တည့်တည့်မှန်သည်ဟု အရပ် က ပြောစမှတ်ပြုကြလေသည်။ ချမ်းသာကြွယ်ဝ၍ လူချစ်လူခင်များ သော မိသားစုမှ ပေါက်ဖွားကြီးပြင်းလာခဲ့သော်လည်း ဖေသစ်မောင်၏ တစ်ချိတစ်ချိ ထထဖောက်တတ်သော ခပ်ကြောင်ကြောင် အပြောအဆို အနေအထိုင်များကြောင့် ဂေါမစွဲလူပျိုကြီးစာရင်းသို့ ဝင်ခဲ့ရသူ ဖြစ်တော့ သည်။

ထိုဖေသစ်မောင်က ဆောင်းဦးခင်ကို တွေ့ပြန်တော့ စိတ် ဝင်စားပြန်လေသည်။ ထို့ကြောင့် ဆောင်းဦးခင်၏ အချစ်ကိုရဖို့ အမျိုး မျိုး အဖုံဖုံ ကြိုးစား၏။

စသည်မှာပင် ဆောင်းဦးခင်က ခပ်ရှင်းရှင်း ပြောခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ချစ်သူရှိသည်ဟု ဒီစကားကို ဖေသစ်မောင် မယုံကြည် ထို့ကြောင့် အသည်းအသန်လိုက်စုံစမ်းသည်။

လူငယ်တွေကိစ္စကို လူငယ်တွေကြားမှာ ဝင်အဖြေရှာလို တော့ ကြာကြာမစုံစမ်းလိုက်ရ။

'အစ်ကိုကြီးကလည်းဗျာ၊ တစ်ရပ်ကွက်တည်းနေပြီး ဒုံး ရန့်ကော၊ ဆောင်းဦးခင်က တရားသူကြီး ဦးဝဏ္ဏသား၊ စည်သူ ဖြစ်နေတာ ကြာလှပြီဗျ၊ သူနဲ့ ကျောင်းသွားဖက် သူငယ်ချင်းမေ က ကြားထဲက 'ပွဲ့ချိန်နှာ'ဗျာ၊ ကျောင်းတက်တာတောင် သမီးယောက် နှစ်ယောက်အတူတူ'

ဆောင်းဦးခင်တို့နှင့် ရွယ်တူ တန်းတူလူငယ်တွေက ပြော

'ဟုတ်ရဲ့လားကွာ၊ သေချာရဲ့လား'

'သေချာပါတယ်ဗျာ၊ ဒါကြောင့် ဆောင်းဦးခင်ကို ဘယ် ကောင်ကမှတောင် မလိုက်တော့ဘူး၊ သူ့မှာ နံပါတ်ကြီးနဲ့ဗျာ၊ ဒီတော့ လက်ရှောင်လိုက်ကြပြီပေါ့'

'ယာယီနံပါတ်ရော မဖြစ်နိုင်ဘူးလားကွာ'

'အစ်ကိုကြီးက ထင်သကိုး၊ ကျွန်တော်တို့သိတာကတော့ ယာယီနံပါတ် မဟုတ်လောက်တော့ဘူး၊ 'က-ည-န'မှာ မှတ်ပုံတင်ပြီး သားမှ ကိုယ်ပိုင်နံပါတ်အနက် ခင်ဗျာ၊ အနီတောင်မဟုတ်ဘူး၊ အစ်ကို ကြီးကဲ ခုမှ တက္ကစီဝင်ဆွဲရင် ဖောင်းရှော့တွေဖြစ်ပြီး ဂိမ်းဘောဆိုင် သွားလိမ့်မယ်'

ဖေသစ်မောင် တွန့်ခနဲဖြစ်သွားရ၏။ ထိုလူငယ်ကပင် ထပ် ပြော၏။

'အချိန်တွေ နှမြောစရာ အစ်ကိုကြီးရာ၊ ခေါင်းထဲက ထုတ်ပစ် လိုက်ပါ၊ ကျွန်တော်တို့က လူငယ်တွေချင်းမို့ အထာတွေသိလို့ပြော တာ၊ ဒီအထဲကမှ ဆက်လိမ့်ချင်သေးတယ်ဆိုရင်တော့ အစ်ကိုကြီး…'



www.burmeseclassic.com

www.burmeseclassic.com



'ဟေလကွာ…'

'ဟောဒီ စာအုပ်နာမည်ကိုသာ အလွတ်ကျက်ပြီး ပုတီးပတ်ပြည့်အောင် သက်စေ့အမိဋ္ဌာန် စိပ်ပေတော့…'

လူငယ်က သူ့ခါးကြားမှာ ထိုးထည့်လာသော စာအုပ်တစ်ခုကို ထိုးပေးလိုက်၍ လှမ်းယူကာ ငုံ့ကြည့်လိုက်သည်။

'ရွှေပြည်တော် မျှော်တိုင်းဝေး' ဟူ၏။

'ထပ်သရီး… မင်းကွာ၊ ပြစရာစာအုပ် ရှားရှေ့သလား၊ ရော့… မင်းစာအုပ်'

ဖေသစ်မောင် တော်တော်စိတ်ညစ်သွားသည်။

သို့သော် နောက်ပိုင်းမှာတော့ ထိုလူငယ်၏စကားသည် မှန်ကန်ကြောင်း ဖေသစ်မောင် သိလာခဲ့ရသည်။ ဆောင်းဦးခင် တက်ရောက်နေသော တက္ကသိုလ်၏ကင်တင်းများတွင် ဆောင်းဦးခင်နှင့် အတူတွဲထိုင်နေတတ်သော စည်သူ့ကို သူကိုယ်တိုင် လေး ငါး ဆယ်ကြိမ် ထက်မနည်း မြင်မြင်လာရတော့ ထိုသတင်းကို ဖေသစ်မောင် အတည်ပြုရတော့သည်။ ဒါတောင် ဖေသစ်မောင်က ခြေတစ်လှမ်း ပြန်အဆုတ်မှာ လုပ်ချလိုက်လေသေး၏။

'ဘယ်လိုပဲဖြစ်ဖြစ်… တို့ကတော့ ဆောင်းဦးကို အမြဲမျှော်လင့်နေမှပါ' ဟု…

ဗီလင်ကြီး တစ်ခွဲသားဖြင့် အသည်းကွဲအိုက်တင်ဖမ်းကာ 'ဆန်ပြုတ်' လုပ်သွားသော သူ့ကိုကြည့်ကာ ဆောင်းဦးခင်တို့ သူငယ်ချင်းများ ဟား၍ ကျန်ခဲ့သည်ကို ဖေသစ်မောင် မသိ။

နောက်ပိုင်းကာလများတွင်တော့ ဖေသစ်မောင်နှင့် ဆောင်းဦးခင်တို့ လုံးဝအဆက်ပြတ်သွားခဲ့၏။ ဦးဘဦးက မူလနေထိုင်ရာရပ်ကွက်မှသည် အငြိမ်းစားယူပြီးတိုင် နေရာရွှေ့ပြောင်းလိုက်သောကြောင့် ဖြစ်၏။ ထို့ကြောင့် သင်း၏ရန်စွယ်က ဝေးသွားသည်ဟု ထင်မိပါသည်။ ထခု



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကျမှ ကိုယ်တော်မြတ်ကတစ်ဖန် ပြန်ပေါ်လာပြန်၏။ မူလတတည်းက ဦးဘဦးတို့နှင့် ဖေသစ်မောင်၏မိဘများက အဝင်အထွက် အခက်အခဲရှိခဲ့ကြသဖြင့် ဖေသစ်မောင်အဖို့ ဆောင်းဦးခင်တို့အိမ်သို့ ဝင်ထွက်ရန်မှာ လွယ်ကူနေ၏။

'ပြောလေ… ဆောင်းဦး၊ ဆောင်းဦးမှာ ချစ်သူရှိပါတယ် ဆိုတဲ့ စကားကို ထပ်ပြောချင်တာလား'

ဖေသစ်မောင်က ထိုမေးခွန်းကိုပဲ မရအရ မေးသည်။

ဆောင်းဦးခင်က ခေါင်းညိတ်ပြလိုက်၏။

'ဦးဖေသစ်မောင် သိရဲ့သားနဲ့ သိသိကြီး မေးနေတာပဲလေ'

'အမှန်ပေါ့ ဆောင်းဦးရယ်၊ ကိုသိတယ်၊ တစ်ချိန်တုန်းက ဦးဝဏ္ဏရဲ့သား စည်သူဆိုတဲ့ကောင်နဲ့ ဆောင်းဦးနဲ့ ငြိခဲ့ကြဖူးတယ်ဆိုတာလည်း သိတယ်၊ အခု အဲဒီ စည်သူက သစ္စာဖောက်ပြီး နောက်ထပ်ကောင်မလေးတစ်ယောက်နဲ့ နှစ်ဦးသဘောတူ လက်ထပ်သွားပြီ ဆိုတာလည်း သိတယ်၊ ကိုယ့်အပေါ် တကယ်မချစ်လို့ စွန့်ခွာသွားတဲ့ သူမျိုးကို တမ်းတမနေပါနဲ့တော့ ဆောင်းဦးရယ်၊ စည်သူတခြားတစ်ယောက်နဲ့ လက်ထပ်သွားပြီဆိုတာကို သတင်းစာမှာ ဖတ်ရပြီးကတည်းက ကို ဆောင်းဦးဆီ အပြေးအလွှားလာခဲ့ချင်တာပါ'

'ပွဲလန့်တုန်း ဖျာဝင်ခင်းမယ် ဆိုတဲ့သဘောပေါ့လေ'

'မဟုတ်ဘူး၊ ကော်ဆောင်းဖို့ အဲလေ… တက္ကစီဆွဲဖို့၊ ဟာ မဟုတ်သေးပါဘူး'

ဖေသစ်မောင် သူ့စကားတွေနှင့်သူ ချာလပတ်လည်နေသည်။

'တက္ကစီဆွဲရင်တော့ ဆောင်းဦးရဲ့ သူငယ်ချင်းအဖေ လိုက်ပြောပေးမယ်လေ၊ သူငယ်ချင်းတစ်ယောက်ရဲ့ အဖေက ကားအံ့နှာ၊ နှစ်စီး သုံးစီး ထောင်ထားတာ'

'ထပ်သရီး…၊ ဘယ်ကလာ တက္ကစီဆွဲရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဂါလီ ဆွဲမလားဟင်…'

'ဟာ… မလုပ်ပါနဲ့၊ ဂါလီဆွဲမယ့်အစားတော့ ဆိုက်ကားနင်းဘာမှ ဟုတ်ဦးမယ်၊ အဲ… ရှုပ်ကုန်ပြီ၊ ရှုပ်ကုန်ပြီ'

ဆောင်းဦးခင်၏ အဆက်မပြတ်သော ခွတိုက်စကားများကြောင့် ဖေသစ်မောင်၏ စကားတွေက ကပေါက်တိ ကပေါက်ချာဖြစ်ကုန်သည်။

'တို့… အတည်ပြောနေတဲ့အချိန်မှာ မနောက်ပါနဲ့ ဆောင်းဦးရဲ့ တကယ်ပြောတာပါ၊ စည်သူက သစ္စာဖောက်သွားပြီဆိုတာ သိလိုက်တဲ့အချိန်မှာ တို့ ဆောင်းဦးခင်ကို အရမ်းကရုဏာသက်မိတယ်၊ အထီးကျန်ဖြစ်နေမယ့် ဆောင်းဦးအနားမှာ ထာဝရသစ္စာရှိတဲ့ အဖော်အဖြစ် ရပ်တည်ပေးချင်တယ်၊ ဒါကြောင့် တို့ ဆောင်းဦးဆီ အရောက်ပြန်ပြေးလာခဲ့တာပါ၊ တို့မေတ္တာကတော့ ဟိုတုန်းကအတိုင်း ဆောင်းဦးအပေါ်မှာ မပြောင်းမလဲ ခိုင်မြဲနေတုန်းပါပဲ ဆောင်းဦး၊ အဲဒါတော့ ယုံကြည်လက်ခံပေးပါ'

'ကဲ… ဦးဖေသစ်မောင်၊ ဆောင်းဦးက ကိုယ့်အိမ်လာလည်တဲ့ မိတ်ဟောင်းဆွေဟောင်းပဲ သမီးရယ်၊ စကားစမြည်လေး လက်ခံပြောလိုက်ပါဦးဆိုတဲ့ မေ့မေ့စကားကြောင့် ဒီမှာ လက်ခံပြောနေရတာ၊ တကယ်က အလုပ်တွေအားတာ မဟုတ်ဘူး၊ ဒီအကြောင်းကိုပဲ ဆက်ပြောနေဦးမယ်ဆိုရင် ဦးဖေသစ်မောင် ပြန်ပေတော့…'

'အွန့်…'

'နောက်လည်း မလာခဲ့နဲ့တော့…'

'ဒွဲ… ပါပဲလားကွယ်'

'ဟုတ်တယ်၊ တည့်တည့်ပဲ ပြောရလိမ့်မယ် ဦးဖေသစ်မောင် ဆောင်းဦး ဒီရက်တွေထဲမှာ စိတ်အနှောင့်အယှက် ဖြစ်နေတာကို နားလည်ပေးပါ၊ ဆောင်းဦးစကားတွေ ရိုင်းသွားရင်ခွင့်လွှတ်ပါ၊ ကဲ…



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦး လုပ်စရာရှိသေးလို့ အိမ်ထဲပြန်ဝင်တော့မယ်'

'အမြဲ ခွင့်လွှတ်ပြီးသားပါ ဆောင်းဦးရယ်'

ဆောင်းဦးခင် ပြတ်ပြတ်သားသားပြောပြီး လှည့်ထွက်ခဲ့သည်။

ခဏကြာတော့မှ အိမ်ရှေ့မှ မေ့မေ့ကို နှုတ်ဆက်စကားပြော သည်။ ဖေသစ်မောင်၏ စကားသံနှင့် မရှေးမနှောင်းမှာ ပြန်မောင်း ထွက်သွားသည့် ကားသံကို ကြားရလေသည်။

'ဒီသူငယ်က ဘာတွေလာပြောနေတာလဲ သမီး၊ ကန်ထရိုက် ကြီး ဦးဖိုးလှူရဲ့သား မဟုတ်လား'

မေမေက မီးဖိုခန်းထဲ လှမ်းဝင်လာရင်း မေး၏။

'ဘာတွေ လာပြောရမှာလဲ မေမေ၊ နောက်ပိုးစကားတွေ လာပြောနေတာပေါ့၊ ဟိုးတည်းကတည်းက သမီးက စည်သူလက်ထပ် သတင်းကို သတင်းစာမှာ တွေ့ပြီးလို့ စိတ်ရှုပြန် ဖောက်လာတာ နေမှာပေါ့'

ဒီတော့ မေမေက ဟက်ခနဲတစ်ချက်ရယ်လိုက်ကာ မှတ်ချက် ချ၏။

'ဩော်… ဒါတော့ သူ့မှာလည်း အဲဒီသတင်းကြောင့် မျှော် လင့်ချက်ပေါ်လာလို့ နေမှာပေါ့ သမီးရယ်၊ ယောကျ်ားလေးဆိုတာက ဒီလိုပဲ သမီး၊ သူတို့ မျှော်လင့်နိုင်စရာ အခွင့်အရေးပေါ်လာရင် ပြန် ချဉ်းကပ်ကြမှာပဲ၊ ဒါကို သိထားပြီး မိန်းကလေးက ဦးနှောက်ကြီး ကြီးနဲ့ စဉ်းစားဆုံးဖြတ်ဖို့လိုတယ်၊ သမီး အရင်တစ်ခါ မှားပြီးပြီနော် နောက်တစ်ကြိမ် ထပ်မမှားစေနဲ့တော့၊ ဒါပဲ မေမေ ပြောမယ်'

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

'အဖြစ်က အဲသလိုကို အလုပ်တွေ ပြန်ရှုပ်လာတာ ကိုရေ၊ ဆောင်းဦးလည်း သူ့ကိုမြင်တော့ ရယ်ချင်သွားတယ်၊ သူ့ခြေလှမ်းတွေကို သိနေတာကိုး ကိုရဲ့'

'မြဝါးရုံ'၏ကော်ဖီဆောင်ကလေးတစ်ခုထဲမှာပင် ဖြစ်ပါသည်။

'အင်း... သူ့ဘက်ကတွက်တော့လည်း အပိုင်ပေါ့လေ၊ ကို့လက်ထပ်ခြင်းသတင်းကို ဖတ်ပြီးပြီဆိုတော့ အန္တရာယ်တစ်ခုတော့ ရှင်းသွားပြီဆိုပြီး ဝမ်းသာအားရနဲ့ ဆောင်းဦးကို ပြန်ချဉ်းကပ်တာဖြစ်မှာပါ'

'ဘယ်ရမလဲ ကိုရာ၊ မေမေ့ကိုတောင် အဲဒီလူက နောက်ပိုးစကားတွေ လာပြောနေတာလို့ သတင်းပေးလိုက်သေးတယ်၊ ခင်... ခစ်...'

ဆောင်းဦးခင်က သူ့စကားသူ ရယ်မောလိုက်ပြီး ကော်ဖီတိုတစ်ငုံသောက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အခုကော… ဆောင်းဦးဘက်က အခြေအနေ ဘာတွေထူးသလဲ'

'ထူးလာတယ်တော့ မဟုတ်ပါဘူး၊ အရင်ကထက်စာရင်တော့ အိုကေပဲ၊ လွှတ်လပ်ခွင့်တွေ ပိုရလာတယ်၊ ကို့ လက်ထပ်သတင်းပါလာတဲ့ နေ့ကဆို ဖေဖေက အတော်အူမြူးသွားတာ၊ သိလား၊ ကိုင်း… ဒီကောင် သစ္စာမရှိဘူးဆိုတာ သိပြီလား၊ ဘာညာနဲ့ဩဝါဒ ကထာတွေ ပေးနေသေးတယ်'

'ဩ… သမက်လောင်းကြီးကို ဂုဏ်ပြု အမွှန်းတင်နေတယ် ဆိုပါတော့'

'အမွှန်းတင်လိုက်တာကတော့ စုံနေတာပဲ၊ ဆောင်းဦးလည်း ငြိမ်နားထောင်နေပေးရတယ်၊ ပြီးတော့ သူ့အကြိုက်တွေ လိုက်'ထည့်' ပေးရတာပေါ့၊ ဒီလို သစ္စာမရှိတဲ့သူနဲ့ စောစောစီးစီးသိပြီး လမ်းခွဲလိုက်ရတာက ကံကောင်းတယ်၊ ဘာညာကွိကွပေါ့ ကိုရာ၊ ဖေဖေလည်း အရမ်းကျေနပ်သွားတယ်၊ သိလား'

'အဲဒါပေါ့… သားသမီးယုံ စုံလုံးကန်းဆိုတာ'

နှစ်ယောက်သား ပြိုင်တူရယ်လိုက်မိကြ၏။

'မဆိုင်ပါဘူး ကိုရာ၊ ဖေဖေတို့ကို စော်ကားနေတာမှ မဟုတ်ဘဲ၊ မိဘတွေရဲ့ကျေးဇူးကိုသိတာ တစ်ကဏ္ဍ၊ ကိုယ့်ဘဝရှေ့ရေးအတွက် ကိုယ့်ချစ်သူနဲ့ပဲ လက်တွဲသွားချင်တာက တစ်ကဏ္ဍလေ၊ ဒါနဲ့… ကို့ဘက်ကရော၊ အဆင်ပြေရဲ့လား'

'ပြေပါတယ်… မေထားနဲ့ နဒီမေက အတူတွဲလို့ဖြစ်တယ် လေ၊ အိမ်အလုပ်တွေ အတူတူလုပ်ကြတာပေါ့၊ ကို့ ဖေကြီးတို့ ... တို့ဆိုတာ မနက်စောစောနဲ့ ညဦးပိုင်း ဘုရားကန်တော့ ချိန်... အပေါ်ထပ်ကို တက်ကြတာ၊ မေထားနဲ့ နဒီမေတို့ တစ်ခန်းတည်း...



www.burmeseclassic.com

www.burmeseclassic.com



ကြ အိပ်ကြတာတောင် မသိဘူး ရှင်းရော၊ နဒီမေနဲ့ မော်နီနဲ့လည်း အဆက်အသွယ်မပြတ်ပါဘူး၊ ကိုတို့က ဒီကောင်ပြန်ရောက်လာမယ့် အချိန်ကို ဟန်မပျက် ဆက်ထိန်းထားပြီး စောင့်ကြရုံပဲရှိတယ်၊ ဒါလည်း နောက်နှစ်လလောက်ပဲလိုတော့တာပါ၊ ဒီကောင်ပြန်ရောက်လာတာနဲ့ ကိုယ်နဲ့ နဒီမေတို့က တရားဝင်ပြန်ကွာရှင်းကြောင်း လက်မှတ်ထိုးကြရုံ ပဲ၊ အဲဒီအချိန်ကျ ကိုလည်း လွတ်လပ်ရေးရသွားပြီပေါ့'

'လွတ်လပ်ရေး ရသွားပြီဆိုပေမယ့် အဲဒီအချိန်မှာ အများ အမြင်အရတော့ ကိုက တစ်ခုလပ် တစ်မယားကွာ ဖြစ်သွားပြီ တိုရဲ့၊ ဆောင်းဦးကတော့ အရမ်းစွန့်စားရမှာ'

စည်သူက ဆောင်းဦးခင်၏ လက်ဖဝါးကလေးတွေကို ဆုပ် ကိုင်လိုက်၏။ ဒါသည်ပင် ချစ်သူအတွက် နွေးထွေးသော အားပေးမှု တစ်ခု ဖြစ်ပါသည်။

'ကိုသိပါတယ် ဆောင်းဦးရယ်၊ အဲဒီ စွန့်စားပေးတဲ့ ကျေးဇူး ကို ကိုတစ်သက်တာ ချစ်ခြင်းနဲ့ ပေးဆပ်မှာပါ၊ ဘယ်သူနားလည် သည် မလည်လည် ဆောင်းဦးနားလည်နေရင်ကို ကျေနပ်ပြီ၊ နဒီမေရဲ့ ဒီဘာတွေ တောင်းဆိုချက်ကြောင့် လုပ်မပေးရင် မဖြစ်လို့ သတင်းစာမှာ ဆက်ထပ်ကြော်ငြာ ထည့်ပေးလိုက်ရတာက မထင်မှတ်ဘဲ ဝင်လာတဲ့ အခက်အခဲတစ်ခု ဖြစ်သွားတယ်၊ အချင်းချင်းကြားမှာတင် တိုးတိုး ကျိတ်ကျိတ်နဲ့ ပြီးသွားရမယ့်ကိစ္စက နည်းနည်းလူသိသွားတာပေါ့…

'ဒီတော့ အဲဒီအချက်က ထောက်ပြချင်စရာ အမည်းစက်ဖြစ် သွားခဲ့ရတယ်၊ ဒါပေမဲ့ မပူပါနဲ့၊ အများပြောလွတ်အောင်တော့ အတတ် နိုင်ဆုံး လုပ်ကြရမှာပေါ့၊ ကိုနဲ့ နဒီမေတို့ ကွာရှင်းပြတ်စဲကြောင်း ကိုလည်း ခုလိုပဲ အများသိအောင် ပြန်ကြော်ငြာထည့်ရတော့မှာပေါ့၊ သူတွေ ကောင်းကောင်း မျက်စိလည်ကြဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'မတတ်နိုင်ဘူး ကိုရာ၊ ဒီကြားထဲမှာ အဆက်အသွယ်မပြတ်ကြဖို့ပဲလိုတယ်၊ ဆောင်းဦးလည်း ဣန္ဒြေနဲ့ငြိမ်နေမယ်၊ ဖေဖေတို့က လွှတ်လပ်ခွင့်၊ သွားခွင့်ပေးလာပြီဆိုပေမယ့် အတတ်နိုင်ဆုံး အပြင်မထွက်ဘူး၊ တစ်ပတ်တစ်ရက်လောက်ပဲ ခဏထွက်တယ်ဆိုရုံလောက်ပဲ ထွက်မယ်၊ အဲဒါကလည်း တခြားကို မဟုတ်ဘူး၊ ဒီမြဝါးရုံကိုပဲ လာမယ့်ဆန်းဒေးကျရင် ကို ဒီကပဲ စောင့်'

'အိုကေ··· ဆောင်းဦး၊ တနင်္ဂနွေနေ့တိုင်း ကိုနဲ့ ဆောင်းဦး ဒီမှာဆုံကြမယ်၊ ဒီနေရာလေးက ကိုတို့အတွက် အေးချမ်းလုံခြုံပါတယ်၊ အကြောင်းထူးပေါ်လာရင်တော့ ကို့ဟမ်းဖုန်းကို လှမ်းဆက်ပေါ့'

စည်သူနှင့် ဆောင်းဦးခင်တို့ တိုင်ပင်ပြောဆိုပြီးနောက် လမ်းခွဲလိုက်ကြလေသည်။

*



www.burmeseclassic.com



## အခန်း(၁၃)

အိမ်ပြင်ဘက်ပြန်ထွက်၍ ခြံဝင်းထဲကို ကြည့်လိုက်မိကတည်းက [illegible]စ်ခုခုထူးခြားနေပြီဟုတော့ အောင်ဦးခင် သိလိုက်သည်။ ခြံဝင်း[illegible]ဝက် [illegible]ခါးမကြီးရှေ့မှာ ရှေ့နောက်ဆင့်၍ ရပ်ထားသော ကားနှစ်[illegible]စီးအနက် ရှေ့ကကားကို [illegible] စီးလာနေကျ ကားဖြစ်[illegible]ည်ကို မှတ်မိနေသည်။

နောက်က ရပ်ထားသောကားကိုတော့ မသိ။

'အင်း.... အိမ်မှာတော့ အချိန်ကိုက်ဗုံးကြီး ပေါက်ကွဲနေပြန်ပြီ၊ [illegible]' ဟု [illegible] ဧည့်ခန်းထဲသို့ [illegible]ဝင်[illegible] [illegible] [illegible] သိလိုက်ရ[illegible]တော့၏။ [illegible] [illegible]။ [illegible] ဧည့်ခန်းထဲကို [illegible] [illegible] အောင်ဦးခင် မျက်လုံးပြူးချင်သွား

www.burmeseclassic.com



သည်။ ဧည့်သည်တွေ မနည်းပါလား၊ အားလုံးပင် ဝတ်ကောင်းစား
လှတွေ ဝတ်ဆင်ထားကြသည်။ ဖေသစ်မောင်ကလည်း ဆိုဖာခုံတစ်
ခုံတွင် ပြုံးပြုံးကြီးထိုင်လျက် ရှိသည်။ အခြားဘက်မှာတော့ အသက်
ကြီးကြီး စုံတွဲနှစ်တွဲ။ ဒီအထဲက တစ်တွဲကတော့ ဖေသစ်မောင်၏
မိဘများဖြစ်ကြောင်း မှတ်မိနေသည်။ တစ်ရပ်တည်း နေခဲ့ကြဖူးသူ
တွေဆိုတော့ ဒီမျက်နှာတွေကို သိနေသည်။

'ဆောင်းဦးခင်တို့ကတော့ ကြာလေချောလေပဲဟော့၊ တို့ အရပ်
ထဲမှာ နေသွားတုန်းကထက်တောင် ပိုချောလာသေးတယ်၊ အောင်မယ်
လေးဟဲ့၊ ကြည့်နေလိုက်တာ၊ ပြောင်းသွားတာမှ ၂ နှစ် ၃ နှစ်လောက်
ရှိသေး မေ့သွားပြီလား သမီးရဲ့၊ ဒေါ်စာစာလေ'

နံဘေးမှ စုံတွဲထဲက မိန်းမကြီးတစ်ယောက်က ရင်းနှီးသော
လေသံဖြင့်ပြောလေသည်။ သြော်... ဒေါ်စာစာ မှတ်မိပါပြီ၊ အရပ်
ထဲက ရှိသမျှ အာဝါဟ ဝိဝါဟပွဲသော ကိစ္စဟူသမျှမှာ မပါလျှင်
မဖြစ်၊ ကိုယ့်စရိတ် ကိုယ်စားကာ လိုက်ပါလုပ်ရှားတတ်သည်။ မြား
နတ်မောင် အကျိုးဆောင် ဝါသနာရှင်ကြီးဖြစ်သည်။ စေ့စပ်ကြောင်း
လမ်းပွဲ၊ မင်္ဂလာဆောင်ပွဲဟူသမျှ တက်ကြွစွာ ပါဝင်ဆင်နွှဲလေ့ရှိသည့်
အဒေါ်ကြီး။

မြတ်စွာဘုရား...

ဒေါ်စာစာ့အကြောင်း သေသေချာချာ တွေးလိုက်မိတော့
ဆောင်းဦးခင်ရင်ထဲ ဒိန်းခနဲခုန်သွားကာ ဘုရားတလိုက်မိသည်။ ခက်ပါ
ခက်ချေပြီကော။ အနို့ ဒေါ်စာစာသည် မည်သို့သော အကြောင်းကြောင့်
ဤအခန်းဆောင်ထဲသို့ ရောက်ရှိနေချေသနည်း။ ဤတွင်ပင် အပေါ်တိုင်း
မြင်နေကျပုံစံထက် ပို၍ ထူးကဲစွာပြုံးနေသော ဖေသစ်မောင်၏
စပ်ဖြီးဖြီးမျက်နှာကြီးကို ထပ်ကြည့်လိုက်မိပြန်၏။ အမြင်ကတ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလိုက်လေဟု စိတ်ထဲက မေတ္တာပို့နေဆဲမှာပင် ဖေသစ်မောင်က ပြုံးသထက် ပြုံးပြလိုက်ချေသေး၏။

'ဩော်… မှတ်မိပြီ၊ မှတ်မိပြီ၊ မမြင်တာ ကြာလို့ ဒေါ်ဇာဇာကြီးက ပိုဝပိုလှနေတာကို ဒေါ်ဇာဇာရဲ့'

'အို… အဟုတ်ပဲလား၊ ဆောင်းဦးတို့ကတော့လေ တွေ့တာနဲ့ ဘန်းခနဲ စိတ်ချမ်းသာအောင် ပြောတတ်ရန်ကော၊ ဟဲ… ဟဲ… ဟဲ…'

ဒေါ်ဇာဇာက အတော် ကျေနပ် ဘဝင်ဟပ်သွားသော လေသံဖြင့် ပြန်ပြောရင်း ရယ်လိုက်သေးသည်။ ဖေသစ်မောင်၏မိဘတွေကတော့ ဆောင်းဦးခင်၏မျက်နှာကိုပဲ တစိမ့်စိမ့် ကြည့်နေကြကာ ပြုံးနေကြလေသည်။ အင်း… ရုပ်ရှင်ဇာတ်ကားတစ်ကားရဲ့ အမည်ကတော့ 'ပြုံးနေရင် သတိထား' ဆိုပဲ။

'ကဲ… အဲဒီမှာ ဖေဖေတို့နဲ့ပြောကြပါဦးနော်၊ သမီး လုပ်စရာ တစ်စုလေးတွေ မပြတ်သေးလို့'

'သွားပါ သွားပါ တူမကြီး၊ ဒီက စကားတွေလည်း ပြောသင့်သလောက် ပြောပြီးကြပါပြီကွယ်'

ဆောင်းဦးခင်စကားကို အမြန်ဖြတ်ပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ သူမ၏ရင်သည် တဒိတ်ဒိတ်ခုန်လျက် ရှိ၏။

စိတ်ထဲမှာ အလိုလိုသိနေသလိုလို ရှိသည်။

အောက်ထပ်ဧည့်ခန်းထဲမှ လူတွေသည် သူမအတွက်တော့ သာခြင်းကောင်း မဟုတ်နိုင်။

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ဘာပဲဖြစ်ဖြစ် မေမေတို့ဘက်
ကတော့ မရိုင်းရှိုင်းအောင် ပြောလိုက်တော့မယ်၊ သမီးရှယ်၊ သူတို့အ
ရိုးရိုးသားသား ယဉ်ယဉ်ကျေးကျေး လာခွင့်တောင်းပြီးမှ ပြောတာ
မောင်းချုန်းပြီး ထုတ်လွှတ်လို့ မရနိုင်ပါဘူး၊ အခုမှ သိကြကျ
ကြရတဲ့သူတွေလည်း မဟုတ်ဘူးလေ၊ ဒီတော့လည်း
အလိုက်သင့်ပေါ့ သမီးရယ်

ဆောင်းဦးခင် တွက်ဆထားသည့်အတိုင်းပင် ဖြစ်သည်။
ဧည့်သည်များ ပြန်သွားကြပြီး ချိန်မှာ မိခင်ဖြစ်သူ မေမေက ပြော
လေသည်။

"သမီးကလည်း စိတ်မြန်းသားမို့ အရေးသဖြင့် ဒေါ်ဇာဇာ
တဲ့ အိမ်ကြီးကို မြင်လိုက်မှတ်မိလိုက်တဲ့ သူတို့မှာ ဒီကိစ္စ
အတွက်လာကြတာပဲ ဖြစ်ရမယ်လို့
ဒေါ်ဇာဇာဟာ စေ့စပ်ကြောင်းလမ်းပွဲတို့ မင်္ဂလာဆောင်တို့ဆိုရင် သ
လိုက်ချင် ပြောချင်တတ်တာ မေမေရဲ့၊ ဒီနေ့လည်း သူ့ကိုပဲ ဆရာ
ပြီး ခေါ်လာကြတာပဲ ဖြစ်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက ပြုံးသည်။

'ဟုတ်တယ်… သူ့ပဲ ရှေ့က ဦးဆောင်ပြောတာပဲ၊ သမီးက မှတ်မိနေတာကိုး'

'မှတ်မိတာပေါ့၊ အရင်ရပ်ကွက်မှာနေတုန်းက မင်္ဂလာဆောင်နှစ်ခု၊ သုံးခုမှာ ဝိုင်းကူပေးခဲ့ဖူးတော့ အဲဒီ ဒေါ်ဇာဇာမပါတဲ့ မင်္ဂလာဆောင်ကို မရှိဘူး၊ ဒါကြောင့် မြင်ဖူး၊ သိဖူးနေပြီး မှတ်မိနေတာ၊ ဒါပေမဲ့ တစ်နေ့နေ့မှာ ဒီလိုပုံစံမျိုးနဲ့ ကိုယ့်အိမ်ရောက်လာလိမ့်မယ်လို့တော့ ယောင်လို့မှမတွေးခဲ့မိဖူးဘူး၊ ခုမှ ပြန်တွေးကြည့်မိတော့ သမီးရယ်ချင်စိတ်ပေါက်လာတယ်၊ ဒုက္ခပါပဲ'

'အောင်မယ်… အဲဒီဒေါ်ဇာဇာက ဒီလို စေ့စပ်ကြောင်းလမ်းအဖောက်စကားပြောခဲ့တဲ့ ဝါစဉ်ကတော့ မနည်းလောက်ဘူး သမီးရေ၊ သူက ဦးဆောင်ပြောသွားလိုက်တာမှ ညက်နေတာပဲ၊ ကာယကံရှင်တွေတောင်မှာ သူ့လောက် ခွင်ကျကျ ပြောတတ်ကြမယ် မထင်ဘူး'

'လုပ်စမ်းပါဦး မေမေ၊ ဘယ်လိုတွေများ အာဝါးပေးသွားသလဲ ဆိုတာ'

မေမေက ခပ်အေးအေးပင် ပြန်ရှင်းပြလေသည်။

'ဩော်… အခုလာရတဲ့ ကိစ္စကတော့ သားရေး၊ သမီးရေးကိစ္စပါပေါ့ကွယ်၊ ဒီက ကန်ထရိုက်တာကြီး ဦးဖိုးလူတို့ရဲ့သား ဖေသစ်အောင်က သမီးကို မေတ္တာရှိနေတဲ့အတွက် လိုက်လံပြောဆိုပြီး နားအောက်တောင်းရမ်းပေးဖို့ ပြောလာတဲ့အတွက် သူတို့ဘက်က ခုလိုလာအသိပေးရခြင်းဖြစ်ကြောင်း၊ ဒီဘက်က လက်ခံနိုင်ကြမယ်ဆိုရင် သားဖသားပီပီ တောင်းရမ်းလက်ထပ် ထိမ်းမြားပေးလိုပါကြောင်းဆိုတာမျိုးတွေပေါ့၊ သမီးလည်း ဗီဒီယိုတွေ ရုပ်ရှင်တွေထဲမှာကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးကြည့်ဖူးနေတာပဲဟာ၊ အဲဒီအတိုင်းပဲပေါ့၊ အဆန်းတကြယ် မဟုတ်ပါဘူး'

'မေမေကသာ အဆန်းတကြယ် မဟုတ်တာ၊ သမီးအဖို့တော့ ဒီကိစ္စဟာ ဆန်းနေတယ် မေမေ'

'ဘာဖြစ်လို့လဲ သမီး'

'ဘာဖြစ်ရမှာလဲ မေမေရဲ့၊ အဲဒီ ဖေသစ်မောင်ဆိုတဲ့လူဟာ သမီးက သူ့ကို ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ ပြောထားမိတဲ့သူ လည်း မဟုတ်ဘူး၊ ဒါ့အပြင် လုံးဝ စိတ်မဝင်စားပါဘူးလို့တောင် ငြင်းထားတဲ့လူ...၊ ဒီကြားထဲကနေ သူ့မိဘတွေကို လိုက်တောင်းပေး ဖို့ပြောဝံ့တာများ အံ့သြစရာ မကောင်းဘူးလား၊ တော်တော် မျက်နှာ ပြောင်တဲ့လူပဲ'

မေမေက မဲ့ကာရွဲ့ကာ ပြောနေသော ဆောင်းဦးခင်ကို ကြည့် ကာ ရယ်မောလိုက်၏။

'သမီးရယ်၊ တချို့လည်း လူငယ်ချင်း ချစ်ကြကြိုက်ကြတာ မဟုတ်ပေမယ့် ဒီလိုပဲ သက်ဆိုင်ရာမိဘတွေက လိုက်လံတောင်း ရမ်းပေးရာက နှစ်ဘက်မိဘသဘောတူညီချက်ရပြီး အိမ်ထောင်ပြုဖြစ် သွားတာတွေလည်း ရှိတာပါပဲ၊ ဒီသူငယ်လည်း ဒီလိုပဲပေါ့၊ သူ့ဟာသူ မစွမ်းနိုင်တော့လို့ မိဘတွေကို အပူကပ်တာပဲ နေမှာပါ၊ မိဘတွေ အနေနဲ့ကလည်း 'ငါ့သားပူဆာ မနေသာ'ဆိုသလို လိုက်လာခဲ့ကြ ဟန် တူပါရဲ့၊ အဲဒီ ဦးဖိုးလူတို့က မူလတန်းတုန်းကလည်း သမီးအဖေနဲ့ က အဆက်အဆံ အခင်အမင်ရှိတော့ သူတို့လာပြောဝံ့တာ မဆန်းပါ ဘူး'

'အဲဒီတော့ မေမေတို့က ဘာပြန်ပြောလိုက်သလဲဟင်'

'ရှင်းရှင်းလေးပါ သမီးရယ်၊ ကာယကံရှင် သမီးကို မေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဆေဦး၊ သမီးကို ပြောကြည့် မေးကြည့်ပြီးမှ အကြောင်းပြန်ပါရစေလို့ ပြောလိုက်ရတာပေါ့ကွယ်'

'အလကား အရစ်ရှည်လို့ မေမေရယ်၊ သမီးကို မေးစရာ၊ ပြောစရာမှ မလိုတဲ့ကိစ္စပဲ၊ မေမေလည်း သိပြီးသားပဲဟာ၊ သမီးက တော့ လုံးဝစိတ်မဝင်စားဘူးနော် မေမေ၊ ပြောထားလိုက်လေရဲ့'

'ဘာလဲ…သမီးက သမီးကောင်လေးကို သံယောဇဉ်မပြတ် သို့လား'

'မဆိုင်ဘူး မေမေ၊ စည်သူနဲ့ကဏ္ဍက ပြီးသွားပြီ၊ သူလည်း သူ့လက်တွဲဖော်ကို သူ့ဟာသူ ရွေးချယ်သွားပြီ၊ သမီးနဲ့ ဘာမှ မပတ်သတ်တော့ပါဘူး၊ ဒါပေမဲ့ သူနဲ့ မပတ်သက်တော့တာက မပတ်သက် တာတခြား၊ အဲဒီဖေသစ်မောင်ဆိုတဲ့လူကို မကြိုက်နိုင်တာက တခြား ။ နောက်တစ်ခါလာရင် အပြတ်ပြောလွှတ်လိုက် မေမေရာ၊ မေမေ ပြောချင်ရင် ဖေဖေ့ကို အပြောခိုင်းလိုက်၊ ရှင့်သမီးကတော့ နှီးပဲ တဲ့'

ဒီတော့ မေမေက မျက်လုံးပြူး၍ ကြည့်သည်။

'အင်း… သမီးကသာ ပြောနေ၊ သမီးဖေဖေက ဦးဖိုးလူတို့ နဲ့သွားတော့ ဘယ်လို မှတ်ချက်ချတယ်ထင်သလဲ၊ ဟိုကောင် ဝတ္ထု နေရင် ဦးဖိုးလူတို့နဲ့ ခမည်းခမက်တော်ရတာမှ ဂုဏ်ရှိ၊ ငွေရှိနဲ့ တင့်တယ်ဦးမယ်တဲ့၊ သူတို့က ငွေကြေးအနေနဲ့ကတော့ ပြောစရာ မလိုအောင် ချမ်းသာကြတဲ့သူတွေလေ၊ ဒီကောင်လေးနဲ့ဆိုရင် ခင်း သမီး နောင်ရေး တစ်သက်တာ စိတ်အေးရမယ်ကွ တဲ့'

ဖေဖေ့သဘောထားကတော့ ဆောင်းဦးခင်အတွက် ကျော့ချမ်း ရေပင် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ··· အရေးထဲ သူက ဝင်သဘောတူနေသေးသလား မေမေရာ'

'သူက သမီးရဲ့နောင်ရေး အရှည်ကြီး မျှော်တွေးပြီး သဘော တူချင်ပုံပဲ၊ ဦးဖိုးလူတို့က အနေအစားရှိုးတယ်လေ၊ ရိုးရိုးသားသား အလုပ်ကြိုးစားပြီး ချမ်းသာကြွယ်ဝလာကြတဲ့ သူတွေ၊ အဲဒီပုံစံမျိုးကို သမီးအဖေက ကြိုက်တယ်၊ သမီးသာ ခေါင်းညိတ်ရင် သူက လက်ခံ မှာပဲ'

'အမလေး··· မလုပ်လိုက်ပါနဲ့ မေမေရယ်၊ ဖေဖေ့ကို မေမေ ပဲ ကြည့်ပြောထားပါနော်၊ သမီးကတော့ လုံးဝ လက်မခံနိုင်တော့ဘူး လို့'

ဆောင်းဦးခင်က ကလေးငယ်တစ်ယောက်အလား ဒေါ်ရွှေ ခင်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ ချွဲလိုက်သည်။ ဒေါ်ရွှေခင်က သမီးကို ထွေးဖက်ထားလိုက်ရင်း နှစ်သိမ့်လေသည်။

'သမီး··· သဘောဆန္ဒမပါဘဲနဲ့တော့ သမီးအဖေက ဒ္ဓာ တရွတ် အတင်းအကျပ် တိုက်တွန်းပြီး ခေါင်းညိတ်မှာ မဟုတ်ပါဘူး သမီးရယ်၊ မပူပါနဲ့၊ မေမေလည်း သမီးဘက်က ရှိနေမှာပါ'

*

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)

'အောင်မလေး… တော်ပါသေးရဲ့၊ ယောက္ခထီးကြီးက ဘန့်လန့်တွေ လုပ်နေပေမယ့် ယောက္ခမကြီးကတော့ ကိုတို့ဘက်မှာ ရှိနေသေးလို့၊ နောက်များမှ ကျေးဇူးကြီးပေ ချစ်မေမေဆိုပြီး ထိုင်ကန်တော့ရဦးမယ်'

စည်သူ၏စကားကြောင့် ဆောင်းဦးခင် မျက်စောင်းနှုနှုလေး ထိုး၏။ နဒီမေကတော့ နှုတ်ခမ်းလေးကို လက်ဝါးအုပ်ကာ တခစ်ခစ် ရယ်သည်။

ယနေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ ချိန်းထားသည့်အတိုင်း ခွေါးရုံကော်ဖီရှော့သို့ စည်သူထွက်အလာတွင် နဒီမေကိုပါ အတူခေါ်လာခဲ့ခြင်း ဖြစ်သည်။ နဒီမေလည်း အပြင်မထွက်ရသည်မှာ ကြာခဲ့ပြီဖြစ်၍တစ်ကြောင်း၊ ဆောင်းဦးခင်နှင့်လည်း တွေ့ဆုံစေချင်သည်က တစ်ကြောင်းကြောင့် ခေါ်လာခဲ့ခြင်းပင် ဖြစ်သည်။

'ဒါဆိုရင် အဲဒီကိစ္စကြောင့်တော့ လောလောဆယ်မှာ ပြဿနာ ဖြစ်လာနိုင်စရာ မရှိလောက်ပါဘူးနော် ဆောင်းဦး'



www.burmeseclassic.com

www.burmeseclassic.com



နဒီမေက မေးသည်။ ဆောင်းဦးခင်က ခေါင်းညိတ်၍…

'အင်း… ဒီလိုပဲ မျှော်လင့်ရတာပဲ နဒီရေ၊ မေမေ့ကိုတော့ ဆောင်းဦးက အပြတ်ပြောထားတာပါ၊ သူတို့ဟာ သူတို့ လူကြီးစုံရာနဲ့ လာပြောတာကိုတော့ ယဉ်ကျေးမှုအရ အပြစ်မပြောချင်ပါဘူး၊ ဒါပေမဲ့ သမီးကတော့ လက်မခံနိုင်ဘူးလို့လေ'

'ဟုတ်ပါ့ ဆောင်းဦးရယ်၊ ဒီလူကလည်း မရောင်းချင်ပါဘူးဆိုမှ ချိန်သာချိန်ဆိုသလိုကြီး ထင်ရာ စွတ်လုပ်ချင်တာကိုး၊ ခွဲတော့ အကောင်းသား၊ ဒီလူ ဆောင်းဦးကို ဟိုးအရင် ငါးနှစ်ကတည်းက ကြံစည်နေတာ'

'အောင်မယ်… သူက အခုမှ အကြံအစည်အားတွေတောင် တိုးမြှင့်လာလိုက်သေးတယ် ကိုရဲ့၊ သူတင်မကတော့ပဲ သူ့မိဘအသိုင်းအဝိုင်းတွေကိုပါ စစ်ကူခေါ်လာပြီ၊ အဲဒါ တခြားကြောင့် မဟုတ်ဘူး၊ ကိုနဲ့ နဒီတို့ လက်ထပ်သတင်းကိုဖတ်ပြီး အဟုတ်မှတ်နေလို့၊ အဲဒီအချက်က သူ့မှာ တွန်းအားကြီးတစ်ရပ် ဖြစ်နေတာလေ၊ တကယ် ရယ်ရတဲ့လူ'

ဆောင်းဦးခင်စကားကြောင့် စည်သူရော နဒီမေပါ လိုက်ရယ်မိကြပြန်သည်။

'အင်း… ကိုတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ ဆောင်းဦးရေ၊ ဆောင်းဦးပြောတဲ့အတိုင်းဆိုရင် ယောက္ခမကြီးက ဟုတ်တုတ်တုတ်ရှိပေ မယ့် ယောက္ခထီးကတော့ သဘောကျတတ ဖြစ်နေပုံရတယ်ဆို၊ တော် ကြာ တစ်ဖက်က အမျိုးမျိုးသောအာမခံချက်တွေနဲ့ ဖိအားတွေ စွတ်ပေး လာလို့ စိတ်ကူးပေါက်ပြီး ခေါင်းညိတ်လိုက်မှာ စိုးရသေးတယ်'

စည်သူက အနာဂတ်ကို ကြိုတွေးရင်း စိတ်ပူသံနှင့်ပြော၏။

'အဲဒီအတွက်တော့ မပူနဲ့ကိုရေ… ကိုနဲ့ ဆက်ချစ်သူဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသေးတယ်လို့ သိရင်တော့ ဖေဖေက ဖေသစ်မောင်တို့ဘက်က စေ့စပ်ကြောင်းလမ်းချက်ကို လက်ခံမှာ သေချာတယ်၊ တခြားကြောင့် မဟုတ်ဘူး၊ ကို့အဖေ ဦးဝဏ္ဏကို ခုတိုက်ချင်တာနဲ့ကို ဖွတ်လုပ်မှာ သေချာတယ်'

'အမြင်ကတ်တဲ့ပုဒ်မနဲ့ တွယ်ထည့်မှာပေါ့လေ'

နဒီမေက ခပ်ပြုံးပြုံးဝင်မှတ်ချက်ချသည်။ ဆောင်းဦးခင် ခေါင်းညိတ်၏။

'အသေအချာပဲ… ဒါပေမဲ့၊ ကိုနဲ့ နဒီတို့ လက်ထပ်သတင်းလေးကို သူကိုယ်တိုင် ဖတ်ထားပြီးသားဆိုတော့ ကိုနဲ့ပတ်သက်လို့က သူ့စိတ်ထဲမှာ ရှင်းနေတယ်လေ၊ ကိုနဲ့တော့ ဘာမှ ဇာတ်လမ်းဆက်စရာ မရှိတော့ဘူးလို့ စိတ်ချယုံကြည်ထားတာဆိုတော့ ပြဿနာ မရှိတော့ဘူး၊ အဲဒီ သတင်းစကားက ပြန်ဝင် ကယ်မထားတဲ့ သဘောကို ဆိုက်နေတာပေါ့၊ ဒါနဲ့ နဒီတို့ ရှေ့ရေးကရော၊ ကိုမော်နီနဲ့ တိုင်ပင်ဖြစ်တယ် မဟုတ်လား'

'နဒီတို့ကတော့ ရှင်းတယ်လေ၊ လွဲစရာ အကြောင်းမရှိတော့ဘူး၊ သူပြန်လာတာနဲ့ လက်ထပ်ကြရုံပဲ၊ နဒီက ဒီမှာ မေထားတို့ အရိပ်အောက်ရောက်နေပြီဆိုတော့ သူလုံးဝ စိတ်အေးသွားပြီ၊ သူလည်း အမြန်ဆုံးပြန်နိုင်ဖို့ ကြိုးစားနေတာပဲ၊ နောက်ထပ် စောင့်ရလှ တစ်လ ကျော်ကျော်လောက်ပဲ ကျန်တော့တယ်'

နဒီမေက ပြန်ရှင်းပြလိုက်တော့ ဆောင်းဦးခင်က စည်သူ့ကို တစ်ချက်လှမ်းကြည့်ကာ တမ်းတ လွမ်းမောသံနှင့် ခပ်ဆွေးဆွေးလေး ပြောလေသည်။

'ကြည့်စမ်း ကိုရယ်၊ နဒီတို့များ ဘယ်လောက် ချွန်းကံ ကောင်းသလဲ၊ ကိုမော်နီနဲ့ ဘယ်လိုနည်းနဲ့မှ မလွဲနိုင်တော့ဘူးလို့ ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရေးစိတ်ချနေရပြီ၊ ဆောင်းဦးတို့ကျမှပဲ အဖုအထစ်တွေ များလိုက်တာ နော်'

'ဒီလိုလည်း ဘယ်ဟုတ်မလဲ ဆောင်းဦးရဲ့၊ အခုကိစ္စက ဆောင်းဦးတို့ စုံတွဲနှစ်ယောက်စလုံးရဲ့ စာနာ နားလည်ကူညီမှုကြောင့် ဖြစ်လာ တာပါ၊ တော်တန်ရုံ စိတ်ထားမျိုးနဲ့ လူတိုင်း ဝင်မကူညီနိုင်တဲ့ အကူအညီမျိုးကို ဆောင်းဦးတို့က ပေးခဲ့ကြတာပါ၊ စိတ်ချ၊ ကိုယ့် စေတနာ ကိုယ့်ထံပြန်တယ်တဲ့၊ အဲဒီ စေတနာတွေ အကျိုးပြန်ပေးမှာပါ၊ နဒီ လုံးဝ အာမခံတယ်၊ ဆောင်းဦးနဲ့ ကိုစည်သူနဲ့ လွဲကို မလွဲစေရဘူး ပေါင်းကို ပေါင်းကြရစေ့မယ်၊ ဆောင်းဦးတို့ ပေါင်းရဖို့အတွက်လည်း နဒီတို့ အစွမ်းကုန် ပြန်ကူညီမယ်'

နဒီမေက ပြန်နှစ်သိမ့်အားပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် နဒီ၊ ဆောင်းဦးလည်း ဒီလိုပဲ ယုံကြည် ထားပါတယ်၊ ကဲ... ကိုရေ ဆောင်းဦး ပြန်မယ်၊ အပြင်ထွက်ခွင့် ကလေး ပေးထားတယ်ဆိုပေမယ့် သိပ်ကြာလို့မဖြစ်ဘူး၊ ရပြီးသား အခွင့်အရေး အလွဲသုံးစားလုပ်တယ် မဖြစ်ရအောင် ပြန်ဆင်ခြင်ရဦး မယ်၊ နောက် တနင်္ဂနွေကျမှ ထပ်တွေ့ကြမယ်၊ ဒီအချိန် ဒီနေရာပဲ နော်'

ဆောင်းဦးခင်က လက်ပတ်နာရီကလေးကို ငုံ့ကြည့်ရင်းပြော သည်။

'အင်း... ဒါလည်း ဟုတ်တာပဲ၊ လာ... ဆောင်းဦး၊ ကို လမ်းမအထိ ပြန်လိုက်ပို့မယ်၊ နဒီက ဒီအထဲကပဲ ခဏစောင့်နေခဲ့ဦး နော်'

စည်သူက နဒီမေ့ကို ပြောရင်းနေရာက ထသည်။ ပြီးနောက် ဆောင်းဦးခင်နှင့်တွဲကာ ကော်ဖီတဲခန်းကလေးမှ လှမ်းထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးခင်ကို တကွစီ ငှားပေးလိုက်ရမည် ဖြစ်သည်။

ချစ်သူနှင့်အတူရှိနေသောအချိန်သည် မိုးမမြင်လေမမြင် ဖြစ်သောအချိန်ဟု ဆိုကြ၏။ ထိုစကားသည် အခြားချစ်သူများအဖို့ မှန်ချင်မှန် မသိ။ စည်သူနှင့် ဆောင်းဦးခင်တို့အတွက်တော့ ကွက်တိ မှန်နေခဲ့ကြ လိုတောင်လိုနေသေးသည်ဟု ဆိုရမလိုပင် ရှိတော့သည်။

အဘယ်ကြောင့်ဆိုသော် သူတို့သည် မိုးမမြင်လေမမြင်မျှသာ မကတော့ဘဲ ... တတ်။

သူတို့ဖြတ်လျှောက်သွားကြသော အုတ်စီလမ်းကလေးနံဘေး ကော်ဖီတဲတစ်တဲ၏ စားပွဲနောက်မှနေ၍ သူတို့စုံတွဲကို ပါးစပ် ဟောင်းသားဖြင့် အံ့အားတသင့်လိုက်ကြည့်နေသော သူတစ်ယောက် ကိုသည်း သူတို့ မမြင်မိကြ။ လက်ချင်းတွဲ၍ ရယ်ရယ်မောမောပင် စကားပြောရင်း ဆက်လျှောက်သွားကြ၏။

ထိုသူကား အခြားသူမဟုတ်...။


မြားနတ်မောင်က စိတ်ဖောက်ပြန်၍ ချောက်ချကာ ထိုနေ့ ထိုအချိန်ကျမှ ထိုနေရာ ထိုဆိုင်သို့ အရောက်ပို့လွှတ်လိုက်သည့်အလား ဆိုင်ဆိုင်စွာ ရောက်ရှိနေသော ဖေသစ်မောင်ပင် ဖြစ်တော့သည် ပေတကား။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

'ဘာ… ဘာ… ဘာပြောတယ် ကွ'

ဦးဘဦး၏အသံက အတော်ကျယ်သွားသည်။ ဝော်သေး၏။ ဧည့်ခန်းထဲမှာ သူတစ်ယောက်တည်းရှိသော အချိန်တွင်မှ တယ်လီဖုန်းကဝင်လာ၍ နိုမိုဆိုလျှင် အနီးမှာ ဒေါ်ရွှေခင် ရှိနေပါက ဦးဘဦး၏ အလန့်တကြားအသံကြောင့် ဒေါ်ရွှေခင်ပင် လိပ်ပြာလွင့်သွားနိုင်လောက်သည်။

'ဟာ… မဖြစ်နိုင်တာပဲကွ'

ဦးဘဦး ပြန်အော်ပြန်သည်။ ဖုန်းထဲက ပြန်ပြောသည်။

'ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ အန်ကယ် ကျွန်တော်လည်း လုံးဝ မျှော်လင့်မထားတော့ မြင်မြင်ချင်း ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် ထင်မိတယ်၊ ကိုယ့်မျက်စိတောင် ကိုယ်မယုံဘူး ဒါပေမဲ့ သေချာတယ် အန်ကယ်၊ မိန်းကလေးက ဆောင်းဦးမှဆောင်းဦး ခင်ဗျာ၊ ဟိုကောင်ကလည်း စည်သူမှစည်သူ ခင်ဗျာ၊ ဒါနဲ့ ပိုသေချာ အောင်ဆိုပြီး သူတို့ ထိုင်နေကျ ကော်ဖီတဲနံပါတ် ၅ ကို အမြဲတာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးတဲ့ စားပွဲထိုးကလေးကို မုန့်ဖိုးများများပေးပြီး မေးကြည့်လိုက်တော့ အဲဒီစုံတွဲက တစ်ပတ်တစ်ခါ လာနေကျဖျတဲ့…'

'ဟာ… ဟုတ်ရဲ့လားကွာ'

'ခက်ပါ့ အန်ကယ်ရယ်၊ နေ့ရက် နာရီတောင် အတိအကျ စုံစမ်းလို့ ရသေးတယ်'

'ပြော… ပြောစမ်းကွာ'

ဦးဘဦး အတော်စိတ်လောကြီးနေသည်။ ဖုန်းနားထောင်ရင်း ခေါင်းသတွေ တလိပ်လိပ်ထနေသည်။

'တနင်္ဂနွေနေ့၊ နေ့လယ်ပိုင်း ၁ နာရီနဲ့ ၂ နာရီကြားဆိုရင်၊ သူတို့ရောက်ပြီတဲ့၊ ဘယ်လောက်သေချာသလဲဆိုရင် အဲဒီတနင်္ဂနွေနေ့ နေ့ခင်း ၁ နာရီနဲ့ ၂ နာရီကြားအချိန် ၁ နာရီကို ကြိုတင်ဝယ်ထားသတဲ့၊ ဆိုလိုတာက အဲဒီအချိန်မှာ တခြားသူတွေဝင်လာရင် ဒီနေရာ ကော်ဖီတဲ နံပါတ် ၅ က နေရာမအားဘူး၊ တခြားနေရာတွေသွားထိုင်ကြပစေဆိုတဲ့ သဘောပေါ့၊ နေရာအတွက် ကြိုတင်ငွေပေးထားပြီး ကြိုဝယ်ထားတဲ့ စုံတွဲခင်ဗျတဲ့လေ၊ မပိုင်ဘူးလား'

'ပိုင်တာပေါ့… အဲလေ၊ ဟော့ကောင်… မင်းပြောစရာရှိတာ ပြော၊ ငါ့ကို ဖြတ်ဖြတ်မမေးနဲ့၊ ငါ ဒေါပွနေတယ်'

ဦးဘဦး ဖုန်းထဲကနေ ဖိဟောက်သည်။

'မပွပါနဲ့ဦး အန်ကယ်… အခု ကျွန်တော်က သူတို့တွေ့ကြမယ့် နေရာရယ်၊ အချိန်ရယ်၊ နေ့ရက်ရယ် အတိအကျ သတင်းပေးလိုက်ပြီ'

'မင်းပြောတိုင်း ငါ မယုံနိုင်ဘူး၊ သူများစကားနဲ့ လင်းဆုံးခေါင်းကောင် မဟုတ်ဘူး၊ ငါက ကိုယ်တိုင်မြင်ရမှ ယုံမှာ'

'ဟုတ်ပါပြီ၊ လာမယ့်တနင်္ဂနွေကျရင် အဲဒီနေရာကို အန်ကယ်က ရှေ့ကနေစောပြီး ရောက်အောင်သွားနှင့်ပြီး စောင့်ကြည့်ပေါ့၊ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်၊ အဲဒီတော့မှယုံ၊ ဒါပေမဲ့ မြင်တာနဲ့ဒေါပွပြီး ဆိုင်ထဲ
သွားဝုန်းဒိုင်းကြဲတော့ မလုပ်နဲ့နော်၊ အဲလိုသွားလုပ်ရင် ပိုဆိုးသွား
မယ်၊ ကိုယ်သိထားရရင် ပြီးပြီပေါ့၊ ဒါဆိုရင် ကျွန်တော်တို့ ရှေ့
ကိစ္စကို အန်ကယ် အမြန်ဆုံး စီစဉ်ပေးမှဖြစ်တော့မယ် ဆိုတာကိုလည်း
အန်ကယ့်စိတ်ထဲမှာပဲထားပါ အန်ကယ်၊ နို့မို့ရင် အန်ကယ့်သမီး
ကျွန်တော့်ကိုပဲ ဒေါသထွက်မှာ၊ ဒါပဲနော်… အန်ကယ်'

'အေးကွာ… မင်း ဒီလို သတင်းပေးတာ ကျေးဇူးတင်
တယ်'

'အိုကေနော်… အန်ကယ်လည်း လာမယ့် တနင်္ဂနွေကို ဆက်
ဆက် သွားကြည့်လိုက်ပါ၊ မရမ်းကုန်း ရှစ်မိုင်က မြဝါးရုံကော်ဖီရှော့
အချိန်က နေ့ခင်း ၁ နာရီနဲ့ ၂ နာရီကြား ပြည်လမ်းဘက်က ဝင်ရင်…'

ဆိုင်သို့သွားရန် အတိအကျ လမ်းညွှန်ပြောပြပြီးနောက် တစ်
ဖက်က တယ်လီဖုန်းချသွားသည်။ ဦးဘဦးလည်း ဖုန်းကို ပွစ်
ပြန်ဆောင့်ချလိုက်၏။

ကြည့်စမ်း ဘယ်လောက် ရှက်ဖို့ကောင်းသနည်း။

ဒီသမီး ဒီမျှ မိုက်လုံးကြီးမည်ဟု ထင်မထားမိ။ သူ့ကောင်
လေးကဖြင့် အိမ်ထောင်ကျတာ ရပ်သိရွာသိ၊ လက်ထပ်သတင်း
သတင်းစာမှာ ပါပြီးပြီ၊ ဒါကို သိပါလျက်နှင့် ယခုထိ အဆက်အသွ
မပြတ်ကြသေးဆိုတာကတော့ မိန်းကလေး သိက္ခာကျရုံသာမက မိ
တွေပါ ခေါင်းဖော်ဝံ့စရာမရှိသော အဖြစ်ဆိုးပင်။

ဒီအဖြစ်တွေကို ကြိုတင်သိရပါလျက်နှင့် နောက်ဆုတ်မသွား
ဘဲ မင်္ဂလာကိစ္စ အမြန်စီစဉ်ပေးပါရန်သာ ပြောရှာသော မောင်
မောင်ဆိုသော သူငယ်သည် တော်တော် သဘောထားကြီးသည်
သမီးကို နှစ်နှစ်ကာကာ ချစ်လွန်းသူဖြစ်နေ၍သာ အပြစ်မမြင်နိုင်ခြင်း
ဖြစ်မည်။ ထိုသူငယ်၏ အခြားသော မိဘအသိုင်းအဝိုင်းတွေ သိသွား



www.burmeseclassic.com

www.burmeseclassic.com



ကြလျှင်တောင် သူတို့ပြောထားမိသည့် ကြောင်းလမ်းစကားကို အမြန်ဖျက်သိမ်းပါသည်ဟု ဆိုလာနိုင်ဖွယ်ရှိသည်။ ခုတော့ ဟိုသူငယ်ကသူ့ဘက်က အသိုင်းအဝိုင်းလည်း မသိစေရအောင် ဖုံးဖိပေးထားပုံပင်ရသည်ဟု တွေးမိရ၏။

ကြည့်… ဟိုကောင် ဝဏ္ဏသားက ထင်တာထက် ဆိုးပါကလား၊ နဒီမေဆိုသည့် ကောင်မလေးတစ်ယောက်ကို လူသိရှင်ကြားယူပြီးပြီ၊ သင်းကိုယူမိသည့်အတွက် နဒီမေဆိုသည့် ကလေးမမှာမိဘများ၏စွန့်လွှတ်ကြောင်း ကြော်ငြာခံခဲ့ရပြီးပြီ၊ ဒီကြားထဲက နဂိုရည်းစားဟောင်းဖြစ်သော ကောင်မလေးနှင့် ဆက်တွဲနေသေးသည်ဆိုတော့ မလွန်လွန်းဘူးလား၊ အေးလေ… ဝဏ္ဏသားပါဆိုမှတော့ဘယ်မှာလာ ကောင်းနိုင်တော့မှာလဲ၊ ဟုတ်များ ဟုတ်နေလို့ကတော့ဒီကောင်တွေ သားအဖကို ကောင်းကောင်းနှိပ်ကွပ်ပစ်ရမည်။

ဦးဘဦးသည် ဒေါ်တပွပွအတွေးများနှင့် နပန်းလုံးရင်းရင်ဘတ်ကြီးတစ်ခုလုံး မောက်ကြွလာသည့်အထိ အသက်ရှူသံတွေမြန် ဆန်နေသည်။ ဦးဝဏ္ဏ၏သား စည်သူကို အမှုန့်ကြိတ်ပစ်လိုက်ချင်သလောက် တစ်ဖက်ကလည်း သဘောထားကြီးပေးသည့် ဖေသစ်မောင်ကို အမှတ်ပြည့်ပေးနေမိ၏။

'တောက်… နေနှင့်ဦးပေါ့ကွာ၊ လာမယ့် တနင်္ဂနွေနေ့ကျရင်ငါကိုယ်တိုင် အပိုင်ချောင်းဖမ်းမယ်၊ အဲ… ကိုယ့်သမီးကိစ္စကိုယ်ချောင်းကြည့်ရမယ်ဆိုတာကြီးကို လူကြားမကောင်းပါဘူးကွာ… ထို့'

ဦးဘဦးသည် သူ့အတွေးနှင့်သူ ပြန်အော်ဂလီဆန်ကာ သူ့ဟာသူ ပြန်ရှက်လိုက်မိလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

'သမီး... ဆောင်းဦးရေ'

'ရှင်... မေမေ...'

'အဝတ်အစားလဲနေတာလား သမီး'

'ဟုတ်တယ်... မေမေ'

'အေး...အေး... အဝတ်အစားလဲပြီးရင် အောက်ထပ်ဆင်းခဲ့ဦးနော်၊ သမီးဖေဖေ စောင့်နေတယ်'

'ဘာလုပ်ဖို့လဲ မေမေ'

'ပြောစရာ ရှိလို့တဲ့...'

မေမေအသံက ခြောက်တိခြောက်ကပ်ကြီး ဖြစ်နေသည် ဆောင်းဦးထင်သည်။ စောစောကပင် သူမအပြင်မှ ပြန်ရောက်လာ က ဖေဖေနှင့်မေမေတို့ ဧည့်ခန်းထဲမှာ ထိုင်စကားပြောနေခဲ့ကြ တွေ့ခဲ့သေး၏။ ဒီတုန်းက ဘာမှ မပြောဘဲ ခုမှ ဖေဖေက ဘာ ဖောက်လာပါလိမ့်ဟုတွေးကာ အဝတ်အစားလဲပြီးသည်နှင့် အော ထပ်သို့ ဆင်းခဲ့၏။ ✱

'လာဟေ့... သမီး၊ သမီးကို စကားပြောစရာရှိလို့'



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သံပြတ်နှင့်ခေါ်သည်။ ဆောင်းဦးခင်လှမ်းကြည့်လိုက်သည်။

ဦးဘဦး၏ မျက်နှာထားက သာမာန်မဟုတ်။ သာမာန်ထက်ပိုတည်ငြိမ်အေးစက်နေသည်။

'ပြောပါ ဖေဖေ'

'တစ်ခြားမဟုတ်ပါဘူး၊ သမီးရဲ့ အိမ်ထောင်ရေးကိစ္စပါပဲ'

ဆောင်းဦးခင် ထိတ်ခနဲဖြစ်သွားသည်။

'မောင်ဖေသစ်မောင်ရဲ့ မိဘတွေဖြစ်တဲ့ ဦးဖိုးလူတို့က သူတို့သားနဲ့ လာကြောင်းလမ်း တောင်းရမ်းကြတဲ့ကိစ္စကို သမီး သိတယ်နော်'

'သိပါတယ် ဖေဖေ၊ ဒါပေမဲ့ သမီးလက်မခံပါရစေနဲ့လို့ပြော ထားပြီးပြီပဲ၊ မေမေက ပြန်မပြောပြရသေးဘူးလား'

ဆောင်းဦးခင်က တစ်ဆက်တည်း ဒေါ်ရွှေခင်ကို လှည့်မေးသည်။ ဒေါ်ရွှေခင်က ခပ်အေးအေးပြန်ဖြေသည်။

'ပြောပြပြီးသားပါ သမီးရယ်'

'ဒါဆို ပြီးပြီပဲ ဖေဖေ'

'အင်း…သမီးကပြီးပြီဆိုပေမယ့် ဖေဖေက မပြီးသေးဘူးလေ'

'ဟင်…'

'ဟုတ်တယ်လေ…. အစကတော့ ငါ့သမီးရဲ့ရှေ့ရေး၊ အိမ်ထောင်ရေးကိစ္စမှာ ဖေဖေ ဘာမှဝင်မစွက်ဖက်ဘူး၊ သမီးသဘောအတိုင်းပဲ ရှိပစေလို့ အောက်မေ့ခဲ့တာပဲ'

'ဒါဖြင့်…'

ဦးဘဦး လက်ဝါးကာပြလိုက်သဖြင့် ဆောင်းဦးခင်က စကားတစ်ဝက်တစ်ပြတ်နှင့် ရပ်သွားရသည်။

ဦးဘဦးက အေးစက်စက်ဖြင့် ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'အခုတော့ အဲဒီ သဘောထားကို ပြင်လိုက်တယ်၊ သမီးအိမ်ထောင်ရေး ကိစ္စကို ဖေဖေတို့ စိတ်သဘောကျပဲ စီစဉ်ပေးလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါလည်း သမီးတစ်သက်တာလုံး ချမ်းချမ်းသာသာ အေးအေးချမ်းချမ်းနဲ့ နေထိုင်သွားနိုင်မယ့် အစီအစဉ်ကိုပဲ ရွေးချယ်ရလိမ့်မယ်'

'ဘာလဲ… ဖေဖေက သမီးကို ကိုဖေသစ်မောင်တို့ဘက်က ကြောင်းလမ်းလာတဲ့အတိုင်း လက်ခံစီစဉ်ပေးဖို့လား…'

'ဟုတ်တယ်… ဖေဖေဆုံးဖြတ်လိုက်ပြီးပြီ၊ သမီးကို မောင်ဖေသစ်မောင်နဲ့ အမြန်ဆုံး လက်ထပ်ပေးဖို့ပဲ'

'သမီးမှ သူ့ကို မချစ်ဘဲ'

'ဟုတ်ပြီ… ဒါဆို သမီးချစ်တဲ့သူကကော၊ ဟိုကောင်ဝဏ္ဏသားက မိန်းမတောင်ယူသွားပြီလေ'

ဦးဘဉီးက ထိုအကွက်ကိုအပိုင်ကောက်၏။ ဆောင်းဦးခင်က ရှုန်းထွက်၏။

'သူဟာသူမိန်းမယူတာနဲ့ပဲ သမီးကလည်း ယောကျ်ားကောက်ယူရမှာလား ဖေဖေ၊ ဘာဆိုင်လို့လဲ'

'ဆိုင်တယ် သမီး… သူက မိန်းမယူထားပြီးသား ဖြစ်နေတဲ့အတွက်ကြောင့်ကိုပဲ သမီးကလည်း လင်ယောကျ်ားတစ်ယောက် အမြန်ယူကို ယူမှဖြစ်တော့မယ်'

'ဟာ… ဖေဖေ့အစီအစဉ်ကြီးက မဟုတ်သေးပါဘူး၊ ဒီလို အရှုံ့တိုက်တော့ သမီးပဲ နစ်နာတာပေါ့'

'အေး… ဒါပေမဲ့၊ ဒီအတိုင်းနေတာက ခုလို အရှုံ့တိုက်တာထက်တောင် ပိုနစ်နာနေသေးတယ်၊ ငါ့သမီးက အပျို၊ ဟိုကောင်က မိန်းမလက်ရှိနဲ့လေ'

'မဆိုင်လိုက်တာ ဖေဖေရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဦး ပြုံးလိုက်သည်။

'သမီး… ဖေဖေက အခုကိစ္စမှာ တိုင်ပင်နေတာ မဟုတ်ဘူး။ ဖေဖေ ဆုံးဖြတ်ချက်ကို ချပြနေတာ၊ ဘာလို့ ဒီလို ဆုံးဖြတ်လိုက်တယ် ထင်သလဲ၊ ကဲ… သမီးကို ဖေဖေမေးမယ်၊ သမီး ဒီနေ့ ဘယ်က ပြန်ခဲ့သလဲ'

'မြို့ထဲကို သွားတာလေ၊ မြို့ထဲက ပြန်ခဲ့တာပေါ့'

ဦးဘဦး ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးလေသည်။ ပြီးနောက် ဆောင်းဦးခင်နှင့် ဒေါ်ရွှေခင်တို့ မျက်နှာတွေကို တစ်လှည့်စီ ကြည့်လိုက်သေးသည်။

'ကဲ… မရွှေခင်ကလည်း နားထောင်ကွာ၊ အခု ဖေဖေက သမီးဘယ်က ပြန်ခဲ့တယ်ဆိုတာကို ပြောပြမယ်၊ မရမ်းကုန်းရှစ်မိုင်မှာ ရှိတဲ့ မြဝါးရုံကော်ဖီရှော့က ပြန်ခဲ့တာလေ'

'ရှင်…'

ဆောင်းဦးခင်ရင်ထဲ ဒိန်းခနဲ ခုန်သွားသည်။

'အဲဒီဆိုင်လေးက မဆိုးဘူး၊ တော်တော်ကျယ်ကျယ်လွင် လွင်နဲ့ သပ်သပ်ရပ်ရပ်လည်းရှိတယ်၊ ဆိုင်ခန်းကျယ်ကြီးထဲက စားပွဲတွေမှာ မထိုင်ချင်ရင်လည်း သီးသန့်ထိုင်စကားပြောလို့ရတဲ့ ကော်ဖီတစ်ဝိုင်းစာ တစ်ဝိုင်းစာ တစ်စားပွဲပဲ ချထားပေးတဲ့ ကော်ဖီတဲကလေးတွေလည်း ရှိတယ်၊ အခု သမီးက အဲဒီဆိုင်ဝင်းထဲက ကော်ဖီတဲနံပါတ် ၅ က ပြန်လာခဲ့တာလေ၊ အတူတွဲထိုင်နေတဲ့ အဖော်ကလည်း တစ်ယောက် တည်းပဲ၊ အဲဒါက မယားလက်ရှိနဲ့ သမီးရဲ့ရည်းစားဟောင်း ညော်သူ'

'ဟင်…'

ဒေါ်ရွှေစင်ထံမှ အံ့အားတသင့် အာမေဋိတ်သံတစ်သံ ထွက် ကျလာသည်။ ပြီးတော့ ဆောင်းဦးခင်ကို မျက်လုံးပြူးပြူးများနှင့် ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေခင်၏အကြည့်ကမယုံကြည်နိုင်ခြင်းနှင့် အံ့သြတုန်လှုပ်ခြင်းတို့ ရောထွေးနေသည်။

ဆောင်းဦးခင်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိလောက်အောင် စကားလုံးတွေ ဆွံ့အရှားပါးသွားသည်။ စိတ်ထဲကတော့ 'သွားပြီ အတိအကျပဲ'ဟု နားလည်လိုက်သည်။

'ဒီကနေ့ အဲဒီဆိုင်ကို ဖေဖေက အစောကြီးကတည်းက ကြို ရောက်တယ်၊ သမီးတို့က ၁ နာရီနဲ့ ၂ နာရီကြားကို အပိုင်ဝယ်ထား ကြတာဆိုတော့ ဖေဖေက ဝီရိယကလေးစိုက်ပြီး ၁၂ ခွဲလောက် ကတည်းက ကြိုရောက်အောင်သွားနှင့်ရတာပေါ့၊ အဲဒါက တစ်ခါ တလေ တွေ့မိကြလို့ မိတ်ဟောင်းဆွေဟောင်းသဘောမျိုးနဲ့ ထိုင်စကား ပြောမိကြတာပါလို့ ပြောမှာစိုးလို့ အဲဒီစကားကို ကြိုပိတ်ထားတာ။ သမီးနဲ့ သမီးကောင်လေး အဲဒီမှာ တနင်္ဂနွေနေ့တိုင်း နေ့ခင်း ၁ နာရီ နဲ့ ၂ နာရီကြား အမြဲတွေ့ကြတယ်၊ ကဲ… ဘာပြောဦးမလဲ'

'မိုက်လိုက်တာ သမီးရယ်၊ ကိုယ်က အပျို၊ ဟိုက မယား လက်ရှိနဲ့ သမီးတို့ ရည်းစားဖြစ်ခဲ့ကြဖူးတယ်ဆိုတာကို သိထားတဲ့ သူတွေကများ သမီးတို့ကို တွေ့မြင်သွားရင် ဘယ်လောက် သိက္ခာကျ လိုက်မလဲ၊ ဘယ်လောက် လက်ညှိုးထိုးကဲ့ရဲ့ ခံရမလဲ၊ ဟိုကောင်လေး ကလည်း အံ့ပါရဲ့တော်၊ ကိုယ့်ဟာကိုယ် မိန်းမရပြီးသားတောင်မှ ငါ့သမီးကို ဆက်ကြဲသေးတယ်၊ ခွေး… တိရစ္ဆာန်'

ဒေါ်ရွှေခင်ကပါ အံ့အားတသင့်ပြောရင်းက ပေါက်ကွဲလေ သည်။

ဆောင်းဦးခင်မှာတော့ ပြန်လည်ချေပစရာ စကားလုံးမရှိ။ စိတ်လှုပ်ရှားခြင်း၊ နာကြင်ကြေကွဲခြင်းတို့ဖြင့် ကြက်သေသေသွားတာ လည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး မေမေ၊ သူနဲ့နဒီက တကယ်လက်ထပ်ထားကြတာ မဟုတ်ဘူး၊ နဒီမေဟာ သူ့မိန်းမ မဟုတ်ပါဘူး' ဟူသော အငြင်းစကားတွေ ရင်ထဲမှ ပလုံစီထနေသော်လည်း နှုတ်ဖျားကတော့ မည်သည့်အသံမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုနိုင်။

'ဖေဖေ အဲဒါကို လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက သိခဲ့တယ်၊ ဖေဖေကိုယ်တိုင် မမြင်ရ၊ မတွေ့ရသေးလို့ အတည်မပြုခဲ့ဘူး၊ ဒါကြောင့် အခု တနင်္ဂနွေနေ့ကို ရောက်တဲ့အထိစောင့်တယ်၊ ကိုယ်တိုင်စောင့်ကြည့်တယ်၊ ကိုယ်တိုင်မြင်တယ်၊ ဒီလိုသာ ဆက်တွဲနေရင်တော့ ငါ့သမီးဘဝ ရေတိမ်နစ်ရတော့မှာပဲ၊ ဒါကြောင့် သမီးကို မောင်ဖေသစ်မောင်နဲ့ အမြန်ဆုံးလက်ထပ်ပေးဖို့ ဖေဖေဆုံးဖြတ်လိုက်တာပဲ၊ သမီးနဲ့ သမီးအကောင်ကို ဒီနည်းနဲ့ ဖြတ်တောက်တာထက် ပိုကောင်းတဲ့ နည်းလမ်းမရှိတော့ဘူး မရွှေခင်၊ မင်းရော ဘယ်လိုသဘောရသလဲ'

ဦးဘဦးက သူ့စကားအဆုံးတွင် ဒေါ်ရွှေခင်ကို လှည့်မေးလိုက်သည်။

'အို… ဘာမေးနေစရာ လိုသေးလို့လဲတော်၊ ဒီလိုသာဆိုရင်တော့ အမြန်ဆုံးသာ ပေးစားပစ်လိုက်တာပဲ ကောင်းတယ်၊ သိသိကြီးနဲ့ လွှတ်ထားပေးရင် ကိုယ်ကျိုးနည်းရချည်ရဲ့၊ ဒီကိစ္စကို ကျုပ်လည်း သဘောတူတယ်၊ အခု တော်ပြောလို့ အဲဒီစကားတွေ ကြားရတာတောင် ကျုပ်နားတွေရှက်လှပြီ၊ သမီးရယ်… နင့်အကောင်က ဘာကောင်မို့ ဒီလောက်စွဲလမ်းနေရတာလဲ၊ ငါ့သမီးကို ဆေးတွေ ဝါးတွေများ လုပ်ကျွံထားရော့သလား'

ဒေါ်ရွှေခင်ကလည်း လင်တော်မောင်နှင့် တစ်သဘောတည်းပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… သမီး… သမီးအမေရဲ့ သဘောထားကိုလည်း သမီး ကြားရပြီနော်၊ ဒီတော့ ဖေဖေကတော့ အပြတ်ပြောမယ်၊ အခု ဖေဖေ ပြောခဲ့တာတွေဟာ သမီးကို တိုင်ပင်နေခြင်း မဟုတ်ဘူး၊ သမီးရဲ့ သဘောထားကို တောင်းခံနေခြင်းလည်း မဟုတ်ဘူး၊ ဖေဖေတို့ ဆက် လုပ်မယ့် ဆုံးဖြတ်ချက်ကို ချပြလိုက်ခြင်းပဲ၊ သမီး နောက်နေ့ကစပြီး အပြင်ထွက်ဖို့ မစဉ်းစားပါနဲ့တော၊ အရေးတကြီး ထွက်စရာကိစ္စပေါ် လာခဲ့ရင်လည်း သမီးအမေပါ သမီးနဲ့ အတူတူလိုက်လိမ့်မယ်၊ ဟုတ်ပြီ လား… ကဲ… သွားနိုင်ပြီ သမီး'

ဆောင်းဦးခင် အိမ်အပေါ်ထပ်သို့ ပြန်တက်လာခဲ့တော့ ခြေ လှမ်းတွေ မှားချင်နေသည်။ လူက ကတုန်ကယင်ဖြစ်နေသည်။ ဝမ်း နည်းကြေကွဲခြင်းက ရင်ထဲမှာ လှိုက်တက်လာသည်။

အိမ်ခန်းတံခါးကို ဖွင့်ဝင်လိုက်ပြီး အတွင်းမှပြန်ပိတ်၍ သော့ချ လိုက်သည်။

ပြီးနောက် အိပ်ရာပေါ်သို့ အလျားမှောက်၍ ခန္ဓာကိုယ်ကို ပစ်ချလိုက်မိသည်။

ခေါင်းအုံးစွပ်ပေါ်မှာ ဒီဇိုင်းဖော်ထားသော ပန်းပွင့်ကလေးတွေ ရေစိုသွားသည်။ ရေစိုသွားသဖြင့် လန်းဆန်းမလာပါ။ နွမ်းသထက် နွမ်းသွားပေလိမ့်မည်။

ပန်းပွင့်ကလေးတွေ စိုသွားသည်မှာ ဆောင်းဦးခင်၏ မျက် ရည်ပူများသာ ဖြစ်ကြသောကြောင့်တည်း။

*



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

'တီ… တီ… တီ…'

ညကြီးမင်းကြီး နာရီပြန်တစ်ချက် ထိုးလုလုကျမှ ဝင်လာသော ဖုန်းခေါ်သံကြောင့် နဒီမေ ဖျတ်ခနဲ လန့်နိုးသွားသည်။ တိတ်ဆိတ်နေသော အိပ်ခန်းအတွင်းမှာ ဟမ်းဖုန်း၏အသံက အတော်ကျယ်လောင်လေသည်။ နဒီမေသာ နိုးသည်မဟုတ်။ တစ်ဖက်ခုတင်မှာ အိပ်နေသော မေထားလည်း နိုး၏။

နှစ်ယောက်စလုံးပင် ကိုယ့်အိပ်ရာပေါ် ကိုယ်ထထိုင်မိကြသည်။

'တီ… တီ… တီ…'

ဖုန်းက ထပ်ခေါ်ဆဲ။

မေထားက ဖုန်းကို လှမ်းကြည့်ကာ သက်ပြင်းချရင်း ခေါင်းခါလိုက်သည့်။ ဝါးခနဲ တစ်ချက်သမ်းကာ ကောက်ချ[illegible]



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ လွှန်လွှန်းပြီကွယ်၊ အဲဒီမှာ နေ့ဖြစ်ချင်ဖြစ်ေ မယ့် မြန်မာပြည်မှာ ညသန်းခေါင်ရောက်တော့မယ်၊ အိပ်ရေးပျက် တယ်၊ အဲလောက် ကဲမနေနဲ့၊ တွေ့ချင်ရင် မြန်မြန်ပြန်လာဖို့သာ ကြိုးစားလိုက်ဟာ နဒီ'

နဒီမေ၏လူ ကိုမော်နီက လှမ်းဆက်သည်ဟု ထင်သဖြ မေထားက 'နောက်'လိုက်ခြင်းဖြစ်သည်။ မော်နီနှင့် အဆက်အသွယ် မပြတ်စေရန် စည်သူက သူ၏လက်ကိုင်ဖုန်းကို နဒီမေလက်သို့ အပြီး အပိုင် လွှဲပြောင်းပေးထားလိုက်ခြင်း ဖြစ်သည်။

'အေး… ငါလည်း အဲလိုပဲရန်တွေ့မလို့ဟာ မေထားရ၊ တ တည်း၊ သူ အားအားယားယားရှိတိုင်း ဆက်နေတာပဲ၊ နေ… နေ အခုကို ရန်တွေ့ပစ်လိုက်ဦးမယ်၊ ဟိ… ဟိ…'

နဒီမေက ဖုန်းကို ဖွင့်လိုက်သည်။

'ဟဲလို… နဒီမေပါ… အဲဒီဘက်က…'

'ဟင်… နဒီလား… ဆောင်းဦးပြောနေတာ'

'ဟယ်တော့…'

နဒီမေ အံ့အားသင့်သွားသည်။ ဆောင်းဦးခင် ဆက်လာလိမ့် မည်ဟု သူမ လုံးဝ တွေးမထားမိခဲ့ပါ။

'မေထား… ဆောင်းဦးရယ်ဟ'ဟု လှမ်းပြောလိုက်တော့ မေထားလည်း မျက်လုံးပြူးသွားကာ ဒီဘက်ခုတင်သို့ ကူးလာ၏။

'ပြော… ပြော… ဆောင်းဦး၊ နဒီရော၊ မေထားရော ရှိတယ် ဘာတွေ အရေးကြီးလို့လဲ၊ ညကြီးအချိန်မတော်ကျမှ'

'အချိန်မတော်ဆို ဖေဖေတို့ မေမေတို့ အိပ်မှချိန်အ စောင့်နေရတာ နဒီရ၊ အခု သူတို့အိပ်မှ ဖုန်းခိုးဆက်နေရတာ၊ စ ပေါင် ကျယ်ကျယ်မပြောဝံ့ဘူး၊ အခု ဆောင်းဦးပြောတာရော၊ ကြ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား၊ ဖုန်းကို လက်ဝါးနှင့်အုပ်ထားပြီး တိုးတိုးလေး ပြောနေရတာ'

'ရတယ်… ဆောင်းဦး၊ ကြားရတယ်၊ အဲဒီအသံလောက်နဲ့ ပြောလို့ရတယ်၊ ဆောင်းဦးရဲ့ ဟမ်းဖုန်းကရော'

'မရှိတော့ဘူးလေ၊ အိမ်က ဆောင်းဦးကို ဟမ်းဖုန်းပေးမကိုင်တော့ဘူး၊ ပြန်သိမ်းသွားပြီ၊ ရှေ့လျှောက်ပြီး ဆောင်းဦးဆီကို ဆက်သွယ်လို့ မရတော့ဘူး၊ ဆောင်းဦးကပဲ အခုလို ညဥ့်နက်နက်ကျမှ အလစ်ခိုးဆက်ရင် ဆက်ဖို့ပဲရှိတယ်'

'ဟင်… ဘာ… ဘာတွေဖြစ်ကြလို့လဲ ဆောင်းဦး'

နဒီမေက အလန့်တကြားမေးသည်။ နဒီမေ၏ အလန့်တကြားမေးသံကြောင့် မေထားလည်း မျက်လုံးပြူးသွားကာ အိပ်ချင်မူးတူးအငွေ့တွေ ပျောက်သွားရ၏။

'မပြောချင်ပါဘူး နဒီရယ်၊ ဒါနဲ့… ဟိုတစ်ယောက်ကရော'

'ဟင်… ဘယ်တစ်ယောက်လဲ'

'ဟာ… နဒီကလည်း အဲရေးထဲကြောင်နေပြန်ပြီ၊ ကို့ကို မေးတာ'

'အယ်… ဟုတ်သားပဲ၊ သူ့အခန်းမှာ သူ အိပ်နေရောပေါ့၊ ဘာအသံမှ မကြားရတော့ဘူး၊ အိပ်နေပြီထင်တယ်၊ ရတယ်လေ၊ မေထားကို သွားနှိုးခိုင်းလိုက်မယ်'

'နေ… နေပါစေတော့… နဒီ၊ အိပ်ပျော်နေပြီဆိုရင် မနှိုးပါနဲ့တော့၊ နဒီတို့ကိုပဲ ပြောပြမယ်၊ မနက်ကျမှ သူ့ကို ပြန်ပြောပြလိုက်'

'အင်း… အင်း… ဟုတ်ပြီ၊ ပြော… ဆောင်းဦး'

နဒီမေ အသေအချာအာရုံစိုက်၍ နားထောင်လိုက်သည်။

'ဒီလို နဒီရေ… ဘယ်မေတ္တာတုံးကများ အချွန်နဲ့ ထိုးလိုက်တယ် မသိဘူး၊ ဆောင်းဦးနဲ့ကိုနဲ့ မြဝါးရုံမှာ တနင်္ဂနွေနေ့တိုင်း တွေ့ကြတယ် ဆိုတာကို အိမ်က သိသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်…'

'ဆောင်းဦးဖေဖေကိုယ်တိုင် လာချောင်းတာ၊ ဆောင်းဦးကို အပိုင်ပြောတာ၊ ဆောင်းဦး ဘယ်လိုမှ ငြင်းထွက်လို့မရဘူး၊ သူက ကိုယ်တိုင်မြင်တာကိုး'

'အဲ… အဲဒီတော့…'

'အဲဒီတော့… အိမ်မှာ ပွက်လောရိုက်ကုန်တာပေါ့၊ မေမေ သိသွားတော့ ပိုဆိုးရော'

'ဟယ်… ဒုက္ခပဲ'

'ဒုက္ခမှ အကြီးစားပဲ နဒီရေ၊ ဒါနဲ့ ဆောင်းဦးဆီက ဟမ်းဖုန်း လည်း ပြန်သိမ်းသွားပြီ၊ အိမ်ကကြိုးဖုန်းလည်း မလွယ်ဘူး၊ ကြိုးဖုန်း နှစ်လုံးကို ချိတ်ထားတာဆိုတော့ တစ်လုံးပြောသမျှကို ကျန်တဲ့တစ် လုံးက ထိုင်နားထောင်နေလို့ရတယ်၊ ဒီတော့ အဲဒီဖုန်းလည်းသုံးလို့ မဖြစ်တော့ဘူး၊ မေမေက ဆောင်းဦးဖုန်းဆက်တာ မြင်တာနဲ့ ကျန်တဲ့ တစ်လုံးကောက်နားထောင်နေမှာ'

'ဒါဆို… ရှေ့တစ်ပတ် တနင်္ဂနွေ ဆောင်းဦး ထွက်လာလို့ မရတော့ဘူးပေါ့'

'ဘယ်ရတော့မှာလဲ… အိမ်ထဲက အပြင်ထွက်ခွင့် ပါမစ် ပိတ်သွားပြီ၊ အဲဒါ ကို့ကို ပြောလိုက်ဦး၊ တကယ်လို့ ကိစ္စတစ်ခုခုရှိလို့ အပြင်ထွက်ရင်လည်း ဆောင်းဦးအခြေအနေကို စောင့်ဖို့ မေမေနဲ့ အပြင်ထွက်ခွင့်ပြုမယ်တဲ့'

'သေရောပေါ့… ဆောင်းဦးရယ်၊ ဘာမှ လုပ်မရတော့ဘူး'

'အဲဒါထက် ပိုဆိုးတာ ရှိသေးတယ်၊ ကိုနဲ့ အဆက်အသွယ်ရှိ နေတာကို သိသွားကြတော့ အပြတ်ဖြတ်မယ်ဆိုပြီး ဆောင်းဦးကို ကိုဖေသစ်မောင်နဲ့ လက်ထပ်ပေးဖို့ သူတို့ ဆုံးဖြတ်လိုက်ကြပြီ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါမှ တကယ့်ရှော့ဝင်တာပဲ'

'ကိုဖေသစ်မောင်တို့ဘက်က ကမ်းလှမ်းချက်ကို လက်ခံကြမယ်တဲ့၊ သူတို့ လူကြီးတွေချင်း နောက်တစ်ကြိမ်တော့ စကားထပ်ပြောကြလိမ့်မယ်၊ တခြားပြောစရာ မဟုတ်ဘူး၊ ကမ်းလှမ်းချက်ကို လက်ခံကြောင်း သဘောတူကြောင်းပဲပြောမှာ၊ ဖေဖေက အမြန်ဆုံး မင်္ဂလာပွဲစီစဉ်မယ်လို့ ကြိမ်းနေတာ'

'ဒါဖြင့် နောက်ထပ်အချိန် ဘယ်လောက်အတွင်း အဲဒီကိစ္စ ဖြစ်လာမယ် ထင်သလဲဟင်...'

'ဆောင်းဦးလည်း မပြောတတ်သေးဘူး၊ ဒါပေမဲ့ သိပ်တော့ ကြာကြာအချိန်ဆွဲနေလိမ့်မယ် မထင်ဘူး၊ တစ်လ နှစ်လအတွင်း ဖြစ်ချင်ဖြစ်လာနိုင်တယ်၊ တစ်လအတွင်းလည်း ဖြစ်လာနိုင်တာပဲ'

'အင်း... ခုမှပဲ အရေးတော်ပုံက စတော့တာကိုး၊ ဘာမှစိတ်ပူနဲ့ ဆောင်းဦး၊ ဣန္ဒြေမပျက်ဘဲ နေပေတော့၊ နဒီတို့အားလုံး ပြန်ပိုင်းကူမယ်၊ ကိုမော်နီလည်း ဒီတစ်လလောက်အတွင်းပဲ ပြန်ရောက်လာမှာပါ၊ ဆောင်းဦးဘက်က အခြေအနေတွေထူးရင် ထူးတာနဲ့ ဒီညလိုပဲ သန်းခေါင်လောက်ကျမှ အလစ်ထဆက်ပေတော့၊ ဟမ်းဖုန်းက နဒီဆီမှာ အမြဲရှိတယ်၊ ကိုမော်နီနဲ့ အဆက်အသွယ်မပြတ်အောင်ဆိုပြီး သူက နဒီလက်ကို ထိုးအပ်ထားတော့တာ'

'ကောင်းပြီ... နဒီ၊ ဆောင်းဦးဘက်ကလည်း တတ်နိုင်သမျှ အချိန်ဆွဲထားမှာပါ၊ အခြေအနေထူးရင် ခုလိုပဲ ညနက်မှဆက်မယ် ဒါပဲနော်... မနက်ကျမှ ပေါ်လာတဲ့အရေးတော်ပုံကို တို့ကို တစ်ဆင့်ပြောပြလိုက်ဦး... ဘိုင့်... ဘိုင်... ဂွတ်နိုက်... နဒီ'

'ဂွတ်နိုက်... ဆောင်းဦး၊ ဖြောင့်ဖြောင့်သာ အိပ်တော့ ဒီတို့ ပိုင်းကူဖို့ အချိန်တွေ ရနေပါသေးတယ် ဆောင်းဦးရယ်၊ စိတ်ပူပါနဲ့နော်'



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးခင်ဘက်မှ ဖုန်းချသွားတော့ နဒီမေလည်း လက်ကိုင်ဖုန်းကို ပြန်ပိတ်လိုက်သည်။

'ကဲ… ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြောပေတော့ နဒီ'

မေထားက သိချင်ဇောကြီးသည့် လေသံဖြင့် ဝင်ပြောသည်။ သူလည်း နဒီမေ ဖုန်းပြောပြီးချိန်ကို ထိုင်စောင့်နေခဲ့ရခြင်းပင်။

'ဖြစ်ပုံက ဒီလို မေထားရေ'

နဒီမေက ဆောင်းဦးခင်နှင့် ပြောဖြစ်ခဲ့သမျှတွေကို ဇာတ်ကြောင်းပြန်ပြလိုက်သည်။ မေထားက မျက်ခုံးပင့်လိုက်၊ မျက်မှောင်ကြုတ်လိုက်၊ ဟယ်ခနဲ၊ ဟင်ခနဲ အသံပြုလိုက်ဖြင့် နားထောင်၏။ နဒီမေ၏ စကားဆုံးတော့မှ မှတ်ချက်တစ်ခု ချလိုက်ရာ နဒီမေပင် ပြုံးစိစိ ဖြစ်သွားရလေသည်။

'အင်း… အခုကြားရသမျှအတိုင်းသာဆိုရင်တော့ ခုချိန်ထောပဲဆိုရင် ကိုကြီးတော့ အိပ်မက်တစ်ခုခုတော့ မက်နေလောက်ပြီ၊ တခြားအိပ်မက်မျိုးတော့ မဖြစ်နိုင်ဘူး၊ မက်ခြင်းမက်ရင် ခေါင်းဆင်နှင်းအိရတဲ့ အိပ်မက်မျိုးပဲ ဖြစ်မယ်ထင်တယ် နဒီရေ'

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

ဦးဘဦးကား ဆုံးဖြတ်ချက်ချပြီးလျှင် ထိုဆုံးဖြတ်ချက်အတိုင်း ချင် အကောင်အထည်ဖော်လေ့ရှိ၏။ အထူးသဖြင့် သမီးဖြစ်သူ ဆောင်းဦးခင်၏ကိစ္စတွင် ပို၍ပင် မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်လေသည်။

ဆောင်းဦးခင်အား အိမ်ပြင်မထွက်ရ ရာဇသံပေးပြီးသည့်နောက် လေးငါးရက်ခန့်မှာပင် ဖေသစ်မောင် သူ၏ကားလေးဖြင့် ရောက်ရှိလာလေသည်။

'ဟော… မောင်ဖေသစ်မောင်၊ လာကွာ… တို့အပြင်ဘက်က ပန်းခြံထဲမှာပဲ စကားပြောကြရအောင်'

ဦးဘဦးက ဆီးကြိုလိုက်သည်။

'ဟုတ်ကဲ့… အန်ကယ်'

ဖေသစ်မောင်က ရိုကျိုးစွာပင် ဦးဘဦးနောက်မှ လျှောက်လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဦးက အရှေ့ဘက် ခြံဝင်းထဲရှိ ပိတောက်ပင်ရိပ်တွင် ချခင်းထားသော စားပွဲဝိုင်းကလေးဆီသို့ ခေါ်သွား၏။ စားပွဲဝိုင်းက လေးနှင့်အတူ နောက်မီကုလားထိုင်သုံးလုံး ချခင်းထား၏။

'အဲဒီဘက်မှာ ထိုင်ကွာ၊ ဘာသောက်မလဲ၊ အအေးလား… အပူလား'

'နေပါစေ… အန်ကယ်၊ ကျွန်တော် လက်ဖက်ရည် အခု သောက်လာခဲ့ပါတယ်၊ မလိုတော့ပါဘူး'

ဖေသစ်မောင်က ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း ပြန်ဖြေ၏။ နှစ်ယောက်သား ကျကျနနထိုင်မိကြပြီးသည်နှင့် ဖေသစ်မောင်က သူ သိလိုသည့် စကားတို့ကို စတင်တော့သည်။

'ဘယ်လိုလဲ အန်ကယ်… ဟိုတစ်ရက်တုန်းက ကျွန်တော် ပြောခဲ့တဲ့ကိစ္စက မှန်တယ်မဟုတ်လား'

ဦးဘဦးက မျက်နှာပူပူနှင့်ပင် ခေါင်းညိတ်ပြလိုက်သည်။

'မှန်တယ် မောင်ဖေသစ်မောင်၊ ဒီအတွက် မင်းကို အန်ကယ် အများကြီး ကျေးဇူးတင်ပါတယ်၊ အဲဒီတနင်္ဂနွေကပဲ အန်ကယ် ကိုယ်တိုင် မင်းလမ်းညွှန်တဲ့အတိုင်း သွားစောင့်ကြည့်ခဲ့တယ်၊ တောက်… ဟိုကောင် ဝဏ္ဏရဲ့သားနဲ့ စကားပြောနေကြတာကိုတွေ့ရတာပဲ၊ အဲ တော့ သမီးကို ဖြောင်းဖြင့်ပြောပြီး အချိန်မီတားလိုက်ပြီးပါပြီ မောင်ဖေ သစ်မောင်'

ဖေသစ်မောင်မျက်နှာ ပြုံးပြုံးကြီး ဖြစ်သွားသည်။

သူလိုချင်သော ပစ်မှတ်ကို ဦးဘဦးက ထိအောင်ပစ်ချခဲ့လေ ပြီ။

'ကျွန်တော်လည်း သူတို့ချင်း အဆက်အသွယ်ပြတ်ခဲ့ပြီ လောက်ပြီ ထင်နေတာ အန်ကယ်၊ တစ်ရက်မှာ ကံကောင်းချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း မိတ်ဆွေတစ်ယောက်က ခေါ်လို့ အဲဒီဆိုင်ကလေးကို ရောက်သွားမှပဲ မမျှော်လင့်ဘဲ တွေ့ခဲ့ရတာ၊ ဒါကြောင့် အန်ကယ်ကို ဖုန်းဆက်အကြောင်းကြားတာပဲ၊ ဘယ့်နှယ် အန်ကယ်ရယ် တစ်ချိန် တုန်းက ပတ်သက်ခဲ့တာက တစ်ပိုင်းပေါ့၊ ဒါပေမဲ့ ခုလိုအချိန်မျိုးမှာ တော့ ဟိုကောင် စည်သူအနေနဲ့ နောက်ဆုတ်သင့်ပြီပေါ့၊ မိန်းကလေးရဲ့ ဂုဏ်သိက္ခာကို ငဲ့ကွက်သင့်တာပေါ့'

'ဒါပေါ့ မောင်ဖေသစ်မောင်ရဲ့၊ မင်း အခုလို အချိန်မီ ထိန်း သိမ်းနိုင်အောင် သတင်းပေးတာ ကျေးဇူးတင်တယ်ကွယ်'

'ဟဲ…ဟဲ… စေတနာတွေပါ အန်ကယ်၊ စေတနာတွေပါ'

ဖေသစ်မောင်က လေလည်သံကြားသည့် ခွေးအိုကြီးမြူး သလို အူမြူးသွားပြီး မဏ္ဍပ်တိုင် တက်လိုက်လေသည်။ အခွင့်အခါ သင့်တုန်း ယောက္ခမလောင်းကြီးကို အပြတ်ဖားထားမှဟု ကျိတ်၍ တွေးလိုက်သေး၏။

'အေးကွယ်… သမီးကလည်း ဟိုကောင်ရဲ့ လှည့်ကွက်တွေ မှာ မျောပါနေပုံရတယ်၊ ခုတော့ သူတို့ကိစ္စရှင်းသွားပါပြီ၊ အန်ကယ်လ် လည်း အပြတ်ဖြတ်နိုင်လိုက်တယ်'

'ဟာ… ဖြတ်သင့်တာပေါ့ အန်ကယ်၊ ဖြတ်သင့်တာပေါ့ဗျာ'

'အေး… ဖြတ်သင့်တာ ဖြတ်ပြီးပြီဆိုတော့ ဆက်သင့်တာ လည်း ပြန်ဆက်ရမှာပေါ့ကွာ'

'ဟုတ်ကဲ့… ဘယ်လို ဆက်မှာလဲ ခင်ဗျာ'

'ဆက်ရမယ့် အပိုင်းကတော့ မောင်ဖေသစ်မောင်တို့နဲ့ ပြော ထားမိတဲ့အပိုင်းပဲ ရှိတော့တာပေါ့ကွာ၊ မင်းအဖေ ဦးဖိုးလူတို့က မင်း နဲ့ အန်ကယ်သမီးနဲ့ လက်ထပ်ပေးပါရစေလို့ လာကမ်းလှမ်းထားတာ ရှိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော့်မိဘများက လည်း အန်ကယ်တို့ဘက်က အဖြေကို စောင့်မျှော်နေတာပဲ ခင်ဗျ'

'တကယ်လို့ အန်ကယ်တို့ဘက်က ကျေနပ်လက်ခံမယ်ဆိုရင် မောင်ဖေသစ်မောင်တို့ဘက်က ဘယ်လို ဆက်စီစဉ်ကြမလဲ'

'ဟာ… အတိုင်းထက်လွန်ပေါ့ အန်ကယ်ရယ်၊ နှစ်ဖက်မိဘ တွေ ညှိနှိုင်းပြီး မင်္ဂလာ ရက်ကောင်းရက်မြတ် ရွေးကြရုံရှိတာပေါ့၊ ကျွန်တော့်အနေနဲ့ကတော့ စိတ်ချပါ အန်ကယ်၊ အခုချိန်ထိလည်း ဆောင်းဦးခင်ပေါ်မှာ အပြစ်တစ်စုံတစ်ရာရယ်လို့ မမြင်မိပါဘူး၊ ဒူး နေရာဒူး တော်နေရာတော် မနေဘဲ အန်ကယ်သမီးကို ဆက်လှည့်စား ဖို့ ကြိုးစားတဲ့ ဟိုကောင်စည်သူကိုသာ ဒေါပွမိပါတယ်၊ တောက်… သူတို့ကိုတွေ့တဲ့နေ့က ကျွန်တော် ဝုန်းဒိုင်းကြဲပစ်လိုက်ချင်တာအန်ကယ် ရယ်၊ ကိုယ်နဲ့ကလည်း သဘောတူမှန်း မတူမှန်း မသိရသေးဆိုတော့ အတော်စိတ်ထိန်းပြီး ဆင်ခြင်နေလိုက်ရတယ်'

ဦးဘဦး အတော်သဘောကျသွားသည်။

'ယုံပါတယ်… မောင်ဖေသစ်မောင်၊ မင်းဟာ သမီးကို တကယ်မေတ္တာရှိတဲ့ သူငယ်တစ်ယောက်လို့ အန်ကယ် ယုံပါတယ်၊ ကဲ… ဒါဖြင့် အန်ကယ်တို့ စကားဖြတ်ကြရအောင်၊ မင်းရဲ့မိဘတွေကို အန်ကယ်က မင်္ဂလာကိစ္စနဲ့ပတ်သက်လို့ လက်ခံဆွေးနွေးလိုတဲ့အကြောင်း ပြန်ပြောလိုက်ပါတော့ကွာ'

'ဟာ… တကယ်နော် အန်ကယ်'

'အန်ကယ်က လူကြီးပဲကွာ လူကြီးစကားပဲပေါ့၊ ဒီကိစ္စမျိုး ကို ပေါ့ပေါ့တန်တန် နောက်ပြောင် ပြောပါ့မလား'

ဖေသစ်မောင်တို့သည် သူ့ကိုယ်သူ အိပ်မက် မက်နေသလား ဟု အောက်မေ့မိ၏။ ဤမျှ မြန်မြန်ဆန်ဆန် အဆင်ပြေသွားလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ယောင်လို့မျှ မမျှော်လင့်ရဲခဲ့။ ယခု ဆောင်းဦးခင်ကို သူ ပိုင်ဆိုင်ခွင့် ရပေတော့မည်။ ထိုအတွေးဖြင့်ပင် မြေကြီးပေါ် ဒူးနှင့်ထိုးလိုက်ချင်စိတ်ပေါက်နေ၏။ နှစ်ပေါင်းများစွာ ကြိုးစားခဲ့သည့်တိုင် ရေးရေးမျှ အရာမထင်ခဲ့သော ကိစ္စကြီးသည် ယခု ဘွားခနဲ အကောင်အထည်ပေါ်လာပေတော့မည်။ ကံကြမ္မာသည် သူ့ဘက်သို့ ချိန်ခွင်လျှာ မဲတင်းပေးခဲ့ပြီတကား။

'ဒါဆိုရင် ကျွန်တော့်မိဘတွေကို ပြန်ပြောလိုက်တော့မယ်နော်၊ ဟို… အန်ကယ့်သမီး ဆောင်းဦးခင်ကရော ဒီ… ဒီကိစ္စကို'

'အဲဒါက မင်းကိစ္စမဟုတ်ပါဘူး မောင်ဖေသစ်မောင်၊ အန်ကယ့်သမီးကို အန်ကယ်ပဲ နားချစည်းရုံးမယ် ဒါပဲ၊ မင်းက မင်းကိစ္စကိုသာ မင်းဆက်လုပ်'

'ဟုတ်ကဲ့… အန်ကယ်၊ ဒါဆိုရင်လည်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး အန်ကယ်'

ဦးဘဦး ခေါင်းညိတ်ပြလိုက်သည်။ ဖေသစ်မောင်က ယောကျ္ားမလောင်းကြီးကို ခါးညွတ်၍ အရိုအသေပြုလိုက်ပြီးနောက် ကားဆီကို ပြန်လှည့်လျှောက်လာရင်း စိတ်ထဲမှာ အောင်မြင်စွာ နှစ်လုံးတည်းသော စကားလုံးတို့ကို ကျူးရင့်လိုက်လေသည်။

'ငါကွ…' ဟူလို့။

*



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

'စိတ်မပျက်ပါနဲ့ ကိုစည်သူ၊ ဆောင်းဦးက အပိုင်ပြောထားတာပါ၊ အခြေအနေထူးတာနဲ့ သူ ညဥ့်နက်နက်မှာ ဖုန်းခိုးဆက်ပြီး အကြောင်းကြားမယ် ပြောထားတာပဲ၊ ခုထိ ဘာမှ မဆက်သွယ်လာသေးတာဟာ ဘာမှ မထူးခြားသေးလို့ပဲ အောက်မေ့ပါ'

နဒီမေက အားပေးသည်။

'ဟုတ်သားပဲ၊ ကိုကြီးက အလကား စိတ်ဒုက္ခခံနေတယ်၊ စိတ်ချ၊ ဆောင့်းဦးက ကိုကြီးမှ ကိုကြီးပဲ၊ ကိုယ့်သူငယ်ချင်းအကြောင်းကို ကိုယ်သိပြီးသား'

မေထားကလည်း သူ့မအစ်ကိုကို စိတ်သက်သာရာ သက်သာစေကြောင်း ဝင်ဖျောင်းဖျ၏။

စည်သူကတော့ နဒီမေ ပြောပြပြီးကတည်းက သက်ပြင်းတချချနှင့် ရှိ၏။ ဒီလိုနှင့် အချိန်က တစ်ပတ်ကျော်ခဲ့ပြီ၊ ငြိမ်ခဲ့သောတနင်္ဂနွေနေ့တုန်းကလည်း ဆောင်းဦးခင်ဘက်က အခြေအနေတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ဖုံပြောင်းကာ လာများလာခဲ့လေမလားဟူသော မျှော်လင့်ချက်နှင့် တွေ့ဆုံကြ မြဝါးရုံကော်ဖီရှော့သို့ ရောက်သေး၏။ အချိန်တွေသာလွန်သွားသည်။ မြဝါးရုံသို့ ဆောင်းဦးခင် ပေါ်မလာ။

ဆောင်းဦးခင် လာလိုလာငြားဖြင့် သွားထိုင်စောင့်ရင်း ဒေါ်ပွ၍သာ ပြန်ခဲ့ရတော့သည်။

ဒေါ်ပွရတာက တခြားကြောင့် မဟုတ်။

'အေးကွာ၊ ခုထိ ပေါ်မလာရင်တော့ လာမယ် မထင်တော့ပါဘူးကွာ'

စည်သူတို့နှင့် ရင်းနှီးနေပြီပင်ဖြစ်သော စားပွဲထိုးကလေးက မေးသဖြင့် စိတ်ပျက်ပျက်ဖြင့် ဖြေရ၏။

အချိန်က နေ့ခင်း ၂ နာရီ ထိုးလုပြီ။

'ပြီးတစ်ပတ်တုန်းက လူတစ်ယောက် အစ်ကိုတို့ စုံတွဲအကြောင်းကို ကျွန်တော်ဆီ စုံစမ်းတယ် အစ်ကို'

'ဟေ... ဘယ်လို စုံစမ်းတာလဲကွ'

'အစ်ကိုတို့က ဒီကို လာနေကျ တွေ့နေကျတဲ့လား'

'ဒီတော့ မင်းက ဘာပြန်ပြောလိုက်သလဲ'

'ကျွန်တော်က မသိဘူးလို့ ပြန်ဖြေလိုက်တာပါပဲ၊ ဒါပေမဲ့ ဒီလူက ပါးတယ်၊ မှန်တဲ့အတိုင်းပြောပါကွ၊ အဲဒီအထဲက ထွက်သွားတဲ့ကောင်က ငါ့သူငယ်ချင်းပါ၊ ဒီကောင် သူ့ကောင်မလေးနဲ့ ငါတို့မသိအောင် ခြေပုန်းခုတ်နေလေသလားလို့ သိချင်လို့မေးတာပါတဲ့'

'အဲဒီတော့...'

'အစ်ကို့ သူငယ်ချင်းဆိုမှတော့ ကျွန်တော်လည်း ခုံးဆည်တော့ဘဲ မှန်တဲ့အတိုင်းပဲ ဖြေပေးလိုက်တာပေါ့ အစ်ကိုရာ၊ တနင်္ဂနွေနေ့တိုင်း အစ်ကိုတို့ ဆုံတဲ့အကြောင်းလေ၊ သူက သဘောတွေကျပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တော့ တွေ့မှ ပြန်ပြောပြီး ဘီယာတိုက်ခိုင်းရဦးမယ်လို့ ကြံ
နေသေးတယ်၊ လူပုံစံကတော့ ပုကွကွ ဂင်တိုတိုပဲ အစ်ကိုရ'

'ဘယ်ကောင်များ ဖြစ်နိုင်မလဲ'ဟု စည်သူ ဦးနှောက်
နေစဉ်မှာပင် 'ပုကွကွ ဂင်တိုတို'ဆိုသော စကားကြောင့် ပုံပန်းမ
လှသော ဖေသစ်မောင်၏ရုပ်ပုံလွှာက မျက်စိထဲမှာ ဖျတ်ခနဲ ပေါ်
၏။

'ဒီကောင်က မျက်လုံးပြူးပြူးကွာ၊ ထူးခြားတာက ဆံပင်
အလယ်တည့်တည့်က ခွဲထားတာကွာ၊ ဟုတ်လား'

'ဟုတ်ပြီ အစ်ကို'

'သိပြီကွ... ဒီကောင် ဖေသစ်မောင်ဆိုတဲ့ ခွေးကောင်ပဲ'

စားပွဲထိုးကောင်လေးကတော့ သူငယ်ချင်းမို့ ရင်းနှီးစွာ 'ခွေး
ကောင်'ဟု ဆဲခြင်းဟု ထင်ပေလိမ့်မည်။ သို့သော် စည်သူကတော့
တကယ်ဒေါပွလာ၍ အတည်ဆဲမိခြင်း ဖြစ်သည်။ ဆောင်းဦး၏ ဖခင်
ဦးဘဦးကို သတင်းပေးသူမှာ ထိုဖေသစ်မောင်ပဲ ဖြစ်လိမ့်မည်
တစိမ့်စိမ့်တွေးမိလာလေ ဒေါပွလာလေ ဖြစ်သည်။

'မင်းတို့က ကာယကံရှင်မှ မဟုတ်ဘဲဟာ၊ ဒီတော့ အေးအေး
ဆေးဆေးရှိမှာပေါ့ ငါတော့ စိတ်ပူလာပြီ၊ ယောက္ခထီးကြီးက အလိုင်
ကမှ မကြည်ခဲ့တဲ့သူဆိုတော့ ဒီကိစ္စကို အားချင်းစီစဉ်မှာပဲ'

'ကဲပါ... ကိုစည်သူရယ်၊ ဆောင်းဦးတစ်ယောက်လုံး ကိုယ့်
ဘက်မှာ ပါနေတဲ့နောက် စိတ်အေးအေးသာ ထားနေပါ၊ သေချာတယ်
ဆောင်းဦးဟာ နဒီတို့ ဘက်တော်သားပဲ၊ သူ အကြောင်းထူးရင်
ဖုန်းဆက်မှာပဲ'

နဒီမေကတော့ ကာယကံရှင် ဆောင်းဦးကိုပင် အပိုင်ယုံကြည်
ထားသည်။ ဒီလို ကျဉ်းထဲကျပ်ထဲရောက်ပြီဆိုလျှင် ယောကျ်ားအေ

www.burmeseclassic.com

www.burmeseclassic.com



တွေက ထုထုပွပွ ဖြစ်တတ်သလောက် မိန်းကလေးတွေက ပို၍ညက်သွားတတ်ပြီး လတ်တစ်လုံးခြားကလေးနှင့် မျက်လှည့်ပြလိုက်သလို ပြောင်းနိုင်လေ့ရှိကြောင်း ရှင်းပြသည်။

စည်သူ သက်ပြင်းချ၍ နေရလေတော့သည်။

ဒီလိုဖြင့် ရက်သတ္တပတ် ကုန်ဆုံးသွားပြီး၊ တစ်ညမှာ ဆောင်းဦးခင်ထံမှ ဖုန်းဝင်လာသည်။ ထုံးစံအတိုင်း ညဥ့်တစ်နာရီလောက်မှ ဝင်လာခြင်း။ ဒီလို ညအချိန်မတော်ကျမှ ဖုန်းဝင်လာခြင်းကပင် ဆောင်းဦးခင်အဖို့ ယခုအချိန်ထိ စောင့်အကြည့်ခံနေရဆဲဖြစ်ကြောင်း ပြောဘဲ သိနိုင်၏။ ဦးဘဦးတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည့်အချိန်ထိတိုင်စောင့်ပြီးမှ ဖုန်းခေါ်ရခြင်းဖြစ်ကြောင်း အလိုအလျောက် သဘောပေါက်နားလည်စေနိုင်သည်။

'ပြော··· ဆောင်းဦး··· နဒီပါ'

'ဆောရီးနော်··· နဒီ၊ အိပ်ရေးပျက်နေပြီလားကွာ'

'ရတယ် ဆောင်းဦး··· နဒီ နားလည်တယ်၊ နဒီလို့လည်း ဆောင်းဦးဆီက ဖုန်းကိုပဲ မျှော်နေကြတာပဲ၊ ဆောင်းဦးခင်၏ အသံက အနီးဝါစကားပြောခွက်ကို လက်ဝါးဖြင့်အုပ်၍ တိုးတိုးနှိမ့်ချ ပြောနေရသော အသံမျိုးဖြစ်သည်။

'မနေ့ကပဲ ကိုဖေသစ်မောင်တို့ဘက်က လူကြီးတွေ လာကြတယ်၊ ဖေဖေတို့က သူ့ဘက်က ကမ်းလှမ်းချက်ကို လက်ခံသဘောတူကြောင်း ပြောလိုက်ကြပြီ'

'အခု··· လူကြီးတွေချင်းက ကြောင်းလမ်းသဘောတူပြီးသွားပြီဆိုပါတော့'

'ဟုတ်တယ်၊ အဲဒီအဆင့်ကတော့ ပြီးသွားပြီ၊ တစ်ပတ်နှစ်ပတ်အတွင်းလောက်ပဲ မင်္ဂလာပွဲကို လုပ်မယ်တဲ့၊ သူတို့ဘက်ကပဲ



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်မေးပြီး နေ့ကောင်းနေ့ရက်ကိုသာ ရွေးပါ့မယ်တဲ့၊ ဘယ်ဟိုတယ်မှာ လုပ်မယ်ဆိုတာလည်း တစ်ခါတည်းမေးမယ်ထင်ပါရဲ့၊ အခုတော့ အကြောင်းမပြန်ရသေးဘူးပေါ့'

ဆောင်းဦး၏ လေသံက အနည်းငယ် စိုးရိမ်စိတ်နှောနေသော အသံမျိုးဖြစ်သည်။ နဒီမေ ပင့်သက်ချလိုက်သည်။

'စိတ်မပူပါနဲ့ ဆောင်းဦး၊ ဣန္ဒြေမပျက်သာ သူတို့အကြိုက် ပုံစံအတိုင်း နေပေးလိုက်ပါ၊ ဒီလိုသိထားရပြီးတဲ့နောက် နဒီတို့ဘက်ကလည်း ဦးနှောက်စားထားကြရမှာပေါ့၊ ကိုစည်သူ့ကို သွားနှိုးပေးမယ်လေ၊ စကားပြောဦးမလား'

'ဟင့်အင်း··· မပြောတော့ဘူး၊ နှိုးမနေပါနဲ့၊ မနက်ကျမှပဲ ပြောလိုက်တော့၊ အခုတော့ ဒီလောက်ပဲ၊ နောက်ရက်တွေကျမှ ထူးရင် ထူးသလို ထပ်ဆက်တော့မယ်၊ ဖုန်းကို နဒီ့အနားမှာ အမြဲထားနော် ဆောင်းဦး ဒီလိုပဲ ညဥ့်နက်မှ ဆက်နိုင်မှာ'

'စိတ်ချ ဆောင်းဦး၊ နဒီ့ခေါင်းအုံးဘေးမှာ ထားအိပ်တာ ခုလို ဆက်သွယ်လို့ရနေသေးသမျှ နဒီတို့မှာ ပြင်ဆင်ချိန်ရနေတာပဲ ဘာမှ စိတ်မပူနဲ့တော့နော် ဆောင်းဦး'

'ကဲ··· ရပြီ၊ နဒီ··· ဒီညတော့ ဒီလောက်ပဲ၊ နဒီ ပြန်အိပ်တော့'

ဆောင်းဦးခင် ဖုန်းချသွားသည်။

နဒီမေသည်း ဖုန်းနှင့်အတူ သက်ပြင်းပါ ရောချရမလို ဖြစ်သွားခဲ့လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

သည်ရက်များအတွင်းမှာ စည်သူ နေမထိထိုင်မသာ ဖြစ်နေသည်။ ခေါင်းဦးခင်တို့အခြေအနေက မင်္ဂလာနေ့ရက်ကို စောင့်နေကြရုံဆိုတော့ အတော်ခရီးပေါက်နေပြီဟု ဆိုနိုင်သည်။

သို့သော် ထိုရက်များအတွင်းမှာပင် စည်သူတို့ဘက်က အားဟက်စရာ စစ်ကူပေးမည့်သူ ပေါ်လာသည်။ အခြားမဟုတ်။ မော်နီ ပြန်ရောက်လာခြင်း ဖြစ်သည်။

မော်နီ ပြန်ရောက်လာသည်နှင့် စကားပြောဆိုရန် လွတ်လပ်လွယ်ကူသော မြဝါးရုံ ကော်ဖီရှော့သို့ပဲ ချိန်းလိုက်ကြသည်။

'အရမ်းကျေးဇူးတင်တယ် သူငယ်ချင်း၊ တို့နှစ်ယောက် အနာဂတ်လမ်းဖြောင့်ဖို့ မင်းတို့မောင်နှမရဲ့ ပံ့ပိုးမှုက အဓိကပဲ'

မော်နီက စည်သူ့လက်ကိုဆွဲကိုင်ထားရင်း လှိုက်လှဲစွာ ပြောၿ၏။ မေထားရော၊ စည်သူပါ ခုမှ သက်ပြင်းချနိုင်ကြသည်။ နှီးမြေကတော့ ပြုံးလို့...။

'အဲဒါကထားလိုက်တော့ ကျေးဇူးရှင်၊ နင့်ပြဿနာပြီးခေါင်းက ငါ ဆက်ရှက်ထားရဦးမှာလား၊ ဘယ်လို ဆက်လုပ်ကြမလဲ'

www.burmeseclassic.com



စည်သူက မောလိုက်တော့ မော်နီက ခွီးခနဲ ရယ်သည်။

'နေစမ်းပါဦးကွာ၊ ရှက်လက်စနဲ့ ဆက်ရှက်ထားလိုက်စမ်းပါဦး၊ လောလောဆယ်မှာ မင်းကိစ္စက ပိုအရေးကြီးနေတာ၊ မင်းကိစ္စကို ငါ တစ်လှည့်ပြန်ကူမယ်၊ မင်း အေးအေးဆေးဆေးသာနေ၊ ဆောင်းဦးကို မင်းလက်ထဲအရောက် ငါ အပ်မယ်'

'အောင်မယ်၊ အပြောကတော့ ရွှေမန်းပဲ၊ ဒီမှာ အခြေအနေက လက်မတင်ကလေးပဲ ကျန်တော့တယ်၊ ဟိုဘက်က မင်္ဂလာရက်တောင် ရွေးနေကြပြီတဲ့ကွ၊ ဒီရက်တွေထဲမှာ အမြန်ဆုံး ဖုန်းဆက်လာမှ ဖြစ်မယ်၊ တောက်··· ဆောင်းဦးကလည်းကွာ၊ အေးတိအေးစက်နဲ့ ခုထိ ဘာမှ မရေရာသေးဘူး'

စည်သူက အားမလိုအားမရနှင့် ညည်းသည်။ သူ စိတ်လောနေသည်က အသိသာကြီး ဖြစ်၏။ နဒီမေက စည်သူတို့အခြေအနေတွေအားလုံးကို ပြောပြထားပြီးဖြစ်၍ မော်နီက အကြောင်းစုံကို သိထားပြီး ဖြစ်သည်။

'ဟေ့ကောင် မော်နီ၊ ငါနဲ့ နဒီမေက ဘာလုပ်ကြရမလဲ၊ ကွာရှင်းကြောင်း လက်မှတ်ထိုးထားကြရင် ကောင်းမလား'

'မလုပ်ကြနဲ့ဦးကွ၊ အဲဒါမှ လူကြီးတွေသိသွားရင် အကုန်ပွထကုန်မယ်၊ ဘာဖြစ်ကြတာတုန်း ဘာညာနဲ့ ဇာတ်လမ်းတွေရှုပ်ကုန်မယ်၊ ဆောင်းဦးပါ ငါတို့နဲ့အတူရှိနေပြီဆိုတဲ့အချိန်ကျမှ အဲဒီကိစ္စတွေလုပ်ရမှာ၊ မပူနဲ့ကွာ၊ ဆောင်းဦးခင်ကို ငါက တစ်လှည့်ပြန်ခိုးပေးမယ်၊ ငါခိုးပေးပြီးတဲ့အချိန်အထိ မင်းနဲ့ နဒီက ဣန္ဒြေမပျက်သာနေလိုက်ကြ၊ အဖြစ်က ခပ်ရှုပ်ရှုပ်ပဲ၊ မင်းနဲ့နဒီ ကွာရှင်းပြီးတာနဲ့ ငါနဲ့နဒီက လက်ထပ်စာချုပ်သစ်တစ်ခုမှာ လက်မှတ်ထိုးရမယ်၊ မင်းနဲ့ဆောင်းဦးလည်း လက်ထပ်စာချုပ်တစ်ခု ထပ်လုပ်ကြရမှာပဲ၊ အဲဒါတွေက တစ်ချိန်တည်းလုပ်ကြရမှာ၊ ဟေး··· ဟေး··· ဘဝမှာ အမှတ်တရပေါ့ကွာ၊ ငါတို့နှစ်စုံတွဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တည်း တစ်ရက်တည်း တစ်ရုံးတည်းမှာ လက်ထပ်ခဲ့ကြတယ် ဆိုတာ အမှတ်တရ ဖြစ်သွားပြီပေါ့'

'အေး… ကောင်းကြရောကွာ၊ မင်းနဲ့ငါ အဖြစ်မျိုးကတော့ ကမ္ဘာရှားပဲ၊ ကိုယ့်မိန်းမ သူခိုးပေး၊ သူ့မိန်းမ ကိုယ်ခိုးပေးနဲ့ လူကြီးတွေ မျက်စိနောက်၊ ကြားရသူအပေါင်း မအူမလည်ဖြစ်နဲ့ ပြောစမှတ်ကြီး တွင်ကျန်ရစ်တော့မှာ သေချာတယ်'

'ဩော်… မင်းကလည်း၊ ဂုဏ်ယူစမ်းပါ သူငယ်ချင်းရာ'

'ခွီးတဲ့မှ… လူကြီးတွေက ကောင်းကောင်းလိုမ့်ဆဲမှာကိုတော့ ထည့်မတွက်ဘဲကိုး'

'ဆဲချင် ဆဲကြပါစေကွာ၊ နောက်ပိုင်း မြေးတွေရလာတော့ လည်း အဲဒီ 'ဆဲ'တဲ့လူကြီးတွေကပဲ 'ကဲ'ကြဦးမှာပါ၊ ကဲ… နဒီရေ… နဒီက ဆောင်းဦးဆီက ဆက်သွယ်လာမယ့်ဖုန်းကိုပဲ စောင့်တော့၊ အဲဒီဖုန်းဝင်လာတာနဲ့ မော်နီဆိုတဲ့ ကယ်တင်ရှင်သိကြားမင်းကြီး ပြန် ရောက်လာပြီး သိကြားမင်းရှင်းမှလင်းမယ့်ကိစ္စဆိုတော့ ကိုယ်ပဲ ဝင်ရ တော့မှာပဲ'

နဒီက ပြုံး၍ခေါင်းညိတ်၏။ ယခုထိ ငိုင်တွေတွေဖြစ်နေသေး သော စည်သူကိုကြည့်ကာ မော်နီက အားပေးလိုက်လေသည်။

'ဟေ့ကောင်… ပြုံးပြုံးရွှင်ရွှင် နေစမ်းပါကွ၊ စိတ်ပူမနေစမ်း ပါနဲ့၊ ဒီတစ်ခါ ငါ့အလှည့်၊ ငါဖြစ်အောင် ဆောင်းဦးခင်ကို ဆောင် ကျဉ်းခဲ့မယ်၊ တစ်စုံတစ်ခုထူးလာပြီဆိုတာနဲ့ ဆောင်းဦးခင်ဟာ သူ့ချစ် စိတ်ချရသော အရပ်မှာ ရောက်နေပြီလို့ သိလိုက်ပေတော့၊ ခေါ်သွား ယူဖို့ချောင်းနေတဲ့ ဖေသစ်မောင်ဆိုတဲ့လူအတွက်တော့ စိတ်မကောင်း ဘူးပေါ့ကွာ'

မော်နီ့စကားကြောင့် အားလုံး ရယ်လိုက်ကြလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

'ဟဲလို'

'ဆောင်းဦးလား၊ ပြော၊ နဒီတို့လည်း ဆောင်းဦးဆီက ဖုန်းပဲ ညတိုင်းမျှော်နေတာ'

'အင်း… နဒီတို့လည်း အိပ်ရေးတွေ ပျက်ကြလှရော ပေါ့'

'အဲဒါ ထားလိုက်စမ်းပါ၊ အခု အခြေအနေက'

'ဒီလကုန်ထဲကို သူတို့ ရက်သတ်မှတ်တယ်'

'ဟင်… လကုန်ဖို့က တစ်ပတ်လောက်ပဲ လိုတော့တာလေ'

'ဟုတ်တယ်၊ ဒါပေမဲ့ သူတို့က ဆောင်းဦးကို ဘယ်မှပေး မထွက်ဘူး၊ ဒါနဲ့ ဆောင်းဦးလည်း ဟန်မပျက်ဘဲ နေလိုက်တယ်'

'ကောင်းတယ် ဆောင်းဦး၊ ဒီဘက်မှာ ကိုမော်နီလည်း ပြန် ရောက်နေပြီ'

'ဟုတ်လား၊ ဝမ်းသာတယ် နဒီ၊ ဒါဆို နဒီတို့က ရှေ့ရေး အိုကေသွားပြီပဲ၊ ကိုနဲ့ နဒီရော ကွာရှင်းလက်မှတ်တွေ ပြန်ထိုးပေး လိုက်ကြပြီးပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… မထိုးရသေးဘူး၊ တမင်တကာပဲ ပိုနေမြဲကျား နေမြဲ ဆက်နေကြဦး၊ ဆောင်းဦးပါရောက်လာမှ ကွာရှင်းတာရော၊ လက်ထပ်တာရော တစ်ပြိုင်နက်တည်း လုပ်ကြရအောင်လို့ ကိုမော်နီ က ပြောတယ်၊ သူလည်း ဆောင်းဦးဆီက ဆက်သွယ်သာချိန်ကို စောင့်နေတာ၊ ဆောင်းဦးကို သူ တစ်လှည့် ပြန်ခိုးပေမယ်တဲ့'

ဆောင်းဦးခင်၏ရယ်သံ ထွက်လာသည်။

'အင်း… ခုမှ အရပ်ကူပါ လူဝိုင်းပါ ဖြစ်နေပြီ'

'အိုး… နဒီတို့တုန်းကလည်း ဆောင်းဦးတို့ ဝိုင်းခဲ့ကြတာပဲ၊ ကဲ… ပြောပါဦး၊ တခြား ဘာအခွင့်အရေးများ ရသေးလဲ'

'အဲဒါပြောမလို့ ဆက်တာပဲ၊ ကိုမော်နီရောက်လာပြီဆိုတော့ ကွက်တိပေါ့'

'ဘယ်လို ကွက်တိတာလဲ'

'အိမ်မှာ ရေပိုက်တွေပျက်နေတယ်၊ အဲဒါတွေပြင်ဖို့ ရေပိုက် ဆက်သမားတွေကို မနက်ဖြန် မနက် ၁၀ နာရီလောက် လာပြင်ပေးဖို့ ဖေဖေ ဖုန်းဆက်ခေါ်ထားတယ်၊ အဲဒါ အခွင့်အရေးပဲ'

'ဟင်… ဘယ်လိုအခွင့်အရေးလဲ'

'ဟာ… နဒီကလည်း… ကိုမော်နီ့ကို ရှောင်တခင် ဘဝ ပြောင်းပေးလိုက်ပေါ့၊ ရေပိုက်ပြင်သမားအဖြစ်လေ၊ ဆောင်းဦး ရယ်ဒီ လုပ်ထားမယ်၊ ကားပါ အဆင်သင့် ပါလာပစေ'

နဒီ့ခေါင်းထဲ လက်ခနဲ ဖြစ်သွားသည်။ ဒါကြောင့် မပြောလား အရေးအကြောင်းထဲဆို မိန်းကလေးတွေက ပိုဉာဏ်သွားပါတယ်လို့

'အိုကေ… ဆောင်းဦး၊ အထဲကလူက အပြင်ထွက်ရေး အပြင်ကလူက အထဲကိုဝင်ရုံပေါ့'

'အဲဒါပဲ၊ ကိုမော်နီ့ကို ဖေဖေတို့ မြင်ဖူးသိဖူးတာမှ မဟုတ် ဘဲ၊ တကယ့်ရေပိုက်ပြင်သမားတွေမလာခင် ကိုးနာရီလောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



က အရောက်လာခဲ့လိုက်ပစေ၊ ကျုန်တာ ဆောင်းဦးတို့ ကြည့်လုပ်သွားမယ်၊ အရေးကြီးတာက မနက်ဖြန်တစ်နေ့လုံး 'ကို' အိမ်မှာပဲ မြဲနေပစေ၊ ဘယ်ကိုမှမထွက်စေနဲ့'

'ဟင်… ဘာဖြစ်လို့လဲ၊ ကိုစည်သူ့ကို အကြိုမလွှတ်ရဘူးလား'

'အကြိုလွှတ်ရင် ပိုရှုပ်ကုန်လိမ့်မယ်၊ ဆောင်းဦးအိမ်က ပျောက်သွားပြီဆိုရင် ဖေဖေကတို့ အိမ်အထိ ဒေါပွပြီး လိုက်ရှာချင် ရှာမှာ၊ အဲဒီတော့ 'ကို' တစ်နေကုန် အိမ်မြဲနေတာ အကောင်းဆုံး၊ မိုးလင်းက မိုးချုပ် ဘယ်မှ မထွက်ခဲ့ဘူးဆိုရင် ပြီးပြီ၊ ဒီကိစ္စကို မော်နီကို ဆက်ဆက်ပြောလိုက်နော် နဒီ၊ ဒါဟာ နောက်ဆုံးအခွင့်အရေးပဲ'

'စိတ်ချစမ်းပါ…၊ အခု ညတွင်းချင်းပဲ ကိုမော်နီကို လှမ်းဆက်လိုက်မယ်၊ သူ့ကိုလည်း မှာထားပြီးသား၊ ညညကျ ကုလားသေကုလားမော စိတ်လွှတ်လက်လွှတ် အိမ်မနေနဲ့၊ ဟမ်းဖုန်းကို ခေါင်းအုံးဘေးမှာထားပြီး စက်ဖွင့်ထား၊ အားပြည့်ပြည့်ထည့်ထား၊ သတိကလေးနဲ့ အိပ်လို့'

ဆောင်းဦးခင် ရယ်ပြန်သည်။

'မနက်ကျရင် 'ကို့'ကို ပြောလိုက်ဦးနော်… နဒီ'

'အင်းပါ… စိတ်ချ၊ ဒါပဲနော် ဆောင်းဦး'

'အိုကေ… ဂွတ်နိုက် နဒီ'

'ဂွတ်နိုက်… ဆောင်းဦး၊ အိပ်မက်ကောင်းလေးတွေ ကြိုမက်ပေတော့'

ဆောင်းဦးခင် ဖုန်းချသွားသည်နှင့် နဒီက ဖုန်းနံပါတ်အချို့ကို ထပ်နှိပ်ဘသည်။ မော်နီ၏ ဟမ်းဖုန်းနံပါတ်များပင် ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

မနက် ကိုးနာရီပဲ ရှိသေးသည်။

ခြံဝတံခါးဆီမှ နှိပ်လိုက်သော လူခေါ်ဘဲလ်သံက တိုက်အထဲမှ ဆူညံသွားသည်။

ဦးဘဦး တိုက်ထဲသို့ လှမ်းကြည့်လိုက်သည်။

တိုက်ရှေ့ပန်းခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေခဲ့သော ဆောင်းဦးခင်က ခြံတံခါးကို သွားဖွင့်ပေးနေတာ မြင်ရ၏။

လျှာထိုး ကက်ဦးထုပ်ဆောင်းထားသော လူငယ်တစ်ယောက်နှင့် ခြံဝမှာ စကားပြောနေကြသေး၏။

ခဏကြာမှ ဆောင်းဦးခင်က ရှေ့က ထိုလူငယ်က နောက်က တိုက်ဆီသို့ လျှောက်လာကြသည်။ လူငယ်က လက်ဆွဲပီနံအိတ်တစ်လုံးကို ဆွဲလာသည်။ အိတ်ထဲမှ ထိုးထိုးထောင်ထောင် ထွက်လာသော ရေပိုက်ပြင်ကိရိယာတွေကို မြင်ရ၏။

'ဟော့… မင်းတို့ နှစ်ယောက် လာမယ်ဆို'

'ဟုတ်ကဲ့… ခင်ဗျာ၊ ဆရာက နောက်က လိုက်လာပါလိမ့်မယ်၊ ၁၀ နာရီထက် နောက်မကျစေရပါဘူးတဲ့၊ အခု [illegible]ကို ကြိုတင်လွှတ်လိုက်တာ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဦး နာရီကို ငုံ့ကြည့်သည်။ ကိုးနာရီပဲ ရှိသေးသည်။ ဒီကောင်တွေ ဝီရိယကောင်းသားပဲဟု ကျေနပ်သွားသည်။

'ဦး ကျွန်တော့်ကို ပျက်နေတဲ့ပိုက်တွေ ပြပေတော့၊ ဆရာမလာခင်ကတည်းက ကျွန်တော် ပြင်သင့် တာပြင်၊ ဖြုတ်သင့်တာဖြုတ် လုပ်ထားရမယ်'

'ပိုက်တွေကတော့ ရေချိုးခန်းပိုက်တွေရော၊ မိလ္လာပိုက်တွေပါ ပြင်ရမယ် ထင်တာပဲ'

သူတို့ စကားပြောနေစဉ်မှာပင် ဆောင်းဦးခင်က ဘုရားပန်းလဲ၊ သောက်တော်ရေနှင့် ဆွမ်းတော်ကပ်ဖို့ အလုပ်များနေသည့်ပုံ။

'ဒါဆို ကျွန်တော့်ကို ပျက်နေတဲ့ နေရာတွေ တစ်ချက်လိုက်ပြပါဦးလေ'

'အေးကွာ… လာ ရေချိုးခန်းကို အရင်သွားမယ်'

ဦးဘဦးက ပိုက်ပြင်သမားကို ရေချိုးခန်းသို့ဦးဆောင်၍ ခေါ်သွားသည်။ မကောင်းသည့်နေရာတွေကို တစ်ခုချင်းထောက်ပြကာ ရှင်းပြ၏။ ပိုက်သမားများက စေ့စေ့စပ်စပ် တစ်ခုချင်း ပြန်ပြန်မေး၏။

'လွှာရှည်တယ် မထင်နဲ့နော် ဦးလေး၊ ပျက်တဲ့နေရာတွေကို သေသေချာချာသိမှ တစ်ခါတည်း ကောင်းကောင်း ပြင်ပေးနိုင်ခဲ့မှာ'

'အေးပါကွာ… ဒါမှလည်း သေချာမှာပေါ့'

'စိတ်ချ ဦးလေး… ဒီတစ်ခါ ပြင်ပေးပြီးရင် နောက် ၄-၅ နှစ် ကြည့်စရာမလိုအောင် ကျကျနနလုပ်ပေးခဲ့မယ်၊ ကဲ… မိလ္လာပိုက်တွေ ခဏပြပါဦး၊ မိလ္လာကန်က ပိုက်ဆက်တွေက အရေးကြီးတယ်၊ အနံ့အသက်လုံအောင် သေသေချာချာ လုပ်မှရမယ်၊ အဲဒါလေးတစ်ချက် လိုက်ပြပေးပြီးရင် ပြီးပါပြီ'

'မဆိုးဘူး ဒီသူငယ်၊ သူ့အလုပ်ကို သူ တော်တော် တိတိကျကျ ရှိမယ့်ပုံပဲ'ဟု ဦးဘဦး သဘောကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မိလ္လာကန်က တိုက်နောက်ဖေးဘက်မှာ ထုတ်ထားတာကွ၊ အဲဒီကိုပဲ သွားကြည့်ရမယ်၊ တိုက်နောက်ဖေးဘက် သွားကြစို့'

'ဦးဘဦးက ရှေ့က ဦးဆောင်ကာ တိုက်နောက်ဖေးဘက်သို့ ထွက်ခဲ့ကြချိန်တွင် ဆောင်းဦးခင်က တိုက်ရှေ့ဘက်သို့ ထွက်လာ၏။ ခြံတံခါးဆီသို့ ခပ်သုတ်သုတ်လျှောက်ကာ အမြန်ဖွင့်၍ ထွက်လိုက်သည်။ သူမတွင် မည်သည့်ကြီးကြီးမားမား အထုပ်အပိုးမျှမပါ။ ကျော ပိုးအိတ် ပြားပြားကလေးထဲမှာ အဝတ်အပိုနှစ်စုံ၊ မှတ်ပုံတင်၊ ပိုက်ဆံ အိတ်၊ ဒီမျှသာ ပါသည်။

ခြံတံခါးမှထွက်၍ လမ်းအတိုင်း ညာဘက်သို့ ဆက်လျှောက် သည်။ ကိုမော်နီ ပြောပြထားသော ကားနံပါတ်နှင့် ကားကလေးက ဆောင်းဦးခင် ကားအနီးသို့ ရောက်သည်နှင့် နောက်ဘက်တံခါးက ဖျတ်ခနဲ ပွင့်လာသည်။ ဧွေ့ခနဲဝင်ထိုင်လိုက်သည်နှင့် ဝူးခနဲ မောင်း ထွက်သည်။ ကားမောင်းသည့်လူငယ်က ဆောင်းဦးခင်အားပြောသည်။

'ကျွန်တော်တို့ ရှေ့လမ်းချိုးက စောင့်ရုံပဲ အစ်မ၊ ကိုမော်နီ အခြေအနေကြည့်ပြီး အမြန်လိုက်လာလိမ့်မယ်'

'လိုက်လာရမယ့် နေရာကို ချိန်းပြီးသား မဟုတ်လား'

'ဒါပေါ့… ချိန်းထားတဲ့နေရာမှာ လက်ဖက်ရည်မှာသောက်ကြ ရင်း စောင့်ကြရုံပဲ'

'ဒါနဲ့ ရှင်က ဘယ်သူလဲ'

ထိုအခါ လူငယ်၏အဖြေစကားကြောင့် ဆောင်းဦးခင် ပြုံးစေ့ စေ့ ဖြစ်သွားရလေသည်။

'ကိုမော်နီ့သူငယ်ချင်းပါ၊ သူလာပြောပြီး ချောခွဲတာနဲ့ ကား လိုက်မောင်းပေးတာလေ၊ ဒါမျိုးဆို ကူညီဖို့ သိပ်ဝါသနာပါတာဗျ ဟီး… ဟီး…'

*

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၄)

နေ့ခင်း ၁၂ နာရီ။

အိမ်ရှေ့သို့ ကားတစ်စီးထိုးဆိုက်လာသံကြောင့် 'ဘယ်သူများ ပါလိမ့်'ဟု တွေးနေဆဲမှာပင် အိမ်ရှေ့မှ အော်ခေါ်သံထွက်လာသည်။

'ဗျို့... ကိုဝဏ္ဏ... ကိုဝဏ္ဏ'

ဦးဝဏ္ဏခေါင်းထောင်သွားသည်။ ဒီအရပ်ထဲမှာတော့ သူ့ကို အများက ဦးဝဏ္ဏဟု 'ဦး'တပ်၍သာ တလေးတစား ခေါ်ကြသူတွေ ချည်း ရှိသည်။ ရွယ်တူတန်းတူလို ကိုဝဏ္ဏဟု 'ကို'တပ်ခေါ်မည့်သူ မရှိ၊ ခုတော့ ကိုဝဏ္ဏတဲ့၊ လေသံက ခပ်မာမာပင် ဖြစ်သည်။

ထို့ကြောင့် စိတ်ထဲမှာ အံ့အားတသင့်ဖြင့် လှမ်းထွက်ခဲ့ရာ အိမ်ရှေ့ကကားအနီးမှာရပ်နေသူကို တွေ့လိုက်ရတော့ ပါးစပ်အဟောင်း သား ဖြစ်သွားသည်။ ဦးဘဦး ဖြစ်နေ၏။ ဦးဘဦး၏နောက်တွင် အခြား လူကြီးနှစ်ယောက် သုံးယောက်လည်း ပါသေးသည်။ ထိုနှစ် ယောက် သုံးယောက်ကတော့ သူတို့ရပ်ကွက်မှ ရပ်ကွက်လူကြီးများ ဖြစ်ကြသည်။ ဦးဝဏ္ဏနှင့် သိကျွမ်းကြသူများလည်း ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဘယ်သူများလဲလို့၊ ကိုဘဦးကို၊ ရပ်ကွက်လူကြီး တွေလဲ ပါရဲ့၊ လာကြပါ၊ အထဲကို ကြွကြပါ၊ ရပ်ကွက်လူကြီးတွေ ဘည်း ပါတယ်ဆိုတော့ ကေ့ွ အလှူလာခံကြတာနဲ့ တူတယ်'

'ဦးဝဏ္ဏကလည်းဗျာ၊ ကျုပ်တို့ကို မြင်တာနဲ့၊ အလှူလာခံ ဘယ်ချည်း ထင်နေတော့တာပဲ'

ရပ်ကွက်လူကြီးတစ်ယောက်က ရှုံ့မဲ့စွာသော မျက်နှာထား ဖြင့် မအီမလည်ကြီး ပြော၏။

'ခင်ဗျားကလည်းဗျာ၊ မိန်းမတိုင်းသာ ကလေးအမေ မဟုတ် သော်လည်း ကလေးအမေ မှတ်သမျှတော့ မိန်းမများဖြစ်သည်ဆိုသလို ပေါ့၊ အလှူခံတိုင်းသည် ရပ်ကွက်လူကြီးမဟုတ်သော်လည်း၊ ရပ်ကွက် လူကြီး မှန်သမျှကတော့ အလှူခံကြသည်ပဲ မဟုတ်လားဗျာ၊ ရပ်ရေး ရွာရေး၊ သာရေး၊ နာရေးအတွက် မရိုးရအောင် ကောက်ခံနေကြရတာ မဟုတ်လား၊ မိန်းမရေ… အခန်းထဲက ငါ့ပိုက်ဆံအိတ်လေး ယူခဲ့ဟေ့'

ဦးဝဏ္ဏက သူ့စိတ်ထဲရှိ ရမ်းတုတ်သည်။ ရပ်ကွက်လူကြီးတွေ မျက်နှာကြီးတွေ ရှုံ့မဲ့သွားကြ၏။ ဧည့်ခန်းထဲရောက်၍ ထိုင်မိကြတော့မှ လူကြီးတစ်ယောက်က ပြောသည်။

'ဒီတစ်ခါကတော့ အလှူခံလာတာ မဟုတ်ရပါဘူးဗျာ၊ ဟော ဒီက ဦးဘဦးက ခေါ်လို့ လိုက်လာကြရတာပါ၊ ဦးဘဦးက ဦးဝဏ္ဏနဲ့ စကားပြောစရာရှိလို့တဲ့'

ဦးဝဏ္ဏနှင့် ဦးဘဦးတို့ မျက်လုံးချင်း အကြည့်ချင်း ဆုံသွား ကြသည်။

'ပြောပါဗျာ… ပြောပါ၊ ဘာကိစ္စရှိလို့ပါလိမ့်'

'ဒီနေ့မနက် ကိုးနာရီသာသာလောက်မှာ ကျုပ်သမီး ဆောင်း ဦးခင် ကျုပ်နေအိမ်က ပျောက်သွားတယ်၊ သူ့အခန်းထဲကို ဝင်လိုက် တော့ သူ့ချစ်သူနောက် လိုက်သွားပြီလို့ စာရေးထားခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကောင်းတာပေါ့'

'ဘာပြောတယ်ဗျ'

'စာရေးထားခဲ့တော့ မိဘတွေသိရတာပေါ့ဗျ၊ အခြောက်တိုက်ကြီး ပျောက်သွားတာနဲ့ စာရင် သူ့ချစ်သူနောက် လိုက်သွားတာပဲလို့ သိရတဲ့အတွက် မိဘတွေပျာယာမခတ်တော့ဘူးပေါ့၊ ကဲ... ထားပါတော့၊ အဲဒီကိစ္စအတွက် ကျုပ်က ဘာလုပ်ပေးရမှာတုံး'

'ကျုပ်သမီးက ခင်ဗျားသားနဲ့ အဆက်အသွယ်ရှိတယ်ဗျ၊ ဒါကြောင့် ဒီကိစ္စမှာ ခင်ဗျားသားကို မသင်္ကာဘူး၊ ခင်ဗျားသားကိုခေါ်ပေးပါ၊ ကျုပ် ဒီလူကြီးတွေရှေ့မှာပဲ မေးစရာရှိတာ မေးမယ်'

ဦးဘဦးက ခပ်ပြတ်ပြတ်ပြော၏။

'ရော်... ဘုန်းကြီးအမှု ရွာလာပတ်နေပါရောလား၊ ဟော့... မသဲညွှာ၊ မင်းရော... မင်းသားသမီးတွေရော၊ အကုန်လုံးထွက်ခဲ့ကြဦးဟေ့၊ အိမ်ရှိလူကုန် လူကုန်ခေါ်လာခဲ့'

ဦးဝဏ္ဏ နောက်ဖေးခန်းဘက်သို့ လှမ်းအော်သည်။

ဒေါ်သဲညွှာနှင့်အတူ သမီးဖြစ်သူ မေထားပါ လိုက်ထွက်လာသည်။

'ကိုကြီးတို့ကို သွားခေါ်လိုက်ဦးမယ်နော်'

မေထားက ညှိခန်းထဲမှ အပေါ်ထပ်သို့ တက်သွား၏။

'ကျုပ်သားကို မသင်္ကာဘူးဆိုရအောင် ကျုပ်သားကဖြင့် ဒီနေ့တစ်နေ့လုံး အိမ်မှာ ရှိနေတာပါဗျာ၊ ဘယ်မှတောင် မထွက်ဘူး'

'ဒါပေမဲ့.. သူတို့ချင်း အဆက်အသွယ်ရှိတာကို ကျုပ် သိတယ်ဗျ၊ တခြားသူ ပြောစကားမဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်တာ'

ဦးဘဦးက အပိုင်ပြောသည်။

'ဟုတ်ပြီလေ၊ မမြင်ဖူးရဘူး မပြောပါဘူး၊ သူ့ကိုချင်းက

www.burmeseclassic.com



ဟိုတုန်းကလည်း သူငယ်ချင်းတွေပဲဗျာ၊ သွားရင်းလာရင်း တွေ့မိကြလို့ စကားပြောကြတာ၊ နှုတ်ဆက်ကြတာမျိုးလည်း ရှိကောင်းရှိမပေါ့၊ ဒါပေမဲ့၊ ဒီကနေ့ ခင်ဗျားသမီးပျောက်သွားတာနဲ့ ကျုပ်သားနဲ့ကတော့ ဘယ်လိုမှ မပတ်သက်နိုင်ဘူးဗျ၊ ရှိတယ်… ဒီကောင် တစ်နေ့လုံး တစ်မနက်လုံး အိမ်မှာရှိနေတယ်၊ လာပါလိမ့်မဗျာ၊ ကြိုက်ရာသာမေး'

ထိုစဉ်မှာပင် အပေါ်ထပ်မှ စည်သူနှင့် နဒီမေတို့ အတူတွဲ၍ ဆင်းလာကြသည်။ စုံတွဲလိုက်ဆင်းလာသည်ကို မြင်းရသည့်နှင့်ပင် ဦးဘဦး အတော်အားလျော့သွားသည်။ ဦးဝဏ္ဏက ပြောသည်။

'ဟော… လာပါပြီဗျာ၊ ဒီမှာ ကျုပ်သား၊ ဒါက ကျုပ်ချွေးမ၊ လင်းမယားနှစ်ယောက်လုံး စုံစုံညီညီရှိပါ့… မေးဗျာ၊ နှစ်ယောက် စလုံးကို မေးစမ်း၊ ကျုပ်ချွေးမကို မေးချင်မေးလိုက်ဦး'

ဦးဝဏ္ဏက ဖွင့်ပေးလိုက်တော့ ဦးဘဦး အိုးတိုးအမ်းတမ်းကြီး ဖြစ်သွားသည်။ ရပ်ကွက်လူကြီးတွေလည်း ထိုင်စောင့်ကြည့်နေကြ သည်ဆိုတော့ မမေး၍မဖြစ်။

'ဒီမှာ မောင်စည်သူ… မင်းနဲ့ ဆောင်းဦးနဲ့ အဆက်အသွယ် ရှိနေတာကို ငါ သိတယ်၊ အခု ငါ့သမီး အိမ်ကပျောက်သွားတယ်၊ သူ့ချစ်သူနောက် လိုက်သွားတယ်လို့ စာရေးထားခဲ့တယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့ မင်းကို မသင်္ကာလို့ မင်းအိမ်အထိ လိုက်လာတာပဲ'

'ဟာ… ကျွန်တော်ဘာမှမသိဘူး ဦးလေး၊ ခက်တာပဲ၊ ဟို တစ်လောက လမ်းမှာ တွေ့မိကြတုန်းကမှ တစ်ခါလား နှုတ်ဆက်ဖူးပါ တယ်ဗျာ၊ ဒီမှာ ဦးမြင်တဲ့အတိုင်း ကျွန်တော်က ကျွန်တော့်အိမ်နဲ့ ကျွန်တော် အတူရှိနေတာပါ၊ ဒီနေ့ဆို ဘယ်မှတောင် ထွက်ဖြစ်ပါဘူး'

'ဒါ… ဒါဆိုရင်… မင်း တကယ် မသိဘူးပေါ့'

'အခု… ဦးလေး လာပြောမှ သိရတာပဲ'

ဦးဘဦး ဇဝေဇဝါဖြင့် ပါးစပ်ပိတ်သွားသည်။ ဦးဝဏ္ဏက ထပ်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား.မသက်ာသေးဘူးဆိုရင် ရပ်ကွက်လူကြီးတွေပါတာ ပဲဗျာ ကျုပ်အိမ်တစ်အိမ်လုံး မြေလှန်ရှာသွား၊ ကျုပ်လည်း ဂုဏ်သိက္ခာနဲ့ လူကြီးတစ်ယောက်ပဲ၊ ဒီလူငယ်တွေရဲ့ကိစ္စမှာ သူတို့နဲ့အတူရှာပြီး ခင်ဗျားတို့ကို လိမ်နေဖို့ မလိုဘူး၊ ခင်ဗျားသဘောရှိ ရှာပြီးမှပြန်'

ဦးဝဏ္ဏ၏ မျက်နှာထားနှင့်စကားတို့ကပင် ထိုကိစ္စမှာ ဦးဝဏ္ဏ မည်သို့မျှ မပါဝင် မသက်ဆိုင်သည့်အပြင် လုံးဝမသိကြောင်း ထင်ရှား နေသည်ကို ဦးဘဦး အကဲခတ်မိလိုက်သည်။

'ကဲဗျာ… အဲလိုဆိုလည်း ပြီးရော၊ ကျုပ်တို့ပြန်မယ်'

ဦးဘဦးနှင့် ရပ်ကွက်လူကြီးတွေ သူတို့ကားနှင့်သူတို့ ပြန်သွား ကြ၏။ ဦးဝဏ္ဏက စည်သူ့ကို လှမ်းမေး၏။

'ဟေ့ကောင်… မင်းကောင်မလေး၊ အဲ… အဲ… ဟို… ကောင်မလေးက ဘယ်လိုဖြစ်ရတာလဲကွ'

နဒီမရှိနေသဖြင့် ပြန်သတိရသွားပြီး စကားကို အမြန်ပြင်၍ မေးသည်။

'ကျွန်တော်လည်း ဘယ်သိမလဲ ဖေကြီးရ၊ ဒုက္ခပါပဲ… ဖေကြီးကပါ မယုံသက်ာ ဖြစ်နေပြန်ပါပြီ'

'မဆိုင်ပါဘူးကွာ၊ မင်းများ ရိပ်ဖမ်းသံဖမ်းနဲ့ ကောင်မလေး ရှိလောက်တဲ့နေရာ မှန်းဆနိုင်လောက်မလားလို့ မေးကြည့်မိတာပါ'

'မသိပါဘူး… ဖေကြီးရာ'

စကားကို ဖြတ်ပစ်ခဲ့ပြီး အိမ်အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

အပေါ်ထပ်ရောက်တော့မှ စည်သူနှင့် နဒီမေတို့ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။ ဆောင်းဦး သည် မော်နီ၏အစီအစဉ်ဖြင့် အေးချမ်းလုံခြုံသောတစ်နေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သူတို့ သိလိုက်ကြလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

'ဟော့ကောင်… မင်း… မင်း…'

မြို့နယ် တရားသူကြီးဦးခင်မောင်သည် စည်သူ၏ တောင်းဆိုစကားအဆုံး၌ မျက်လုံးပြူးသွားကာ အလန့်တကြား ထအော်လိုက်သည်။ သို့သော် မည်သည့် စကားသံမျှ ဆက်ထွက်မလာနိုင်ဘဲ 'ဟော့ကောင်… မင်း… မင်း…'ဆိုတာနှင့်ပဲ ရပ်သွား၏။

ပြီးနောက် သူ့စားပွဲရှေ့က ထိုင်ခုံတွေမှာ ထိုင်နေကြသော စည်သူတို့ စုံတွဲကို အံ့ဩကုန်နိုင်ဖွယ် အကြည့်မျိုးဖြင့် စူးစမ်း၍ကြည့်နေလေသည်။ သူတို့ ပြောလာသောစကားနှင့် သူတို့ မျက်နှာထားတွေနှင့်ကတော့ လုံးဝဆန့်ကျင်ဘက်ပင်။ လင်မယားကွာရှင်းပြတ်စဲကြမည့်သူ ကာယကံ လင်ရော၊ မယားရော မျက်နှာတွေက ချွေးတာထ်ယှက်တောက် ချိုပြုံးကြည်ရွှင်နေကြလေကုန်၏။ ဒါမျိုးတစ်ခါမှ ဦးခင်မောင် မကြုံဖူးခဲ့။

'တကယ်ပြောနေတာ အန်ကယ်ရ၊ ကျွန်တော်တို့ မယားကွာရှင်းဖို့ လာခဲ့တာပါ'

www.burmeseclassic.com



စည်သူက ထပ်ပြောသည်။

'မဟုတ်တာကွာ...'

'စိတ်သဘောထားချင်း မတိုက်ဆိုင်ကြလို့လား'

'တိုက်ဆိုင်လွန်းလို့ ကွာရှင်းကြမှာ'

'ဟော...'

'သူလည်း ကွာချင်တယ်၊ ကျွန်တော်လည်း ကွာချင်တယ်၊ အဲသလို တိုက်ဆိုင်နေတာ'

'တာ... ငါ လုပ်မပေးရဲပါဘူး၊ ဆရာကြီးသိသွားရင် ငါ့ကို ထောင်းလိမ့်မယ်'

'မထောင်းစေရပါဘူး အန်ကယ်ရဲ့၊ သမီးတို့ဆန္ဒအရ ကွာတာပဲဟာ၊ ကွာပေးပါနော်'

'အံမယ်... ညည်းက...'

'ဟုတ်ကဲ့...'

'နေပါဦး... မင်းတို့က လက်ထပ်မယ် ဆိုတုန်းကလည်း ခွတ်ပဲ၊ အခုယူပြီး ဘာမှမကြာသေးဘူး၊ ကွဲမယ် ကွာမယ်ဖြစ်ပြန်ပြီ ကဲ... အခု မင်းတို့ ကွာရှင်းပြီးရင် ဘာဆက်လုပ်ကြမှာလဲ'

ဦးခင်မောင်က မေးလိုက်သည်။ တော်တော် ဦးနှောက်ခြောက်ဖို့ ကောင်းသည့် ကိစ္စပဲဟု စိတ်ထဲက မှတ်ချက်ချမိ၏။

'အခု ကျွန်တော်တို့ချင်း ကွာရှင်းပြီးရင် နောက်တစ်ယောက်စီနဲ့ ပြန်လက်ထပ်ကြမယ်၊ တခြားမှာ မဟုတ်ဘူး၊ ဒီရုံးမှာပဲ၊ အန်ကယ်ဆီမှာပဲ လက်ထပ်ကြမှာ'

စည်သူက ရှင်းပြ၏။ ရှင်းလေ ရှုပ်လေပင်။

'ဟော့... ဒီမှာ၊ မင်းတို့ပဲ ရှုးနေသလား၊ ငါပဲ ရှုးနေသလား တစ်ခုခုတော့ တစ်ခုခုပဲ၊ ငါနားလည်အောင် ရှင်းရှင်းကလေး ပြောကြစမ်းကွာ'



www.burmeseclassic.com

www.burmeseclassic.com



စည်သူက သူတို့ခင်းထားခဲ့သည့် ဇာတ်ထုပ်ကို အစမှ အဆုံးတိုင် လိပ်ပတ်လည်အောင် ရှင်းပြလိုက်ရ၏။ ဦးခင်မောင် ခေါင်းတကုတ်ကုတ် ဖင်တကုတ်ကုတ်ဖြင့် နားထောင်၏။

'ဟာ… မင်းတို့ အတော်ရှုပ်တဲ့ ကလေးတွေပဲ'

'ဟာ… အန်ကယ်ကလည်း၊ ကျွန်တော်တို့ ဒီလိုမှ မလုပ်ရင် အကုန်လုံး ကိုယ့်ရည်းစားတွေနဲ့ ကိုယ် ကွဲကုန်ကြမှာပေါ့ဗျ။ ဒါကြောင့် လုပ်ချလိုက်ကြရတာ၊ ခုထိ သူရော၊ ကျွန်တော်ရော ရေမရောတဲ့ လူပျို၊ အပျိုစစ်စစ်တွေ ခင်ဗျ'

'ကောင်းကွာ… ဒါဖြင့် မင်းတို့လူငယ်တွေက တို့လူကြီးတွေကို ညီညီကလေးနဲ့ ဝိုင်းညာခဲ့ကြတာပေါ့ ဟုတ်လား'

'နားလည်ပေးပါ အန်ကယ်ရာ၊ ဟော… ပြောရင်း၊ ဆိုရင်းကို သူတို့ လာကြပြီ'

စည်သူက ရုံးရှေ့မှာထိုးရပ်လာသော ကားကို တစ်ချက်လှမ်းကြည့်ရင်း ပြော၏။

ကားက မော်နီ၏ကား…

မော်နီကိုယ်တိုင် မောင်းလာသည်။ မော်နီနှင့် ဆောင်းဦးခင်တို့ ကားပေါ်က ဆင်းလာကြ၏။

ဦးခင်မောင်သည် ရုံးထဲသို့ လှမ်းဝင်လာကြသော ဆောင်းဦးခင်ကိုမြင်တော့ ဦးခင်မောင်နှုတ်ဖျားက စကားသံတစ်သံ ထွက်ခဲ့ထွက်သွား၏။

'အဲ… အခုဝင်လာတဲ့ ကောင်မလေးက မင်းရည်းစားပဲလား ငါ သိပြီးသား'

'အမှန်ပါပဲ ခင်ဗျာ'

စည်သူက ထောက်ခံလိုက်ချိန်တွင် နဒီမောင်လည်း အားတုံ့မခံ ပြန်မဖြေရှပ်တိုင် တက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲသလိုပဲ အန်ကယ်ရဲ့၊ အခု ဝင်လာတဲ့ကောင်လေးကမှ ကျွန်မ ရည်းစားရှင်၊ အန်ကယ် သိရဲ့လား'

'ဟိုက်ရော...'

ဦးခင်မောင် သူ့နှုတ်ဖူးသူ လက်ဝါးနှင့်ရိုက်ကာ ပက်လက်လန်သွားသည်။

'ကဲ... အန်ကယ်ရာ၊ ဒီလေးယောက်စလုံးကို ကြိုက်သလို စစ်၊ ကြိုက်သလို မေး၊ ပြီးမှ ကျွန်တော်တို့ တောင်းဆိုတာကို ဆောင်ရွက်ပေး၊ ကျွန်တော်တို့မှာ အချိန်မရလို့ပါ'

'အချိန်မရ ရအောင် မင်းတို့က ဘာလုပ်ဦးမှာမို့လဲ'

'ဒီရုံးကနေ ကွာရှင်းကြ၊ လက်ထပ်ကြ၊ ပြီးရင်၊ လူကြီးတွေရဲ့ လတ်တစ်လော ဆူပူမယ့်အသံတွေကို စတေးရှောင်တဲ့သဘောနဲ့က တစ်ချက်၊ အခုမှ တကယ် မိန်းမရ၊ ယောကျာ်းရကြတဲ့ မင်္ဂလာဦး စုံတွဲတွေပီပီ ဟန်းနီးမွန်းထွက်တဲ့သဘောနဲ့က တစ်ချက်၊ အဲဒီနှစ်ချက်နဲ့ ကျွန်တော်တို့လေးယောက် မြန်မာပြည်အထက်ပိုင်းကို ဘုရားဖူး ခရီး ထွက်တော့မယ်လေ၊ ဟောဟို ရုံးရှေ့က မော်နီရဲ့ကားနဲ့ပဲ သွားကြမှာ'

'အောင်မယ်... ဟုတ်နေတာပဲ၊ မင်းတို့ရဲ့ အရှုပ်ထုပ်ကြီးကို တော့ တရားသူကြီး အကျိုးတော်ဆောင်ဖြစ်တဲ့ ငါ့ခေါင်းပေါ် ပုံချထားခဲ့တော့မယ်ပေါ့၊ ငါ့မှာ မိဘသုံးစုံတွဲရဲ့ အဘက်ဘက်က တိုက်ခိုက် ပြစ်တင်မှုကို တစ်ယောက်တည်း ငုံ့ခံနေရတော့မယ်ပေါ့'

ဦးခင်မောင်၏ ကျိတ်မနိုင်ခဲမရအသံကြောင့် စည်သူတို့ လေးယောက် ပြုံးမိကြလေသည်။

'ဒီလိုလည်း မဟုတ်ပါဘူး အန်ကယ်ရယ်၊ ကျွန်တော်တို့က ကျွန်တော်တို့ ကိစ္စဝိစ္စတွေကို သက်ဆိုင်ရာ ကိုယ့်မိဘတွေကို သူတို့ နားလည်သဘောပေါက်သည့်အထိ ဝန်ချတောင်းပန်ပြီး ရှင်းပြကြမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ပတ်ဝန်းကျင်က အမျှားအမြင်ရှင်းသွားအောင်လည်း ကွာရှင်းတာတွေရော၊ လက်ထပ်ကြတာတွေရောကို သတင်းစာမှာ ပြန်ကြော်ငြာအညွှန်မှာပါ၊ ဒါကြောင့် အဲဒီစာချုပ်တွေ လိုအပ်လို့ အန်ကယ့်ဆီ ပြေးလာကြရတာပါ၊ လောလောဆယ်တော့ နားအေးပါးအေးကျွန်တော်တို့ လေးယောက်စလုံး ဒီရုံးကဲထွက်တာနဲ့ ပြေးတော့မယ်၊ မြန်မာပြည်အထက်ပိုင်းကို…’

ဦးခင်မောင် သက်ပြင်းပူကြီး ဟီးခနဲချသည်။

‘ဟုတ်ပါတယ်… အန်ကယ်ကြီးရဲ့၊ သမီးတို့ နှစ်ယောက်စလုံး အာမခံပါတယ်၊ အခု လက်ထပ်ကြရမှာက တကယ့်အစစ်အမှန်တွေ၊ စိတ်ချ၊ နောက်ကို ကွာရှင်းဖို့လည်း မလာကြတော့ပါဘူး။ လက်ထပ်ကြဖို့လည်း ထပ်မလာကြတော့ဘူး’

နဒီမေရော၊ ဆောင်းဦးခင်ကပါ နှစ်ယောက်သား နံဘေးကညွှပ်ပြီး ပူလေသည်။

‘ဒီတစ်ခါတော့ တကယ်ပါနော်’

ဦးခင်မောင်က မယုံသင်္ကာဖြင့် မေးသည်။

‘တကယ်ပါအန်ကယ်ရဲ့၊ သတင်းစာမှာ အဲဒီကွာရှင်းကြောင်း၊ လက်ထပ်ကြောင်းတွေထည့်ဖို့က နိုင်လုံတဲ့အထောက်အထားအဖြစ် ဒီလက်ထပ်ကြောင်း၊ ကွာရှင်းကြောင်းစာချုပ်တွေ တင်ပြမှ သတင်းဌာနက လက်ခံမှာလေ၊ သိပ်အရေးကြီးလို့ ဝိုင်းပြောနေကြတာပါ၊ နောက်ပိုင်းကိစ္စတွေအားလုံး အန်ကယ် မပါစေရဘူး၊ သမီးတို့ ကိုယ့်ဒါတ်ထုပ်ကိုယ် နိုင်အောင်ရှင်းမယ်၊ ကိုယ့်ချစ်သူတွေနဲ့ ကိုယ်စုံတွဲရအောင် စီစဉ်ခဲ့ကြရတာပဲဆိုတာ လူကြီးတွေ သဘောပေါက်သွားကြပြီးပျင် ကျေနပ် နားလည်သွားကြမှာပါ၊ အခုလောလောဆယ်တော့ ဆောင်ရွက်ပေးပါ အန်ကယ်ကြီးရယ်၊ သမီးတို့ ရှိခိုးတောင်းပန်ရမှာလား’

www.burmeseclassic.com



ကောင်မလေးနှစ်ယောက်က တကယ်ပင် ထိုင်ရှိခိုးတော့ ...
လှုပ်လှုပ်ရှားရှား ဟန်ပြင်သည်။

'ဟဲ့… တော်ကြ… တန်ကြ၊ မလုပ်ပါနဲ့… မလုပ်ပါနဲ့'

စည်သူရာ၊ မင်း တကယ်ရှုပ်တဲ့ကောင်ပဲကွာ၊ အဲလေ… ရှုပ်တာ… တော့ လေးယောက်စလုံးပါပဲ၊ ညီညီညာညာ ရှိလိုက်တာ၊ မင်းတို့… အစစ်ပဲ၊ ကဲ… လာ၊ ရှေ့က… ကွာရှင်းမယ့်နှစ်ယောက်'

စည်သူနှင့် နဒီမေတို့ ဘောပင်ကိုယ်စီ ထုတ်လိုက်ကြသည်။ နောက် ၃ မိနစ်ခန့်အကြာ…

'ကဲ… လာ လက်ထပ်မယ့်နှစ်ယောက်'

ဇော်နီနှင့် နဒီမေတို့ လက်မှတ်ထိုးကြသည်။ နောက် ၃ မိနစ် ခန့်အကြာ…

'ကဲ… လာ၊ နောက်ထပ် လက်ထပ်မယ့်နှစ်ယောက်'

စည်သူနှင့် ဆောင်းဦးခင်တို့ လက်မှတ်ထိုးကြသည်။ နောက် တစ်မိနစ်ခန့်မှာပင် ရုံးခန်းအတွင်းမှ ဦးခင်မောင်၏ သြချသံကြီး ထွက်ပေါ်လာခဲ့လေသည်။

'အောင်မလေးဟဲ့… တရားသူကြီး လုပ်ခဲ့ရတဲ့ သက်တမ်း တစ်လျှောက်မှာ ဒါမျိုး တစ်ကြိမ်ပဲ ကြုံရဖူးတယ်၊ ဟိုလူကြီးစုံစမ်း က မေးလာရင် ငါပဲ ဒိုင်ခံပြီး ဓာတ်စုံရှင်းပြရပေဦးမယ် ထင်တယ် ကံ ကံငယ်စေလို့သာ ကြုံရလေခြင်း ဆိုတဲ့ ဓားပြားပဲ ဖွင့်ပြလိုက်ရ ရှိတော့မယ် ကျေးဇူးရှင်တို့ရေ…၊ အမြန်သာ ကွဲကြပေတော့ကွာ… ဟူး…'

*



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၆)

သတိမထားမိကြသူများကတော့ သိလိုက်ကြမည် မဟုတ်ပါ။

သို့သော်··· သူတဂ္ဂဘာ၏ လက်ထပ်ထိမ်းမြားခြင်းသတင်းတွေ၊ ကွာရှင်းပြတ်စဲသည့် ကြော်ငြာတွေကိုမှ တကူးတက ဖတ်ရန်ဝါသနာရှိသူအပေါင်းကတော့ နောက်တစ်ပတ်လောက်အကြာတွင် သတင်းစာ၌ အတူဖော်ပြပါရှိလာသော ကွာရှင်းပြတ်စဲသည့် သတင်းကြော်ငြာတစ်ခု၊ လက်ထပ်ပြီးစီးသည့် သတင်းကြော်ငြာနှစ်ခုတို့ကို တစ်ပြိုင်တည်း ဖတ်ရှုပြီးနောက် မျက်မှောင်ကြုတ်ကောင်း ကြုတ်သွားကြပေလိမ့်မည်။

ထိုသတင်းသုံးခုစလုံးတွင် ပင်တိုင်ပါဝင်သော 'စည်သူ' နှင့် 'နဒီမေ'ဆိုသောအမည်တွေကိုကြည့်ကာ 'ဘာတုန်းဟ··· ဘယ်လိုတုန်း'ဟု ကိုယ့်ထမင်းကိုယ်စားရင်း ဦးနှောက်စားကုန်ကြပေလိမ့်မည်။

သို့သော် ထိုသတင်းများကို ဖတ်ရင်း ကြည်နူးပျော်ရွှင်နေကြသူလေးယောက်ကတော့ မြန်မာပြည်အထက်ပိုင်း၏ မြို့လေးတောင်ထက်တွင် ရောက်ရှိနေကြပါသည်။ လိပ်ဥတူးခဲ့ကြပြီးနောက် ယခုအခါ ဘုရားဖူးနေကြပြီဖြစ်သော ထိုလေးယောက်မှာ စည်သူတို့ဖြစ်ကြောင်းကိုတော့ မပြောဘဲ သိနိုင်ကြပေလိမ့်မည်သာ···။

*ဆက်လက်ကြိုးစားပါဦးမည်---*

*အစဉ်လေးစားလျက်---*

www.burmeseclassic.com